ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (21-6-2015) (၈၂၃၈)

**အေးစေ မြစေ မေတ္တာရေ**

- ❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- ❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❁ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- ❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုမမုန်း၊
- ❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# မြန်မာဆိုသည့် အနိုင်မခံ အရှုံးမပေးဘဲ ယှဉ်ပြိုင်မှုစိတ်ဓာတ် အရှိန်အဟုန်ကိုထိန်းသိမ်း မြန်မာ့အားကစားကို ဒေသတွင်းသာမက နိုင်ငံတကာအလယ်တွင် နေရာရရှိစေရန်ကြိုးပမ်း


နေပြည်တော် ဇွန် ၂၀

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သမားရိုးကျခြင်လုံဇကာ ၏ အားနည်းချက် အားလုံး ကို ဖြည့်စွက် ပေး နိုင် သော
Roll-Up
ရိုလာ (ROLLER) ခြင်လုံဇကာ

အပေါ်အောက် ဖွင့်ပိတ်ပုံစံ

ဘေးတိုက် ဖွင့်ပိတ်ပုံစံ
Roll-Up
ခေတ်မီ၊ သေသပ်၊ ခိုင်ခံ့သည်၊
ခြင်ဇကာကို ဘောင်ထဲလိပ်သိမ်းထားသော ကြောင့် နေရာယူ သက်သာသည်၊
ခြင်ဇကာကို ဘောင်ထဲသို့ ညင်သာ စွာ လိပ်သိမ်း နိုင်ရန် အရှိန်လျှော့ ကိရိယာ (speed reducer) တပ်ဆင် အသုံးပြု နိုင်သည်၊
ဘုန်းကြီးကျောင်း၊ ဆေးရုံ နှင့် စာသင်ကျောင်း အစရှိသည်တို့တွင် လှူဒါန်းလိုပါက အထူးနှုန်း ရှိပါသည်
Yangon : 09-25 991 8812 , 09-25 991 8813 Mandalay : 09-25 003 9366
Show Room 1 : အမှတ် N 8 / အခန်း (၀၀၁)၊ လေးဒေါင့်ကန် လမ်းမကြီး၊ တာမွေလေး ရပ်ကွက်၊ (Super One & ILBC အနီး)၊ တာမွေမြို့နယ်၊ Show Room 2 : အမှတ် E- 21 ၊ သီရိရတနာ လက္ကားဈေး ၊ သုခမ္မာလမ်း၊ မြောက်ဥက္ကလာ၊ (အောင်မင်္ဂလာ အဝေးပြေးအနီး)

ကြေးမုံ စာတည်းရှေ့ထောင့် ၂၁-၆-၂၀၁၅၊ တနင်္ဂနွေနေ့

# ရင်းနှီးမြှုပ်နှံမှုမြင့်မားမှုစီးပွားတိုးတက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန်မှာ နိုင်ငံ့စီးပွားရေး ကောင်းမွန်ခြင်းသည် အဓိကအချက်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးတိုးတက်ကောင်းမွန်ခြင်းတွင် သွင်းကုန်ထက်ပို့ကုန်မြင့်မားတိုးတက်ရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် နိုင်ငံ၌ ပို့ကုန်ထက် သွင်းကုန်မြင့်မားနေသေးသည်။ ပြည်သူတို့၏ လိုအပ်ချက်အများစုကို ပြည်ပမှတင်သွင်းနေရသည်။

ပြည်ပမှ ကုန်ပစ္စည်းများ ပိုမိုတင်သွင်းနေရသောအချိန်တွင် နိုင်ငံခြားငွေကြေးမြင့်မားနေခြင်းသည် ပြည်တွင်းစီးပွားရေးကို ထိခိုက်စေသည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် ခေတ်မီတိုးတက်သော ကုန်ပစ္စည်းများကို အားထားနေရသည်။ ထိုကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးတက်ဖော်ဆောင်ရသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲဖော်ဆောင်နိုင်မှုကြောင့် ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဝင်ရောက်နေသည်။ မျက်မှောက်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ အထိ ဝင်ရောက်ဖွယ်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေးမှ သိရသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော ကဏ္ဍများကိုကြည့်မည်ဆိုလျှင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပါဝင်ကြောင်းသိရသည်။

တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းများကို အဓိကကိုင်တွယ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများထုတ်ပြန်၍ ပို့ကုန် ၁၅၂မျိုးနှင့် သွင်းကုန် ၁၆၆ မျိုးအား ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိပြီး လယ်ယာထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနှင့် အခြားကုန်ပစ္စည်းများ တင်ပို့လျက်ရှိကြောင်း သိရသည်။

လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်းများတင်သွင်းခွင့်ပြုပြီးနောက် အကောက်ခွန်လုပ်ငန်းဆိုင်ရာသာကျန်ရှိပြီး ကုန်သွယ်မှုတွင် အတတ်နိုင်ဆုံး ဖြေလျှော့ပေးနေသည်ကို တွေ့ရသည်။ ကုန်သွယ်မှုမြှင့်တင်ရာတွင် တစ်နေရာတည်း၌ ကုန်သွယ်မှုဌာနရှိရန်လည်း လိုအပ်လာသည်။ ခိုင်မာသော ပို့ကုန်သွင်းကုန်ဘဏ်များလည်း တည်ထောင်ဖွင့်လှစ်ပေးရန် လိုအပ်သည်။ အာဆီယံနိုင်ငံများတွင် ပို့ကုန်သွင်းကုန်ဘဏ်များတည်ထောင်ထားပြီးပြည်တွင်းမှ ပို့ကုန်သွင်းကုန် လုပ်ကိုင်သူများအတွက် ပံ့ပိုးပေးလျက်ရှိသည်။

ပြည်သူအများစုအသုံးပြုသော ထင်ရှားသည့်သွင်းကုန်များကို ပြည်တွင်း၌ပင်ထုတ်လုပ်နိုင်အောင် ရင်းနှီးမြှုပ်နှံနိုင်ခြင်းသည် သွင်းကုန်အစားထိုးနိုင်သဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအားထားရာ ဖြစ်သည်။ ပင်မထုတ်လုပ်သော နိုင်ငံကြီးများမှ ကုန်ပစ္စည်းများကို နိုင်ငံ အတွင်း စက်ရုံကြီးများတည်ဆောက်ပြီး ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ပင်တစ်ဆင့်ခံတင်ပို့နေသဖြင့် ထိုနိုင်ငံအနေဖြင့် တစ်စတစ်စ စီးပွားရေး တိုးတက်ကောင်းမွန်လာသည်။

မြန်မာနိုင်ငံတွင်လည်း ဤသို့သောအနေအထားမျိုးရောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းမှ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လာ၍ မိမိတို့အရည်အသွေးများ တိုးတက်ကောင်းမွန်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ ထို့အပြင် လုပ်ခလစာများကိုပါ မြှင့်တင်ပေးခြင်းဖြင့် ပြည်ပသို့လူသားအရင်းအမြစ်များ စီးဆင်းမှုကိုလျှော့ချပေးနိုင်သည့်အပြင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လွတ်လပ်ပွင့်လင်းစွာဖြင့် ဖြေလျှော့မှုများဆောင်ရွက်ပေးနေချိန်တွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားလာမည်ဟု ယုံကြည်ပါသည်။ ။

## သင်တန်းဖွင့်လှစ်နိုင်ရေးဆိုင်ရာ သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် British Council တို့ ပူးပေါင်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် English for Education College Trainers သင်တန်းကို ၂၀၁၅ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက အမှာစကားပြောကြားရာ၌ British Council နှင့်ယခုရေးထိုးသည့် သဘောတူညီမှုစာချွန်လွှာအရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အင်္ဂလိပ်စာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ သင်ကြားမှုစွမ်းရည်၊ အင်္ဂလိပ်စာတတ်မြောက်မှု အဆင့်မြင့်မားလာစေရန်နှင့်သင်ကြားမှုနည်းစနစ်များ တိုးတက်လာစေပြီး နယ်စပ်ဒေသအသီးသီးမှ တက်ရောက်လာသည့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများအား ကျွမ်းကျင်တတ်မြောက်သော သင်ကြားနည်းစနစ်များဖြင့်သင်ကြားပို့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ အနေဖြင့်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များဖြင့် ၎င်းတို့ဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ဆင့်ကမ်းဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် British Council မှ ဌာနေကိုယ်စားလှယ် Mr. Kevin Mackenzie က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေးနှင့်သင်ကြားရေးနည်းစနစ်များ တိုးတက်စေရေးအတွက် ကူညီသင်ကြားပေးမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားရန် ကူညီဖော်ဆောင်ရင်း ရှေ့ဆက်မည့်လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် British Council မှ ဌာနေကိုယ်စားလှယ် Mr. Kevin Mackenzie တို့က သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**(ကြေးမုံ)**

## မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တတိလောကပျံလွန်တော်မူ

**နေပြည်တော် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တတိလောက (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀)ဝါရှိဆရာတော်ကြီးသည် ၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်(၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက်)သောကြာနေ့ နံနက် ၀၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ယာယီတစ်နှစ် ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်း (၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ကျင်းပသည့် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅)၏ ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၀ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ယာယီတစ်နှစ်အတွက် ထုတ်ပေးခဲ့သည်။

ယခုထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးပြီးသည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NGO အဖွဲ့အစည်း ၂၂ ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၇ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၂၀၊ ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၁၀၇ ဖွဲ့၊ အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း တစ်ဖွဲ့စုစုပေါင်းအဖွဲ့အစည်း ၂၃၄ ဖွဲ့ဖြစ်သည်။ ယာယီတစ်နှစ်လုပ်ကိုင်ရန် ထပ်မံလိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းများမှာ NGO အဖွဲ့အစည်း တစ်ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်း တစ်ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ခုနစ်ဖွဲ့၊ အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း တစ်ဖွဲ့ စုစုပေါင်း အဖွဲ့အစည်း ၁၀ ဖွဲ့ဖြစ်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊အခြေခံလူတန်းစားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်း ရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများသို့ နှံ့စပ်စွာဆောင်ရွက်နိုင်မှုများကို စံနှုန်းများအဖြစ် သတ်မှတ်လျက် ရွေးချယ်ရေးမူများဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသောအဖွဲ့အစည်းများသည် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများနှင့် လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## စက်ဘီးစီးရင်းအလှူပြုမည့်ခရီး စတုတ္ထအကြိမ်အဖြစ်စီစဉ်ထား

**ရန်ကုန် ဇွန် ၂၀**

စက်ဘီးစီးနင်းရင်း လှူဒါန်းမှုများပြုလုပ်မည့် ကုသိုလ်ပြုခရီးစဉ်တစ်ခုကို လာမည့် ဇွန် ၂၁ရက်တွင် စီစဉ်ထားကြောင်း မြန်မာနိုင်ငံစက်ဘီးစီးဝါသနာရှင်များကွန်ရက်(BNM) မှသိရသည်။

အဆိုပါခရီးစဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီး-မင်းကုန်းလမ်း စာဘူးတောင်းကျေးရွာရှိ တော်ဝင်လူငယ်ပရဟိတ မိဘမဲ့ဂေဟာသို့ စက်ဘီးဖြင့်စီးနင်း၍သွားရောက် လှူဒါန်းမှုများကိုပြုလုပ်ရန် စီစဉ်ထားခြင်း ဖြစ်သည်။ "လိုက်ပါစီးနင်းဖို့ ဖိတ်ခေါ်ထားပါတယ်၊ အဲဒီနေ့ နံနက် ၆ နာရီမှာ ရွှေခရားဆိုင်ကနေ သွားရောက်ကြမှာ ဖြစ်ပါတယ်" ဟု ယင်းကွန်ရက်မှ ဦးညီကပြောသည်။

ထိုခရီးစဉ်သည် ၃၄ကီလိုမီတာဝေးကွာမည့် ခရီးလည်းဖြစ်သလို စက်ဘီးစီးဝါသနာရှင်တိုင်း လိုက်ပါစီးနင်းနိုင်ရန် ဖိတ်ခေါ်ထားရှိပြီး တိုက်တိုက်ဆိုင်ဆိုင်ပင် အဖေများနေ့(Father Day) အဖြစ်ကျရောက်ခြင်းဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ စုပေါင်း၍စက်ဘီးစီးနင်းကြကာ ကုသိုလ်ပြုသော ခရီးစဉ်သည် ယခုစတုတ္ထအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် လှည်းကူးမြို့နယ် ဘားလားကျေးရွာသို့ ရေဘေးကူညီမှုခရီးစဉ်၊ ဒုတိယအကြိမ်အဖြစ် ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဘလုတ်ညွှန့်ရပ်ကွက်သို့ မီးဘေးကူညီမှုခရီးစဉ်၊ တတိယအကြိမ်အဖြစ် ကွမ်းခြံကုန်းမြို့နယ် ထီပါကျေးရွာအုပ်စု ညောင်ဝိုင်းသံကြိုးကျေးရွာရှိ မူလတန်းကျောင်းသို့ စုပေါင်းအားဖြင့်သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။ ယခုသွားရောက်မည့် မိဘမဲ့ဂေဟာတွင် မိဘမဲ့ကလေးအရွယ်စုံ ၅၂ဦးရှိပြီး ယင်းအနက် ၄၈ဦးမှာ ကျောင်းတက်၍ ပညာသင်ယူနေကြပြီး တက္ကသိုလ်တက်ရောက်နေသူ နှစ်ဦးရှိကြောင်းသိရသည်။ ဇွန် ၅ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ခုပ်ကုန်းကမ်းခြေဘက်သို့ World Environment Day အဖြစ် ခရီးဝေးအစီအစဉ်အရ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြပြီး ရန်ကုန်မှ ၉၇ဦး၊ မအူပင်မှတစ်ဦး၊ ဖျာပုံမှ ခုနစ်ဦး၊ သန်လျင်မှ သုံးဦး စသည့် စက်ဘီးစီးဝါသနာရှင်များ ပါဝင်စီးနင်းခဲ့ကြောင်းသိရသည်။ **(၆၈၀)**




ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
ဆရာ ဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468
09517184

ကျော်
ဒုရဲအုပ်ဝင်ခွင့် (အမျိုးသား/သမီး)
လေယာဉ်မောင်/မယ်ဝင်ခွင့်
P.S.C ရာထူးဝင်ခွင့်
Ph:09421042332,09420005131

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ

မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ

အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ

မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

## မဲရုံ ၄၄၀ ခန့်ရှိသော မုံရွာခရိုင်အတွင်း လုံခြုံရေးဆောင်ရွက်ရန် စိတ်ဝင်စားသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို အထူးရဲတပ်ဖွဲ့ဝင်အဖြစ်ခန့်အပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်

**မုံရွာ ဇွန် ၂၀**

လာမည့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးသည့်ကာလတစ်လျှောက်တွင် မဲရုံပေါင်း ၄၄၀ ခန့်ရှိမည့် မုံရွာခရိုင်အတွင်းလုံခြုံမှုအထူးရှိစေရန်အတွက် မဲရုံနှင့် မဲပေးကာလတစ်လျှောက် လုံခြုံရေးပညာများသင်တန်းပေးခြင်းနှင့် ဆင့်ပွားသင်တန်းပေးခြင်းများကို မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးချင်းစိန် ဦးဆောင်၍ မဲရုံ ၄၄၀ အတွက် မဲရုံတစ်ရုံတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦးနှုန်း ထားရှိထမ်းဆောင်နိုင်ရေးကို ဇွန်လဒုတိယပတ်နှောင်းပိုင်းမှစတင်၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂၀ ရက်အထိ မုံရွာခရိုင်အတွင်းမုံရွာမြို့နယ်တွင် မဲရုံ ၁၅၈ ရုံ၊ ချောင်းဦးမြို့နယ်တွင် မဲရုံ ၇၁ ရုံ၊ ဘုတလင်မြို့နယ်တွင် မဲရုံ ၈၅ ရုံနှင့် အရာတော်မြို့နယ်တွင် မဲရုံ ၁၂၈ ရုံရှိကြောင်း မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းများအရ သိရသည်။ မုံရွာခရိုင် မြို့နယ်လေးမြို့နယ်ရှိ မဲရုံ ၄၄၀ ခန့်၏လုံခြုံမှုအထူး ရှိရေးအတွက် လက်ရှိရဲတပ်ဖွဲ့ဝင် အင်အားကို ပံ့ပိုးနိုင်ရန်နှင့် ရဲတပ်ဖွဲ့ဝင်အင်အားတိုးတက်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲကာလအတွက် အထူးရဲတပ်ဖွဲ့ဝင်များကို စိတ်ဝင်စားသည့်အပေါ်မူတည်၍ သုံးလခန့်ထားမည်ဖြစ်ကြောင်း သိရသည်။ အထူးရဲတပ်ဖွဲ့ဝင်ကို ရွေးကောက်ပွဲကာလ သုံးလတာ လစာကျပ် တစ်သိန်းနှစ်သောင်းဖြင့် အသက် ၁၈ နှစ်မှ ၆၀ နှစ်ကြား ကျန်းမာသန်စွမ်းသည့် မီးသတ်တပ်ဖွဲ့ဝင်များထဲမှ ယာယီခန့်ထားမည်ဟုဆိုသော်လည်းစိတ်ဝင်စား၍ရဲတပ်ဖွဲ့သို့ ဝင်လိုသူများရှိပါက သတ်မှတ်ထားသည်များနှင့် အညီ တရားဝင်တပ်ဖွဲ့ဝင်ဖြစ်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးချင်းစိန်ထံမှ သိရသည်။

ရွေးကောက်ပွဲကာလအတွင်း နေ့စဉ်ဖြစ်ပျက်နေသော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိစေရန်အတွက် လုံခြုံရေးသတင်းအချက်အလက်များ အရေးအကြီးဆုံးကာလဖြစ်သည့် မဲရွေးကာလတွင် ရရှိထွက်ပေါ်လာသော မဲအရေအတွက် အခြေအနေများကို ချက်ချင်းတင်ပြနိုင်ရန် မဲကွပ်ကဲရေးရုံးကို မုံရွာခရိုင်ရုံးတွင် ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မုံရွာခရိုင်မြို့နယ် လေးမြို့နယ်ရှိ မဲရုံ ၄၄၀ ခန့်တွင် လက်ရှိအချိန်အထိ ပါတီငါးပါတီမှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်ပြီး ယခုအခါအကြိုမဲဆန္ဒရှင်စာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ကြေညာလျက်ရှိရာ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်အတူ အုပ်ချုပ်ရေးမှူး၊ ပြန်ဆက်ဦးစီးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## တတိယအကြိမ်မြောက် မြန်မာ့ဂီတနေ့အား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့အားကြိုဆိုဂုဏ်ပြုပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(၂)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယအုပ်ချုပ်ရေးမှူး ဦးအေးခိုင်ကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဂီတအစည်းအရုံးအတွင်းရေးမှူး ဦးမြတ်သန်းစံက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဝဏ်လွှာကိုဖတ်ကြားခဲ့ပြီး မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအောင်ကိန်းက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် သမီးလေးချစ်သုသုဟန်က ဗိုလ်ရှုသဘင်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီးနောက် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းသိရသည်။ **(သော်ဇင်ထက်)**

## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစား ဝန်ကြီးဌာနတို့က ဦးဆောင်ပြီး အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလူထု လမ်းလျှောက်ပွဲကို ဇွန် ၂၀ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ကျိုက္ကဆံအားကစားကွင်း အမှတ်(၆)ဂိတ်မှ အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် ပြည်သူလူထုများ စုစုပေါင်းအင်အား ၂၂၀၀ ကျော်တက်ရောက်၍ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။



ရှေးဦးစွာ အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်းက အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ပြီး အမှတ်(၆)ဂိတ် တောင်မြင်းပြိုင်ကွင်းမှ အနောက်မြင်းပြိုင်ကွင်းလမ်းမအတိုင်း လျှောက်၍ အမှတ်(၉)ဂိတ်မှ ပြန်လည်ဝင်ရောက်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန(ရုံးချုပ်)ရန်ကုန် ကျိုက္ကဆံအားကစားကွင်းရှေ့တွင် ပန်းဝင်လာရာ အလှူရှင်များက 100 Plus အချိုရည်နှင့် ရေသန့်ဘူးများကို အမောပြေတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဂျပန်အစိုးရက ပံ့ပိုး

**ရန်ကုန် ဇွန် ၂၀**

ဂျပန်အစိုးရအနေဖြင့် ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်ရှိ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေလူတန်းစားများ ဖူလုံရေးဆိုင်ရာ ကူညီပံ့ပိုးမှု စီမံကိန်း(GGP)မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၇၈၀၈၈ ဒေါ်လာကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးမှုအဖြစ် ဒေါ်လာ ၁၁၄၅၄၈ ဒေါ်လာ၊ ကျောက်ကြီးမြို့နယ် မေတ္တာရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ဒေါ်လာ ၁၂၁၈၅၄ ဒေါ်လာ၊ ရွှေကျင်မြို့နယ် မဒေါက်ကလေး အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ဒေါ်လာ ၁၂၁၉၃၇ ဒေါ်လာ၊ ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်အတွက် ဒေါ်လာ ၁၁၉၇၄၉ ဒေါ်လာတို့ကို ပေးအပ်ခဲ့သည်။

ဆောက်လုပ်ပြီး ကျောင်းဆောင်များလွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်ရှိ အဆိုပါနေရာဒေသအသီးသီး၌ ဇွန် ၄ ရက်နှင့် ၅ ရက်တို့က ကျင်းပခဲ့ရာ ဂျပန်သံရုံးမှ တတိယအတွင်းဝန် မစ္စတာကိုတာဝါ တနာဘေ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရွှေကျင်မြို့နယ် မေတ္တာရပ်ကွက်ရှိ ကျောင်းဆောင်မှာ ဟောင်းနွမ်းခြင်းနှင့် ကျောင်းသားအဆမတန်များပြားခြင်းကြောင့် စာသင်ခန်းရှစ်ခန်းပါ ကွန်ကရစ်အားဖြည့်နှစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ပြီး မဒေါက်ကလေးရှိ ကျောင်းဆောင်ကိုလည်း စာသင်ခန်းငါးခန်းပါ ကွန်ကရစ်အားဖြည့်တစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ကြောင်း၊ ထို့အတူ ပွဲကုန်းရပ်ကွက်ရှိ ကျောင်းဆောင်ကိုလည်း စာသင်ခန်းရှစ်ခန်းပါ ကွန်ကရစ်အားဖြည့် နှစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျပန်အစိုးရသည် ကျောက်ကြီးမြို့နယ်ဆေးရုံနှင့် နတ်သံကွင်းတိုက်နယ်ဆေးရုံတစ်ခုချင်းအလိုက် လိုအပ်သောဆေးပစ္စည်းကိရိယာ ၁၉ မျိုးအတွက် ငွေကြေးများ ထောက်ပံ့ပေးခဲ့သည်။ **(ဝရဇိန်)**

# ဟွန်ဒူရပ်စ်နိုင်ငံသမ္မတ ရာထူးမှနုတ်ထွက်ပေးရန် မြို့တော် တယ်ဂူစီဂါပါ၌ ဆန္ဒပြတောင်းဆို




**တယ်ဂူစီဂါပါ ဇွန် ၂၀**

ဟွန်ဒူရပ်စ်နိုင်ငံ မြို့တော် တယ်ဂူစီဂါပါ၌ သမ္မတရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုမှုမှာ ရက်သတ္တလေးပတ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒေါသထွက်နေကြသော ဆန္ဒပြသူ လူထောင်ပေါင်းများစွာသည် ဇွန် ၁၉ ရက်က မြို့တော်တွင် စုဝေးချီတက်ခဲ့ကြပြီး သမ္မတ ယွန်အော်လန်ဒိုဟာနန်ဒက်ဇ် ရာထူးမှ နုတ်ထွက်ပေးရန် ဟစ်ကြွေး တောင်းဆိုခဲ့ကြသည်။ သမ္မတ ဟာနန်ဒက်ဇ်သည် အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့် ရင်ဆိုင်နေရသည်။

ဆန္ဒပြသူများသည် မြို့တော်၏ လမ်းများပေါ်သို့ စုဝေးရောက်ရှိလာခဲ့ကြပြီး အင်အား ၃၀၀၀၀ ခန့်အထိ လူစုလူဝေးဖြစ်ပေါ်ခဲ့ကာ အစိုးရ ရှေ့နေချုပ်ရုံးသို့ဦးတည်ကာ ချီတက်ခဲ့ကြသည်။

သမ္မတ ဟာနန်ဒက်ဇ်သည် နိုင်ငံရေး မဲဆွယ်စည်းရုံးရေးအတွက် ပြည်သူပိုင် ကျန်းမာရေးရန်ပုံငွေမှ ဒေါ်လာသန်း ၉၀ ခန့်ကို လက်ခံရယူခဲ့သည်ဟု အတိုက်အခံလှုပ်ရှားသူများက စွပ်စွဲကြသည်။

**ဆင်ဟွာ။**

❏

# မြေငလျင်လှုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံတိုင်းရင်းသားတို့ ယဇ်ပူဇော်

**ကွာလာလမ်ပူ ဇွန် ၂၀**

မလေးရှားနိုင်ငံ၌ မြေငလျင်လှုပ်မှုကြောင့် တောင်တက်သမား ၁၈ ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဘာသာရေးအရ အထွတ်အမြတ်ထားသော ကင်နာဘာလူတောင်တွင် ဒေသခံများက ယဇ်ပူဇော်ပွဲ ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆာဘားပြည်နယ်ရှိ ပေ ၁၃၄၀၀ အမြင့်ရှိ ကင်နာဘာလူတောင်တည်ရှိရာဒေသ၌ ဇွန် ၅ ရက်က အင်အား ၅ ဒသမ ၉ ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၈ ဦး သေဆုံးခဲ့ရပြီး လူရာပေါင်းများစွာ တောင်ပေါ်တွင် ပိတ်မိနေခဲ့ရကြောင်း မလေးရှားစတားသတင်းစာက ရေးသားဖော်ပြသည်။

တောင်တက်သမားများ ခရီးစဉ်အစပြုရာ တောင်ခြေစခန်းအနီးရှိ ကင်နာဘာလူဥယျာဉ်တွင် ယဇ်ပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာတွင် နတ်ဆရာတစ်ဦးက ကျွဲတစ်ကောင်ကိုသတ်ဖြတ်ကာ တောစောင့်နတ်၊ တောင်စောင့်နတ်များအား ပူဇော်ပသခဲ့သည်။ အဆိုပါ အခမ်းအနားကို ကင်နာဘာလူတောင်၏ နာယကများအဖွဲ့က စီစဉ်ကျင်းပခဲ့သည်။

တောင်ပေါ်၌ မြေငလျင်လှုပ်ခဲ့ခြင်းသည် နိုင်ငံခြားသား တောင်တက်သမားများက တောင်ပေါ်၌ မဖွယ်မရာပြုလုပ်ခဲ့ခြင်းအပေါ် တောင်စောင့်နတ်က စိတ်ကွက်ခဲ့ခြင်းကြောင့် ဖြစ်ရသည်ဟု ဒေသခံတိုင်းရင်းသားများက ယုံကြည်ယူဆကြပြီး နတ်ဒေဝါများ စိတ်ကျေနပ်စေရန် ယဇ်ပူဇော်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

**ရိုက်တာ။**

# ဟာဝိုင်ယီက တရားဝင်ဆေးလိပ်သောက်သုံးခွင့် အသက် (၂၁) နှစ်အရွယ်အထိ တိုးမြှင့်

**ဟိုနိုလူလူ ဇန်နဝါရီ ၂၀**

ဟာဝိုင်ယီပြည်နယ် အုပ်ချုပ်ရေးမှူးက နိုင်ငံတစ်ဝန်းတွင် တရားဝင်ဆေးလိပ်သောက်သုံးခွင့်ရှိသည့် အသက်ကန့်သတ်ချက်ကို (၂၁)နှစ်အရွယ်မှစပြီး တိုးမြှင့်သတ်မှတ်လိုက်သည့် ဥပဒေကြမ်းကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဟာဝိုင်ယီပြည်နယ်သည် ပထမဦးဆုံးသော ဆေးလိပ်သောက်သုံးခွင့်ပြုသည့်အသက်အရွယ်ကို တိုးမြှင့်သတ်မှတ်လိုက်သည့် ပြည်နယ်ဖြစ်လာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါဥပဒေကြမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး အသက် (၂၁)နှစ်အောက်အရွယ် လူငယ်များအား အီးစီးကရက်များရောင်းဝယ်မှုပြုခြင်း (သို့မဟုတ်) သုံးစွဲမှုပြုခြင်းတို့ကိုလည်း တားမြစ်မည်ဖြစ်သည်။

ဆေးလိပ်သုံးစွဲမှု အပြည့်အဝထိန်းချုပ်ရေးကြိုးပမ်းချက် တစ်စိတ်တစ်ပိုင်းအဖြစ် တရားဝင်ဆေးလိပ်သောက်သုံးခွင့်ရှိသည့် အသက်အား တိုးမြှင့်လိုက်ခြင်းသည် လူငယ်များအကြား ဆေးလိပ်သုံးစွဲမှုကို လျှော့ချစေနိုင်ပြီး ဆေးလိပ်ကင်းစင်ပတ်ဝန်းကျင်တွင် ကြီးပြင်းလာမည့် ကလေးငယ်များ၏ လူနေမှုဘဝလည်း မြင့်မားလာနိုင်မည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဒေးဗစ်အိုက်က ပြောကြားသည်။

၎င်းသည် ပန်းခြံများနှင့် ကမ်းခြေများတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် အီးစီးကရက်များ အသုံးပြုခြင်း တားမြစ်သည့် ဥပဒေကြမ်းတစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်နိုင်ငံရှိ ပြည်နယ်အများစုတွင် တရားဝင်ဆေးလိပ်သောက်သုံးခွင့်ရှိသည့်အသက်ကို (၁၈)နှစ်အဖြစ် သတ်မှတ်ထားပြီး ပြည်နယ်အနည်းစုတွင်သာ အသက်(၁၉)နှစ် သတ်မှတ်ထားကြောင်း သိရသည်။ ဟာဝိုင်ယီတွင် အကြမ်းအားဖြင့် ဆေးလိပ်သောက်သုံးသူ ၁၀ ဦးလျှင် ကိုးဦးမှာ အသက် (၂၁)နှစ်မပြည့်မီကတည်းက ဆေးလိပ်ကို စတင်သောက်သုံးကြကြောင်း သိရသည်။

ဟာဝိုင်ယီပြည်နယ်တွင် ဆေးလိပ်သောက်သုံးမှုကြောင့် နှစ်စဉ်လူပေါင်း ၁၄၀၀ သေဆုံးလျက်ရှိပြီး ဆေးကုသမှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၂၆ သန်းရှိကြောင်း ကလေးများဆေးလိပ်ကင်းစင်ရေး လှုံ့ဆော်ရေးအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

◆




# မူးယစ်ဆေးဝါးမှောင်ခိုကူးမှု သံသယရှိသူလေးဦးအား ကမ္ဘောဒီးယားရဲတပ်ဖွဲ့ ဖမ်းဆီး

**ဖနွမ်းပင် ဇွန် ၂၀**

ကမ္ဘောဒီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာ သုံးသန်းထိ တန်ကြေးရှိနိုင်သည့် မူးယစ်ဆေးဝါး ၅၅ ကီလိုဂရမ်နီးပါး မှောင်ခိုကူးမှုဖြင့် သံသယရှိသူလေးဦးအား အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက ယနေ့ပြောကြားသည်။

အမျိုးသားရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မော့ခ်ချီတိုက ရဲတပ်ဖွဲ့သည် သုံးလကြာ စုံစမ်းစစ်ဆေးပြီးနောက် ပြီးခဲ့သည့် ဇွန် ၁၆ ရက်က ဖနွမ်းပင်မြို့တော်နှင့် လာအိုနိုင်ငံနယ်စပ်ဖြစ်သည့် စတန်ထရန်ပြည်နယ်တို့တွင် သံသယရှိသူလေးဦးအား ဖမ်းဆီးခဲ့ကြောင်း ပြောကြားသည်။ ဖမ်းမိခဲ့သော မူးယစ်ဆေးဝါးများတွင် ပုံဆောင်ခဲမီသာဖက်တမင်း ၃၈ ဒသမ ၁၇ ကီလိုဂရမ်၊ မီသာဖက်တမင်းဆေးပြား ၁၆ ကီလိုဂရမ်နှင့် ဘိန်းဖြူ ၃၄၅ ဂရမ်အပြင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ကိရိယာအချို့လည်း ပါဝင်ကြောင်း သူက ဆိုသည်။

“ဒီမူးယစ်ဆေးဝါးဖမ်းဆီးမှုဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ကြီးကြီးမားမား မူးယစ်ဆေးဝါးနှိမ်နင်းမှုတွေထဲက တစ်ခုဖြစ်ပါတယ်”ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အဆိုပါအုပ်စုက ရွှေတြိဂံနယ်မြေနှင့် လာအိုနိုင်ငံမှ မူးယစ်ဆေးဝါးများကို ကမ္ဘောဒီးယားနိုင်ငံသို့ မှောင်ခိုကူးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် မူးယစ်ဆေးဝါးအချို့ကို ကမ္ဘောဒီးယားနိုင်ငံတွင် ရောင်းချပြီး ကျန်ရှိသည့်မူးယစ်ဆေးဝါးများကို တရုတ်တိုင်ပေသို့ တင်ပို့ရန် စီစဉ်ခဲ့သည်ဟု သံသယရှိသူများက ဖြောင့်ချက်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ဥပဒေအရ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သေဒဏ်ပြစ်ဒဏ်မရှိပေ။ လူတစ်ဦးသည် မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် မှောင်ခိုကူးလျှင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရမည်ဖြစ်သည်။

**ဆင်ဟွာ။**



# ဘယ်လ်ဂျီယံရှိ ရုရှားပိုင်ဆိုင်မှုများ သိမ်းယူခြင်း ကန့်ကွက်ခံရ

**မော်စကို ဇွန် ၂၀**

ဘယ်လ်ဂျီယံနိုင်ငံ၌ ရုရှားပိုင်ဆိုင်သော ခနဥစ္စာများကို သိမ်းယူခဲ့ခြင်းအတွက် မော်စကိုက ဘယ်လ်ဂျီယံ သံအမတ်ကြီးကို ခေါ်ယူကန့်ကွက်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ယခုအခါ ပြိုကွဲသွားခဲ့ပြီဖြစ်သည့် ယူကို့(စ်)ရေနံကုမ္ပဏီအမှုနှင့် ပတ်သက်၍ တရားရုံး၏ ဆုံးဖြတ်ချက်အရ ယင်းသို့ သိမ်းယူခြင်း ဖြစ်သည်။

အဆိုပါဆောင်ရွက်ချက်သည် ပြောင်ပြောင်တင်းတင်းရန်လိုသည့် အပြုအမူဖြစ်ပြီး နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု သံအမတ်ကြီးကို ပြောကြားခဲ့သည်။

ယူကို့(စ်)ကုမ္ပဏီပြိုကွဲသွားပြီးနောက် ယူကို့(စ်)ရှယ်ယာပိုင်ရှင်များအား လျော်ကြေးငွေအဖြစ် ဒေါ်လာ ၅၀ ဘီလီယံပေးရန် နိုင်ငံတကာ တရားရုံးက ရုရှားနိုင်ငံကို ယမန်နှစ်က တောင်းဆိုခဲ့သည်။

ရုရှားအစိုးရပိုင်ကုမ္ပဏီက ယူကို့(စ်)ကို လွှဲပြောင်းရယူခဲ့သည်။

ရုရှားအစိုးရ တာဝန်ရှိသူများသည် ယူကို့(စ်) ရေနံကုမ္ပဏီ ဒေဝါလီခံစေရန် ဥပဒေကို ကျင်လည်စွာ ကိုင်တွယ်ခဲ့ပြီး ကုမ္ပဏီ၏အကြီးအကဲ မစ်ခေးလ်ခိုဒိုကိုဗက်(စ်)စကီးကို ထောင်ချခဲ့သည်ဟု သည်ဟိတ်မြို့ရှိ နိုင်ငံတကာ ခုံသမာဓိတရားရုံးက ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပြောခဲ့သည်။

ရုရှားနိုင်ငံသည် ၎င်းတရားရုံး၏ အမိန့်ကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယင်းသို့ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းကို ပြန်လည်တုံ့ပြန်ရာ၌ ရုရှားသည် ၎င်း၏ အကျိုးစီးပွားများကို ဥပဒေကြောင်းအရ ကာကွယ်သွားမည်ဟု ယင်းက ပြောသည်။

ပြင်သစ်အစိုးရကလည်း ဘဏ်ပေါင်း ၄၀ နီးပါးတွင် ဖွင့်ထားသည့် ရုရှားဘဏ်စာရင်းများကို အဆောက်အအုံ ရှစ်လုံး သို့မဟုတ် ကိုးလုံးနှင့်အတူ ထိန်းသိမ်းလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုရှိ ရုရှားအစိုးရပိုင် ခနဥစ္စာများကို သိမ်းယူရန် တရားရုံးသို့ ဥပဒေနှင့်အညီလျှောက်ထားကြောင်း ယူကို့(စ်) ရှယ်ယာရှင်များ၏ရှေ့နေက ပြောကြားသည်။

**ရိုက်တာ။**

# အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၏ (၆)ကြိမ်မြောက်အစည်းအဝေးကို ဇွန် ၁၇ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကို လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ အလုပ်ရှင်နှင့် အလုပ်သမားဆွေးနွေးချက် ရလဒ်များ၊ သုတေသနလုပ်ငန်းများမှ ရလဒ်များကို အခြေခံ၍ အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် သတ်မှတ်ချက်များနှင့်အညီ ချိန်ထိုးနှိုင်းယှဉ်ပြီး အဖြေရှာသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုလိုအပ်ချက်များ၊ လက်ရှိလုပ်ခများ၊ စားဝတ်နေရေးကုန်ကျစရိတ်များနှင့် အဆိုပါစရိတ်များ၏ ပြောင်းလဲချက်များ၊ လိုက်လျောညီထွေရှိမည့် လူနေမှုအဆင့်အတန်းနှင့် တစ်ဦးချင်းဝင်ငွေစသည်တို့ကို အဓိကထားပြီး ထည့်သွင်းတွက်ချက်ရမည်ဖြစ်ကြောင်း။

လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များအားလုံးကိုစိစစ်ပြီး မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အဖြစ်နိုင်ဆုံး နည်းလမ်းများကို အကြံပြုဆွေးနွေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် အတွင်းရေးမှူး ဦးမျိုးအောင်တို့က အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)မှ အနည်းဆုံးအခကြေးငွေဆိုင်ရာ ကျွမ်းကျင်သူ Mr.Malte Luebker နှင့် Myanmar Development Research Institute(MDRI) မှ ပညာရှင်များက နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာဆိုင်ရာ ဝန်ကြီးများ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများက အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားတစ်ရပ် ထုတ်ပြန်နိုင်ရေးအတွက် သတ်မှတ်သင့်သည့်ပုံစံနှင့် အဆိုပြုနှုန်းထားများကို အဓိကထားဆွေးနွေးခဲ့ပြီး ဇွန် ၂၂ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားကော်မတီ၏ (၇)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း မိတ္ထီလာရုံးခွဲဖွင့်

**နေပြည်တော် ဇွန် ၂၀**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ မိတ္ထီလာခရိုင်ရုံးခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁၀၂) တံတားဦးလမ်း ဒုတိယလမ်းမတော် မင်းရပ် မိတ္ထီလာမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် "နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ၏ အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဆုံးရှုံးပျက်စီးမှုများကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အာမခံရုံးခွဲများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ပေးခြင်းသည် အာမခံလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံအနှံ့အပြားတွင် ဖွင့်ပေးမှသာ ပြည်သူများအနေဖြင့် အာမခံဝယ်ယူရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ အာမခံ၏အကျိုးတရားများကို အဆင်ပြေလွယ်ကူစွာဖြင့် ရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ အာမခံကုမ္ပဏီများ ဖွင့်လှစ်ပေးခြင်းသည် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ပေးနေသည့် ဘဏ္ဍာရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာနိုင်မှု (Financial Inclusion) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာဦးညိုမြင့်က ယနေ့ ၁၃ ခုမြောက် ဖွင့်လှစ်သော မိတ္ထီလာခရိုင်ရုံးခွဲသည် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ဒုတိယမြောက်ရုံးခွဲဖြစ်ပြီး မိတ္ထီလာခရိုင်အတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမို၍အနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်မြို့များအသီးသီးတို့တွင် ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးအာမခံလုပ်ငန်းကိုလည်း ယခုလာမည့် ဇူလိုင် ၁ ရက်မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဗီဇနှင့်မော်လီကျူးနည်းပညာဖြင့် လုပ်ဆောင်လာသည့် သုတေသနနှင့် ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

"မြန်မာနိုင်ငံတွင်အဖြစ်များသည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် သတိထားစောင့်ကြည့်ရမည့် ကျန်းမာရေးပြဿနာဖြစ်လာနိုင်သည့် အသည်းရောင်အသားဝါ(အီး)ရောဂါ၊ ဂျပန်ဦးနှောက်အမြေးရောင်ရောဂါ၊ ချင်ကင်ဂွန်ရာများအကြောင်းနဲ့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့် ရောဂါကြီးများကို အဓိကသယ်ဆောင်ဖြန့်ဖြူးပေးသော ခြင်များအကြောင်းကို ဗီဇဆိုင်ရာ၊ မော်လီကျူးဆိုင်ရာရှုထောင့်မှ တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး နိုင်ငံအတွက်အကျိုးရှိမည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်း" ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့က ကြီးမှူးကျင်းပသော အပူပိုင်းဒေသဆိုင်ရာရောဂါများအား ဗီဇနှင့် မော်လီကျူးနည်းပညာဖြင့် လုပ်ဆောင်လာသည့် သုတေသနနှင့် ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သည်။

ယင်းနောက် "မြန်မာနိုင်ငံတွင် ဖြစ်ပွားသော အပူပိုင်းဆိုင်ရာ ရောဂါများအပေါ် ရှုမြင်သုံးသပ်ချက်"၊ "မြန်မာနိုင်ငံတွင် ခြင်များမှ သယ်ဆောင်လာသော ဗိုင်းရပ်စ်ပိုးများ၏ ဗီဇနှင့် မော်လီကျူးဆိုင်ရာသုတေသနလုပ်ငန်းများ"၊ "အသည်းရောင် အသားဝါ(အီး)ရောဂါပိုး၏ မျိုးရိုးဗီဇနှင့် မော်လီကျူးဆိုင်ရာလေ့လာချက်များ"၊ "မြန်မာနိုင်ငံတွင်ငှက်ဖျားဆေးယဉ်ပါးမှုနှင့် မော်လီကျူးဆိုင်ရာနည်းပညာဖြင့် လုပ်ဆောင်နေသောသုတေသနများ"၊ "မြန်မာနိုင်ငံတွင်ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်လာသော ခြင်များ၏ မျိုးရိုးဗီဇနှင့် မော်လီကျူးဆိုင်ရာလေ့လာတွေ့ရှိချက်များ" ခေါင်းစဉ်တို့ဖြင့် ပညာရှင်များက ဟောပြောဆွေးနွေးကြသည်။

အပူပိုင်းဆိုင်ရာရောဂါများ နှိမ်နင်းရာတွင် ပြောင်းလဲနေသောရောဂါပိုး၏ ဇီဝသဘာဝရောဂါဖြစ်စဉ်၊ ရောဂါကူးစက်ပျံ့နှံ့မှု၊ ရောဂါပျောက်ကင်းမှုရလဒ်များကို ပိုမိုတိကျစွာအသေးစိတ်သိရှိနိုင်ရန် ထိရောက်သော စိမ်ကုသမှုနှင့် ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းသိမ်းနိုင်မှုအတွက် မှန်ကန်သောနည်းဗျူဟာကို ရွေးချယ်ဆောင်ရွက်နိုင်ရန် ရောဂါရှာဖွေရန်နှင့် စီမံကုသနိုင်ရန်အတွက် လက်ငင်းသတင်းအချက်အလက်များကို စောင့်ကြည့်မှုပြုလုပ်နေခြင်းဖြင့် အချိန်ကိုက်ဆောင်ရွက်မှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့လုပ်ဆောင်ရာတွင် ဗီဇနှင့် မော်လီကျူးနည်းပညာ၏ အခန်းကဏ္ဍသည် အထူးအရေးပါပြီး ဗီဇဆိုင်ရာနှင့် မော်လီကျူးဆိုင်ရာလေ့လာမှုသုတေသန တွေ့ရှိချက်များသည် ကျန်းမာရေးဆိုင်ရာရောဂါများ၏ ကာကွယ်ရေး၊ ရောဂါရှာဖွေရေးနှင့် ကုသရေးများတွင်သာမက ကူးစက်ရောဂါမဟုတ်သော အခြားကျန်းမာရေးပြဿနာများဖြစ်သည့် ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ နှလုံး/သွေးကြောဆိုင်ရာရောဂါ၊ စိတ်ကျန်းမာရေးဆိုင်ရာရောဂါများ၌လည်း များစွာအထောက်အကူပေးသည်ကို တွေ့ရှိရကြောင်း သိရသည်။

**အေးကို(သတင်းစဉ်)**

❐

# ဟားခါးမြို့၌ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ လူနှစ်ဦးသေဆုံး

**ဟားခါး ဇွန် ၂၀**

ချင်းပြည်နယ် ဟားခါးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဆက်တိုက်ဖြစ်ပွား၍ ဟားခါးမြို့ မြို့သစ်ရပ်ကွက် BOC အစိုးရဆီဆိုင်အနီး မီးသတ်ရုံအောက်နား မြို့ပတ်လမ်းတွင် မြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်က ဟားခါးမြို့ မြို့သစ်ရပ်ကွက် BOC အစိုးရဆီဆိုင်အနီး မီးသတ်ရုံအောက်နား မြို့ပတ်လမ်း ရေနုတ်မြောင်းတူးဖော်မှုလုပ်ငန်းဆောင်ရွက်နေစဉ် မြေပြိုမှုကြောင့် ဒေါ်ပါရ်ဇီး အသက်(၂၁)နှစ်နှင့် ဒေါ်တာလ်သင်းမွေး(၂၃)နှစ်တို့သည် မြေပိ၍ သေဆုံးသွားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# နောက်ဆွဲ၊ ဘေးတွဲဆိုင်ကယ်များကြောင့် ယာဉ်အန္တရာယ်များဖြစ်ပွားနိုင်

**ရေတာရှည် ဇွန် ၂၀**

ခရီးသွားလာရေးနှင့် ကုန်စည်သယ်ဆောင်ရာတွင် ဆိုင်ကယ်ကယ်ရီများကို အသုံးပြုလာသည့်နောက်ပိုင်း နောက်ဆွဲ၊ ဘေးတွဲဆိုင်ကယ်များပြုလုပ်ကာ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်နှင့် ကျေးလက်လမ်းများတွင်ပါ ပြေးဆွဲမောင်းနှင်သဖြင့် နေ့စဉ်ခရီးသွားလာလျက်ရှိသော ဆိုင်ကယ်များအတွက် ယာဉ်အန္တရာယ်များဖြစ်နိုင်သည့်အတွက် သတိပြုမောင်းနှင်နေရကြောင်း ရေတာရှည်မြို့နယ် ရေနီကျေးရွာဒေသခံတစ်ဦးက ပြောသည်။

"ဆိုင်ကယ်ကို ကုန်အပြည့်နဲ့မောင်းတဲ့အခါမှာ အရှိန်နဲ့မောင်းတော့ နောက်ကဆိုင်ကယ်ကလည်း ကျော်လို့မရ၊ ရှေ့ကလာနေတဲ့ ဆိုင်ကယ်ကလည်း ဘေးကိုကပ်ပြီး ရှောင်ရတယ်။ ကျေးရွာလမ်းတွေမှာဆို ပိုဆိုးတာပေါ့။ ဒီလိုတရားမဝင်တပ်ဆင်ပြီးမောင်းနေတဲ့ ဆိုင်ကယ်တွေကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ထို့အတူပင် ယာဉ်အသွားအလာရှုပ်ထွေးသည့် ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ခရီးသည်များတင်ဆောင်ကာ ပြေးဆွဲလျက်ရှိသော ဆိုင်ကယ်ဘေးတွဲများမှာ ယာဉ်အန္တရာယ်များစွာစိုးရိမ်ရသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောဆိုမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တက္ကသိုလ်ကျောင်းများနှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား၍ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့် တပ်မတော် အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောင်းလဲလျက်ရှိသည့် နည်းပညာခေတ်နှင့်အတူ အမီလိုက်ပါနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့က မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေမှုများတွင် ဆရာ ဆရာမများအနေဖြင့် တပည့်သားသမီးများအပေါ် နည်းစနစ်မှန်ကန်စွာ နာသုံးနာထားရှိ၍ အတန်းပညာအလိုက် တတ်မြောက်အောင် သင်ကြားပို့ချရေးနှင့် ဆရာ ဆရာမများအနေဖြင့်လည်း ပညာရပ်များအား အစဉ်လေ့လာဆည်းပူးရေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် အခြေခံပညာ အထက်တန်း အောင်ချက်ရာခိုင်နှုန်းအပေါ် အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်လျက် ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပံ့ပိုးကူညီနိုင်မည့် အလှူရှင်များပူးပေါင်း၍ အောင်ချက်မြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်သွားရေး၊ ပညာခေတ်တွင် နည်းပညာစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် ပညာရည်မြင့်မားစေရေးအတွက် တပ်မတော်က တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်သားများနှင့် မိသားစုဝင် သားသမီးများ ပညာရည်မြင့်မားစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ အဖွဲ့ဝင်များအဖြစ်လိုက်ပါလာသော တပ်မတော်အရာရှိကြီးများက ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာ



ကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သူနာပြုသင်တန်းကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်အတူ ကုမ္ပဏီများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အလုံး ၆၀ ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၃၅၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒုဌဝတီမြစ်ရေတိုက်စားမှုကြောင့် ရှေးဟောင်းစေတီပုထိုးများဆုံးရှုံးနေ မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ပေးရန် ဒေသခံများမျှော်လင့်

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိပလိပ်ကျေးရွာတွင် နှစ်စဉ် ဒုဌဝတီမြစ်ရေတိုက်စားမှုကြောင့် ရှေးဟောင်းစေတီပုထိုးများနှင့် နံရံဆေးရေးပန်းချီများပျက်စီးမှုဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတော်မှ မြစ်ရေတိုက်စားမှုအားအကာအကွယ်ပေးသည့် မြစ်ကမ်းပါးထိန်းနံရံများ တည်ဆောက်ပေးပါရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိသည့်အပြင် ရှေးဟောင်းသုတေသနဌာနကပင် နိုင်ငံတော်အဆင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ပေးထားပြီး နိုင်ငံခြားခရီးသွားများ လာရောက်လေ့လာမှုများပြားကာ မြို့မှာ ပုဂံ၊ ရွာမှာပလိပ်ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့်အဆိုပါဒေသတွင် နှစ်ပေါင်းရာချီရှိသည့် ကုက္ကိုပင်ကြီးများ၊ ရှေးဟောင်းစေတီပုထိုးနှင့် နံရံဆေးရေးပန်းချီများ တစ်နှစ်ပြီးတစ်နှစ် မြစ်ရေတိုက်စားမှုများကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နေကြောင်း ပလိပ်မြို့ အောင်မြေရပ်ကွက်နေ ဦးအုန်းကြိုင်က ပြောကြားသည်။

"ကျွန်တော်တို့ရွာက ဒီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကြောင့် နိုင်ငံခြားသားခရီးသွားတွေ အလာများတဲ့ရွာပါ။ ဒီလိုမြစ်ရေတိုက်စားမှုတွေကြောင့် မြစ်ကမ်းနံဘေးတွေမှာ အမြစ်တွေ အပြိုင်းပြိုင်းထပြီး လဲကျနေတဲ့ နှစ်ရာချီကုက္ကိုပင်ကြီးတွေကို မြင်မကောင်းအောင် တွေ့မြင်ရမှာပါ။ **(အောက်ပုံ)** ရှေးဟောင်းစေတီပုထိုးတွေလည်း ရေထဲမှာ စံပျော်ခဲ့ရတာများလှပြီ။ မြစ်ကမ်းပါးထိန်းနံရံ တည်ဆောက်ပေးမယ်ဆိုရင် ကမ်းပြိုတိုက်စားမှုဒဏ်က သက်သာခွင့်ရမှာဖြစ်သလို ရှေးဟောင်းယဉ်ကျေးမှုတွေကိုလည်း ထိန်းသိမ်းပြီးသားဖြစ်သွားမှာပါ"ဟု ၎င်းက ပြောသည်။

မြစ်ရေတိုက်စားမှုကြောင့် မြောက်မြေရပ်ကွက်၊ အောင်မြေရပ်ကွက်၊ တောင်ကင်းရပ်ကွက်၊ ဈေးသစ်ရပ်ကွက်၊ ဈေးဟောင်းရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ နောက်တော်ပါရပ်ကွက်များမှာ နှစ်အနည်းငယ်အတွင်း ပေ ၆၀ မှ ပေ ၁၀၀ အထိ မြစ်ရေတိုက်စားခံခဲ့ရပြီးဖြစ်ကြောင်း ဒေသခံတစ်ဦးက ဆက်လက်ပြောသည်။

"မြစ်ရေစီးကြောင်း ဦးတိုက်တည့်တည့်ဖြစ်တဲ့ အောင်မြေရပ်ကွက်ဟာ ရှေးဟောင်းဘုရားများ တည်ရှိရာရပ်ကွက်လည်း ဖြစ်တဲ့အတွက် အများဆုံး ဆုံးရှုံးမှုရှိတယ်။ အခုအချိန်မှာ ရပ်ကွက်သူ၊ ရပ်ကွက်သားပြည်သူအများစု လိုလားတောင့်တတာကတော့ နိုင်ငံတော်က မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ပေးဖို့ပါပဲ"ဟု ၎င်းကဆိုသည်။

ရှေးဟောင်းဘုရားစေတီ ၃၂၅ ဆူနှင့် ဘုန်းကြီးကျောင်း ၂၅ ကျောင်း တည်ရှိသည့်ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားသော ပလိပ်ကျေးရွာကြီးသည် အရှေ့ဘက်တွင်ရှေးဟောင်းစေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများ၊ ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)နှင့် မီးရထားလမ်းတောင်ဘက်တွင် ပလိပ်ချည်မျှင်အထည်စက်ရုံ(ယခုပန်ဒါစက်ရုံ)နှင့် စက္ကူစက်ရုံ၊ တံတားဦးအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းနှင့် မန္တလေးမြို့တို့ဝန်းရံနေသည့် အချက်အချာကျသော ရွာကြီးတစ်ရွာ(သို့မဟုတ်) မြို့ငယ်လေးတစ်မြို့ ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**





# မုံးကိုး – ဖောင်းဆိုင်ကားလမ်းပေါ်ရှိ သံဘောလီတံတားတစ်စင်း မိုင်းခွဲဖျက်ဆီးခံရ

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့နယ်အတွင်းရှိ မုံးကိုး-ဖောင်းဆိုင်ကားလမ်းပေါ်မှ အရှည်ပေ ၁၁၀၊ အကျယ် ၁၄ ပေရှိ သံဘောလီတံတားတစ်စင်းကို ဇွန် ၁၇ ရက်တွင် ကေအိုင်အေဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် အဆိုပါ သံဘောလီတံတား အောက်ခံသံပေါင်၊ ဘေးသံပေါင်၊ ခင်းပျဉ်၊ ထပ်ပိုးပျဉ်နှင့် ယာယီရေလယ်ထောက်တိုင်တစ်တိုင်ပျက်စီး၍ ဘယ်ဘက်ခြမ်းသို့ ၃၀ ဒီဂရီခန့် တိမ်းစောင်းသွားခဲ့ရာ တံတားပေါ်မှ သွားလာ၍မရသဖြင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့မှ ယာယီရှောင်ကွင်းလမ်းဖောက်လုပ်လျက်ရှိပြီး တံတားအား အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တံတားအား မိုင်းခွဲဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် ကေအိုင်အေအဖွဲ့၏ လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူမည့် အောင်မောဠိတောင်ညွန့်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီး

**နေပြည်တော် ဇွန် ၂၀**

အောင်မောဠိတောင်ခြေ၌ ယာယီသတင်းသုံးတော်မူနေသည့် မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား ဇွန် ၂၀ ရက်က ကိန်းဝပ်စံပယ်တော်မူမည့် အောင်မောဠိတောင်ညွန့်ရှိ သတ်မှတ်နေရာသို့ မဂ်လာကရိန်းယာဉ်များဖြင့် ပင့်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုအခါ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးကို သတ်မှတ်နေရာသို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီဖြစ်၍ သီတင်းသုံးစံမြန်းမည့် ဂန္ဓကုဋိကျောင်းဆောင်နှင့် လိုအပ်သည့် သာသနိကအဆောက်အအုံများကို ဆက်လက်တည်ဆောက်လျက်ရှိသည်။

ယခု ရုပ်ရှင်တော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၃၂ ပေရှိ ရုပ်တော်မူကိုယ်တော်ကြီးဖြစ်ကာ တန်ချိန်ပေါင်း ၁၀၉ တန်ရှိပြီး စကျင်ကျောက်ရုပ်တော်မူ ဆင်းတုများထဲတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

(၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ

၂၄.၆.၂၀၁၅ ~ ၆.၇.၂၀၁၅

မဏိရတနာကျောက်စိမ်းခန်းမ နေပြည်တော်

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်မာထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်ချိုချိုတင် (စာရေးဆရာမ မစန္ဒာ)က “အဖိုးတန်မြေ”ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ အဖွဲ့ချုပ်အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ခင်မေအုန်းက “ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်” ခေါင်းစဉ်ဖြင့် စိတ်ခွန်အားဆိုင်ရာ အသိပညာပေးဟောပြော ကြသည်။

**(သတင်းစဉ်)**




# မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မီးလွတ်ဥစားဘဲမျိုးများ ပူတာအို၌ ဖြန့်ဝေ

**ပူတာအို ဇွန် ၂၀**

ကျေးလက်နေပြည်သူများ ဥနှင့် အသားစားသုံးမှု မြင့်မားလာစေရန်နှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်လျက် ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ပူတာအိုမြို့နယ် မန်ဇေကျေးရွာအုပ်စု အောက်ဆန်ဂေါင်ကျေးရွာနေ ပြည်သူများသို့ မီးလွတ်ဥစားဘဲမျိုးများဖြန့်ဝေမှုကို ဇွန် ၁၆ ရက် နံနက် ၁၁ နာရီတွင် အောက်ဆန်ဂေါင်ကျေးရွာ နည်းပညာပေး ဘဲမွေးမြူရေးခြံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းမြင့်တို့က မွေးမြူလိုသည့် တောင်သူများထံ တစ်အိမ်ထောင်ချင်း ဖြန့်ဝေပေးအပ်သည်။

ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အောက်ဆန်ဂေါင်ကျေးရွာတွင် နည်းပညာပေး ဘဲမွေးမြူရေးခြံတွင် ဘဲကောင်ရေ ၄၇၀ မွေးမြူခဲ့ပြီး အောက်ဆန်ဂေါင်ကျေးရွာနှင့် မချမ်းဘောမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့ရှိ ကျေးလက်နေအိမ်ထောင်စု ၄၇ စုသို့ တစ်အိမ်ထောင်လျှင် ၁၀ ကောင်နှုန်းဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

# မျက်ဝန်းလေးများ ကြည်လင်လာအောင်

**ရန်ကုန် ဇွန် ၂၀**

တာမွေ မြို့နယ် ကျောက်မြောင်းကြီး (စံပြ) ရပ်ကွက်အတွင်းရှိ အမက(၅)တွင် ကျောင်းသား ကျောင်းသူ ၉၂ ဦးတို့အား ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

ထိုကျောင်းသည် အောင်မင်္ဂလာလမ်းအဆုံးလောက်တွင် တည်ရှိပြီး ကျောင်းသား ကျောင်းသူအများစုမှာ ချို့တဲ့ကြသည်။

အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၁၁ နာရီတွင် ကျောင်းခန်းမ၌ စတင်ရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားရာတွင် ယင်းကျောင်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၂ ဦးရှိကြောင်း၊ ကျောင်းသုံးပစ္စည်းများလှူဒါန်းပွဲကျင်းပမည်ကို သိရသည့်အချိန်တွင် စုစုပေါင်း ၁၉ ဦးအား လှူဒါန်းမည်ဟု ပထမစီစဉ်ထားကြောင်း၊ ယင်းအချိန်တွင် စဉ်းစားကြည့်သည့်အခါ ကျောင်းသား ကျောင်းသူများ ဘယ်လိုနေမလဲတွေးကြည့်ကြောင်း၊ လှူဒါန်းမှုခံခဲ့ရသည့် ကျောင်းသားများက ပျော်နေပြီး ကျန်သည့်ကျောင်းသား ကျောင်းသူများ၏ မျက်ဝန်းလေးများ ညှိုးငယ်၍ မကြည်လင်ဘဲဖြစ်နေမည်ကို စိုးရိမ်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူအားလုံးကို လှူဒါန်းနိုင်ပါက လှူဒါန်းပေးစေလိုကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကို တွေ့ဆုံအကူအညီတောင်းခံခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကြိုးစားဆောင်ရွက်ပေးမည်၊ ကျောင်းသား ကျောင်းသူအားလုံးတို့၏ မျက်ဝန်းလေးများ ကြည်လင်လာအောင် ကြိုးစားပေးမည်ဟု ကတိစကားကြောင့် စိတ်ချမ်းသာခဲ့ရကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူတို့က ရင်တွင်းစကားများအသီးသီး ပြောကြားကြပြီး ကျောင်းသား ကျောင်းသူ ၉၂ ဦးတို့အတွက် အတန်းလိုက် လှူဒါန်းသည့် ကျောင်းသုံးပစ္စည်းရှစ်မျိုးကို ရပ်မိရပ်ဖ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ NGO တို့က ပေးအပ်လှူဒါန်းခဲ့ကြသည်။**(ဓါတ်ပုံ)** **(ငွေးအောင်)**





## ပြည်တွင်းရေးရာ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**❂ရှေ့ဖုံးမှ**

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ နည်းပြများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနား၌ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနား၌ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ကြသည့် မြန်မာယူ ၂၀ ဘောလုံးအသင်း၊ မြန်မာယူ ၂၃ ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလုံးအသင်း၊ မြန်မာ့ (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၃၁ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် အားကစားနည်း ၁၅ မျိုးက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ၆၉ ခု ဆွတ်ခူးခဲ့သည့် အနက် ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရိုးရာလှေ၊ ဝူရှူး၊ ဘိလိယက်နှင့် စနူကာ၊ ကနူးကယက်များတွင် ရွှေတံဆိပ် ရယူနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

အခြားအားကစားနည်းများတွင် ဆုတံဆိပ်မရခဲ့ကြသော်လည်း နိုင်ငံ့အတွက် အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရပြီး နိုင်ငံတကာအတွေ့အကြုံများ ရရှိခဲ့ကြပါကြောင်း၊ ပြိုင်ပွဲအသီးသီးအနက် မြန်မာ့လက်ရွေးစင် ယူ-၂၃ ဘောလုံးအသင်းသည် အားကစားစိတ်ဓာတ်၊ ဇွဲ၊ လုံ့လနှင့် "မြန်မာ" ဆိုသည့် အမျိုးသားရေးစိတ်ဓာတ် အားမာန်ကို မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲတွင် ထင်ဟပ်အောင် ကြိုးပမ်းပြသနိုင်ခဲ့ပါကြောင်း။

မိမိအပါအဝင် နိုင်ငံသားအားလုံးက ယခုကဲ့သို့နိုင်ငံနှင့်လူမျိုးဂုဏ်ဆောင်သည်ကို နိုင်ငံတကာက သိမြင်စေခဲ့သည့်အတွက်ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူစရာတစ်ခုပင် ဖြစ်ပါကြောင်း။

မြန်မာဘောလုံးအသင်းများ၏ ခြေစွမ်းပြကစားပုံနှင့် စိတ်ဓာတ်ပြင်းပြစွာ ကြိုးစားအားထုတ်ယှဉ်ပြိုင်မှုကြောင့် အသင်းသားအားလုံးသည် ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုအပေါ် "ပြည်သူ သန်း ၅၀ ကျော်၏ ရင်ထဲက ချစ်ခြင်းမေတ္တာ" ကို ရရှိခဲ့သည့်အပြင် အားကစားသမားများနှင့် တာဝန်ရှိသူများ အားလုံးသည်လည်း ပြည်သူများ၏ ချန်ပီယံများ ဖြစ်ပါကြောင်း။

အားကစားမောင်မယ်များ၏ နိုင်ငံတော်အတွက် ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်း အနစ်နာခံကြိုးပမ်းမှု၊ အားကစားစိတ်ဓာတ်အပြည့်အဝရှိမှု၊ မြန်မာဆိုသည့် အနိုင်မခံ အရှုံးမပေးဘဲ ယှဉ်ပြိုင်မှုစိတ်ဓာတ်များသည် မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများ၏ စိတ်ဓာတ်ခွန်အားများကိုပါ မြင့်မားစေခဲ့သည့်အတွက်ကြောင့် ယင်းစိတ်ဓာတ်နှင့် အရှိန်အဟုန်ကို




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော်များ မြန်မာယူ -၂၃ ဘောလုံးအသင်းနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း အပါအဝင် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့ချုပ် တာဝန်ခံများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမား များကို အထူးစီစဉ်ဂုဏ်ပြုခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

မိမိအနေဖြင့် ဝမ်းသာပီတိဖြစ်ရသကဲ့သို့ မြန်မာနိုင်ငံသားအားလုံးသည် မြန်မာ့အားကစားလောက ပြန်လည်နိုးထ အောင်မြင်မှုအခွင့်အလမ်းများ ပေါ်ထွန်းလာသည့်အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးနေကြသည်ကို အထင်အရှား တွေ့ရှိရမည် ဖြစ်ပါကြောင်း။

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်စေရန် ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် ဘောလုံးသမားများအပါအဝင် အားကစားကဏ္ဍအသီးသီးက အားကစားသမားအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူချိန်ကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသည့်အတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး မျှော်မှန်းချက် (Vision) ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ယခုဆိုလျှင် မြို့နယ်များတွင် အားကစားကလပ်အသင်း စုစုပေါင်း ၁၀၄၇ ခု ဖွဲ့စည်းလှုပ်ရှားနေပြီဖြစ်ပြီး အားကစားနှင့် ကာယသိပ္ပံ (၄) ခုအပြင် အားကစားနှင့်ပညာရေး ပေါင်းစပ်မှု အစီအစဉ်များအဖြစ် အခြေခံမှ တက္ကသိုလ်အဆင့်ထိ ပူးပေါင်း လေ့ကျင့်ပြုစုပျိုးထောင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ မကြာမီတွင် အားကစားတက္ကသိုလ်ကြီးတစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွက် ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား ပြန်လည်လက်ခံကျင်းပခွင့်ရခဲ့ခြင်းသည် မြန်မာ့အားကစား တစ်ခေတ်ဆန်းသစ်ရန် အစပျိုးခဲ့ခြင်း ဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ်သည် မြန်မာ့အားကစား အဆင့်အတန်းကို နိုင်ငံတကာအဆင့် တက်လှမ်းနိုင်ရန် အရှိန်အဟုန်ရရှိစေခဲ့သည့် ထူးခြားသည့် နှစ်တစ်နှစ် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်နောက်ပိုင်း FIFA U-20 World Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ တက်လှမ်းနိုင်ခဲ့မှုနှင့် ယခုအရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၂၃ ဘောလုံးအသင်းတစ်သင်းလုံးနှင့် အုပ်ချုပ်သူ၊ အသင်းနည်းပြအားလုံးတို့၏ အနိုင်မခံအရှုံးမပေးသော ဇွဲ၊ စိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုတို့သည် မြန်မာ့အားကစားအဆင့်အတန်းကို ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်ထိ တက်လှမ်းလာနိုင်သည့် အရှိန်အဟုန်များ၊ အားမာန်များ ရရှိစေခဲ့သည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် ကျန်အားကစားအဖွဲ့များ သည်လည်း သူ့နေရာနှင့်သူ နိုင်ငံအတွက် အစွမ်းကုန်ကြိုးစားခဲ့မှုအတွက် အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ **"နိုင်ငံကြီးသား ဝီသတဲ့ စိတ်ဓာတ်"** ကို ဘောလုံးပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားများ၏ သန့်သန့်ရှင်းရှင်းနှင့် ယှဉ်ပြိုင်မှုတွင် မြင်တွေ့ရသကဲ့သို့ အားပေးကြသည့် ပြည်သူတစ်ရပ်လုံး၏ စည်းကမ်းတကျနှင့် အားပေးမှုများသည် မြန်မာနိုင်ငံသားများ၏ နိုင်ငံကြီးသားဝီသသည့် စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် အလေးထား ချစ်မြတ်နိုးသည့်စိတ်ဓာတ်များရှိနေ ထိန်းသိမ်းပြီး မြန်မာ့အားကစားကို ဒေသတွင်းသာမက နိုင်ငံတကာ အလယ်တွင်နေရာရရှိစေရန်ဆက်လက် ကြိုးပမ်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာယူ-၂၀ ဘောလုံးအသင်း၊ မြန်မာယူ-၂၃ ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝိတ်တန်း

**စာမျက်နှာ ၉ သို့**☆




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော်များ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

☆ စာမျက်နှာ ၈ မှ

အဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အောင်ပွဲရအားကစားသမားများကိုယ်စား မြန်မာယူ-၂၃ ဘောလုံးအသင်း ခေါင်းဆောင် နေလင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ နည်းပြများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဂုဏ်ပြုပွဲအခမ်းအနားတွင် ရွှေတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၁၆၅၀ ကိုလည်းကောင်း၊ ငွေတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၁၃၀၅ သိန်းကိုလည်းကောင်း၊ ကြေးတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၈၃၉ သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်းပေါင်း ၃၇၉၄ သိန်းရှိကြောင်း သိရသည်။

ထို့ပြင် အလှူရှင် ၂၆ ဦးက ငွေကျပ်သိန်းပေါင်း ၃၁၄၀ ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့လည်းကောင်း၊ အလှူရှင် ၁၃ ဦးက ငွေကျပ်သိန်းပေါင်း ၁၂၆၀ ကို (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာအားကစားသမားများအတွက်လည်းကောင်း စုစုပေါင်းကျပ်သိန်း ၄၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ ကျောဖုံးမှ

အဆိုပါစီမံကိန်းကို မြန်မာနိုင်ငံ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တို့အကြား စီးပွားရေးကုန်သွယ်မှုဗဟိုဌာန ဖြစ်တည်ပေါ်ထွန်းလာစေရန်၊ ဒေသခံပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“စီးပွားရေးအတွက် လုပ်ငန်းဆောင်ရွက်တဲ့နေရာနဲ့ အပန်းဖြေအနားယူတဲ့နေအိမ်တွေ ပူးတွဲပါရှိတဲ့ စီမံကိန်းမျိုးဟာ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေရဲ့ မြို့တော်တိုင်းရဲ့ အနီးအနားမှာ ဆောင်ရွက်ကြတဲ့အတွက် အခု တရုတ်နဲ့ မြန်မာ နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်တဲ့ မူဆယ်မြို့မှာ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကြီးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်”ဟု မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းဒါရိုက်တာ ဦးငွေစိုးက ပြောသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထပ်မံတိုးချဲ့၍ မရနိုင်တော့သည့် မြို့ကြီးများ၏ အနီးအနားတွင် ဗဟိုစီးပွားရေးဇုန်များကို တည်ဆောက်လေ့ရှိပြီး အဆိုပါဇုန်များတွင် စီးပွားရေးဇုန်နှင့် လူနေအဆောက်အအုံများ ပူးတွဲပါဝင်လေ့ရှိရာ ယခု တည်ဆောက်နေသည့် မူဆယ်စီးပွားရေးဇုန်ကြီးတွင် နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ ခေတ်မီလုံးချင်းအိမ်ရာများ၊ ရွှေလီမြစ်ကို အပေါ်စီးမှ ကြည့်ရှုနိုင်သည့် အပန်းဖြေစခန်းတစ်ခုနှင့် သာယာလှပတင့်တယ် နေချင်စဖွယ် တောင်ပေါ်အိမ်ရာများအပြင် ရဲစခန်း၊ မီးသတ်၊ ဆက်သွယ်ရေးဌာန အစရှိသည့် အခြေခံအဆောက်အအုံများအပြင် စီးပွားရေးဇုန်များ ပါဝင်မည်ဖြစ်သည့်အတွက် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီကြောင်း သိရသည်။

နယ်စပ်မြို့ဖြစ်ပြီး စီးပွားရေးအချက်အချာကျသည့် မူဆယ်မြို့တွင် တည်ဆောက်မည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၀၀ တွင်ရှိပြီး စုစုပေါင်း ၂၉၄ ဒသမ ၇၈၉ ဧက ကျယ်ဝန်းကြောင်း သိရသည်။

တည်ဆောက်မှုအပိုင်းအနေဖြင့် မြေနိမ့်ချိုင့်ဝှမ်းများအား တစ်သားတည်းဖြစ်ရန် မြေညှိမြေဖို့ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး အဆောက်အအုံဆောက်လုပ်မှုမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“တစ်ဖက်နိုင်ငံမှာ စီးပွားရေးအဆောက်အအုံတွေကို ကြည့်ရင် အလွန်တိုးတက်နေတာ တွေ့ရမှာပါ။ နှစ်နိုင်ငံတန်းတူ ရင်ပေါင်တန်းရပ်တည်နိုင်ရေးဆိုတဲ့စိတ်နဲ့ အဓိကအကောင်အထည်ဖော်နေတာပါ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းကလည်း ကြီးပါတယ်။ ဒေသခံအဖွဲ့အစည်းများနဲ့ ဒေသခံအားလုံးပူးပေါင်းပါဝင်မှ ဒီစီမံကိန်းက အောင်မြင်မှာပါ”ဟု နယူးစတားလိုက်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစီမံကိန်းကြီး စတင်အကောင်အထည်ဖော်ရာတွင် စီမံကိန်းဧရိယာအတွင်းပါဝင်သော စိုက်ပျိုးမြေဧရိယာများအတွက်လည်း နစ်နာမှုမရှိစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသခံများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆိုင်ခန်းပေါင်း ၁၉၂ ခန်း ပါဝင်သော နိုင်ငံတကာအဆင့်မီ လမ်းလျှောက်ဈေးကြီးကို ၂၀၁၆ ခုနှစ်အတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်းနှင့် ရွှေလီမြစ်နှင့် မနီးမဝေးတွင် တည်ဆောက်နေသည့် ကျောက်မျက်ရတနာဈေးကြီး ပြီးစီးပါက ကျောက်မျက်ကုန်သည်များ အနေဖြင့် ပြည်ပသို့ သွားရောက်ရောင်းဝယ်ရန်မလိုတော့ဘဲ မြန်မာနိုင်ငံအတွင်း ဈေးကွက်ခိုင်မာစွာ ရပ်တည်ရောင်းချသွားနိုင်တော့မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွင်းရှိ တန်ဖိုးမြင့်သယံဇာတထုတ်ကုန်များ ပြည်တွင်း၌ပင်ရှိပြီး နိုင်ငံခြားငွေတိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့ပြင် စီမံကိန်းဇုန်အတွင်း ရေကောင်းရေသန့်ရရှိရေး၊ ဒေသတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ရေဆိုးထိန်းချုပ်မှုအစီအမံများဖြင့် ရေကြီးရေလျှံမှု ကာကွယ်ရေးကိစ္စများ ဆောင်ရွက်ထားမည်ဖြစ်သည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင် ဝင်ထွက်သွားလာနိုင်သည့် စခန်းသစ်တစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံနယ်စပ်ရှိ နိုင်ငံတကာအဆင့်မီ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကြီး ပြီးစီးသွားပါက မူဆယ်အပါအဝင် ပတ်ဝန်းကျင်ဒေသများဖြစ်သော ကွတ်ခိုင်၊ နမ့်ခမ်း၊ ကြူကုတ်ပန်ဆိုင်း၊ မုံးကိုးအစရှိသည့် ဒေသများမှ ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။



**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃)လမ်း မင်္ဂလာမန္တလေးစီမံကိန်း pullman hotel တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ငြမ်းပြိုကျနေမှုကို တွေ့ရစဉ်။**
***[ငြမ်းပြိုကျမှုကြောင့် အလုပ်သမား ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်]*** (ဓာတ်ပုံ-၀၀၂)

# ယူ-၂၀ ကမ္ဘာ့ဖလား ဆားဘီးယားဆွတ်ခူး

နယူးဇီလန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘရာဇီး ယူ-၂၀ အသင်းနှင့် ဆားဘီးယား ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆားဘီးယား ယူ-၂၀ အသင်းက ဘရာဇီး ယူ-၂၀ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆားဘီးယားနိုင်ငံအတွက် ပထမဆုံးသော ယူ-၂၀ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နှစ်သင်းစလုံးသည် လူစုံထုတ်ကာ အမှားမခံဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ခြင်းကြောင့် ပထမပိုင်းပွဲပြီးချိန်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ထွက်ပေါ်ထားသော်လည်း ဒုတိယပိုင်းတွင် ဆားဘီးယား ယူ-၂၀ အသင်း၏ တိုက်စစ်ပိုင်းသည် တိကျသောသွင်းဂိုးများကို ပြုလုပ်လာနိုင်ခဲ့ခြင်းကြောင့် ပွဲကစားချိန်မိနစ် ၇၀ တွင် စတာနီယာမန်ဒစ်က ဆားဘီးယား ယူ-၂၀ အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုရှိခဲ့သည့် ဘရာဇီး ယူ-၂၀ အသင်းသည် ဆားဘီးယား ယူ-၂၀ အသင်း၏ ဦးဆောင်မှုကို သုံးမိနစ်မျှသာ ခံခဲ့ရပြီး ပွဲကစားချိန် ၇၃ မိနစ်တွင် မန်ယူအသင်းတွင် ကစားလျက်ရှိသည့် လူငယ်ကစားသမား ပီရိန်ရာက ဘရာဇီး ယူ-၂၀ အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။

သို့သော် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ကစားခဲ့ရာ ပွဲကစားချိန် ၁၁၈ မိနစ်အရောက်တွင် ဆားဘီးယား ယူ-၂၀ အသင်းက တန်ပြန်တိုက်စစ်ကို အသုံးပြုကာ မက်ဆီမိုဗစ်က ဆားဘီးယားအသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဆားဘီးယား ယူ-၂၀ အသင်းက ဘရာဇီး ယူ-၂၀ အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နယူးဇီလန်မြေတွင် ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားချန်ပီယံဆုနှင့်အတူ အောင်ပွဲခံနိုင်ခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ တတိယလုပွဲအဖြစ် ဆီနီဂေါ ယူ-၂၀ အသင်းနှင့် မာလီ ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မာလီ ယူ-၂၀ အသင်းက ဆီနီဂေါ ယူ-၂၀ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တတိယနေရာကို မာလီအသင်းက ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ဆီနီဂေါ ယူ-၂၀ အသင်းသည် အီဘရာဟီနာဝက်ဂျီ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် ထရာအိုရီ၏ သွင်းဂိုးနှစ်ဂိုးနှင့် ဆမ်မက်ဆီကူး၏ သွင်းဂိုးတစ်ဂိုးတို့ကို ခွင့်ပြုပေးလိုက်ရခြင်းကြောင့် ဆီနီဂေါ ယူ-၂၀ အသင်းက မာလီ ယူ-၂၀ အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# မြန်မာတောင်သူလယ်သမားတို့၏ လှပသောအနာဂတ်

ကျော်မြဇော်

(ယမန်နေ့မှအဆက်)

**"တောင်သူလယ်သမားတွေဝယ်ယူထားတဲ့ စက်ကိရိယာတွေ ချွတ်ယွင်းခဲ့ရင် ပြုပြင်ပေးနိုင်အောင် Main Service Centre တွေကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီးများနဲ့ နေပြည်တော်တို့မှာ ဖွင့်လှစ်ထားရှိပြီး စက်ချွတ်ယွင်းပျက်စီးမှု Complaint ရတာနဲ့ လမ်းပန်းဆက်သွယ်မှုကောင်းတဲ့ ဒေသတွေမှာဆိုရင် ၂၄ နာရီအတွင်း နေရာအရောက်သွားရောက်ပြင်ဆင်ပေးနိုင်အောင်၊ ဆက်သွယ်မှုခက်ခဲတဲ့ ဒေသတွေမှာဆိုရင် အများဆုံး သုံးရက်အတွင်း သွားရောက်ပြင်ဆင်ပေးနိုင်အောင်စီစဉ်ထားပါတယ်။ Service Centre တွေတိုးချဲ့ဖွင့်လှစ်ဖို့လည်း စီမံဆောင်ရွက်နေပါတယ်"** ဟု ဆက်လက်ရှင်းပြခဲ့သည်။

တောင်သူလယ်သမားများက Daedong စက်ကိရိယာများကို ဝယ်ယူမှုနှင့်ပတ်သက်၍လည်း **"ဒီနေ့အထိ 13 HP လက်တွန်းထွန်စက် ၁၁၂ စီး၊ 28 HP လယ်ထွန်စက် ၁၃ စီး ၊ 35 HP လယ်ထွန်စက် ၂၄စီး၊ 41 HP လယ်ထွန်စက် ခုနစ်စီး၊ 45 HP လယ်ထွန်စက် ၃၅ စီး၊ 50 HP လယ်ထွန်စက် ၁၈၇ စီး၊ 60 HP လယ်ထွန်စက်အစီး ၈၂၀၊ 90 HP လယ်ထွန်စက် ၂၆၆ စီး၊ 62 HP ရိတ်သိမ်းခြွေလှေ့စက် ၁၉ စီး၊ 72 HP ရိတ်သိမ်းခြွေလှေ့စက် ၂၉ စီး စုစုပေါင်း ၁၅၁၂ စီး တန်ဖိုးအားဖြင့် ကျပ် ၃၅ဒသမ၅ ဘီလီယံကျော် ဝယ်ယူထားကြပြီးဖြစ်ပါတယ်။ 60 HP နဲ့ 90 HP လယ်ထွန်စက်ကြီးတွေကတော့ တောင်သူတွေကြိုက်နှစ်သက်ဆုံးဖြစ်ပြီး အခုထပ်မံတောင်းဆိုတဲ့ Demand များအရ ရောင်းချပေးဖို့တောင် လုံလောက်မှုမရှိ ၊ လက်ကျန်မရှိတော့တဲ့အတွက် ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးဖို့စီမံနေပါတယ် "** ဟုလည်း အသေးစိတ်ရှင်းပြ၍ သိခဲ့ရပါသည်။

**"နောက်ထပ်တက်လာတဲ့ Demand တွေအရ 60 HP နဲ့ 90 HP လယ်ထွန်စက်တွေလိုချင်တဲ့ တောင်သူလယ်သမားအရေအတွက်က အတော်ကိုများတယ်၊ ရောင်းပေးဖို့လက်ကျန်က မရှိတော့ဘူး။ ဒီတော့ လတ်တလော အကြိုက်နည်း၊ အဝယ်အလိုက်နည်းနေတဲ့ စက်ကိရိယာတွေနဲ့ တောင်သူလယ်သမားတွေ တောင်းဆိုနေတဲ့ လယ်ထွန်စက်ကြီးတွေနဲ့ (တန်ဖိုးသင့်ပြီး) လဲလှယ်တင်သွင်းပေးဖို့ ကုမ္ပဏီနဲ့ ညှိနှိုင်းဆောင်ရွက်ပေးရမှာပဲ။ မြန်နိုင်သမျှ မြန်မြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါမှ တောင်သူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်တယ်"** လို့လည်း ဆောင်ရွက်မည့် အစီအမံကို ပြောပြပါသည်။

မကြာသေးမီက ဂျာနယ်တစ်စောင်တွင် ဖော်ပြပါရှိသော Daedong အမှတ်တံဆိပ် စပါးခြွေလှေ့စက် အသုံးပြု၍ အဆင်မပြေသဖြင့် တောင်သူလယ်သမားများ အခက်တွေ့နေသည့်သတင်းနှင့် ပတ်သက်၍လည်း ဆွေးနွေးကြည့်သည်။

**"Daedong ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုတဲ့အခါ အလေအလွင့်နည်းပါးစေဖို့ဆိုရင် စပါးပင်အမြင့်က ၁ ပေ ၈ လက်မ အထက်ရှိဖို့လိုတယ်။ ထွန်ယက်စိုက်ပျိုးမြေညီညာပြီး ရိတ်သိမ်းချိန်မှာ အောက်ခံမြေက သင့်တင့်တဲ့ မာကြောမှုရှိဖို့လိုတယ်၊ ကန်သင်းတွေ အတတ်နိုင်ဆုံးဖြောင့်တန်းဖို့လိုတယ်၊ စနစ်တကျအတန်းလိုက် စိုက်ခင်းဖြစ်ရမယ်၊ ကြဲခင်းမဖြစ်ရဘူး။ နောက်ဆုံး အရေးကြီးဆုံးတစ်ချက်ကတော့ စက်မောင်းများ ကျွမ်းကျင်မှုရှိရမယ်၊ ဒါဆို ရိတ်သိမ်းခြွေလှေ့မှု လွယ်ကူလျင်မြန်မယ်၊ အလေအလွင့်လည်း နည်းပြီး အကျိုးအရှိဆုံးဖြစ်မယ်"** ဟု ရှင်းပြသည်။

**" Daedong ရိတ်သိမ်းခြွေလှေ့စက်က Half Feeding Type ဖြစ်ပြီး တချို့နိုင်ငံထုတ်စက်တွေက Full Feeding Type ဖြစ်တယ်။ နှစ်မျိုးလုံးမှာ အားသာချက်ရှိသလို အားနည်းချက်တွေလည်းရှိတယ်။ Full Feeding Type စက်ကတစ်ပေ၊ တစ်ပေခွဲသာရှိပြီး တိုတဲ့စပါးပင်၊ ကြဲခင်းစပါးပင်တို့ကို တော်ရုံတန်ရုံ မြေပျော့တွေမှာတောင် ရိတ်သိမ်းနိုင်တယ်။ စပါးပင်အားလုံးကိုဆွဲပြီး ယူသွားတဲ့စနစ်မို့ ဆွဲယူတဲ့အချိန်မှာ စပါးစေ့ကြွေကျမှုနည်းတယ်။ ဒါပေမယ့် စပါးစေ့ခြွေရာမှာ ရိုက်ခြွေစနစ်ဖြစ်လို့ စပါးစေ့နာတယ်။ မျိုးစေ့အဖြစ်ပြန်သုံးလို့ မကောင်းဘူး၊ ကြိတ်ခွဲရာမှာလည်း ဆန်ထွက်အောက်တန်းလျော့ကျနိုင်တယ်။ စပါးရိုးအားလုံးကို ဖြတ်ပစ်တာမို့ တိရစ္ဆာန်အစာ မရနိုင်ဘူး။ တိရစ္ဆာန်အစာလိုတဲ့ အညာဒေသအတွက်ကျတော့ အဆင်မပြေဘူး။ ပြီးရင်စပါးစေ့တွေထဲမှာ အဖျင်းအမှော်တွေပါတာများလို့ တန်းပြီး အိတ်သွတ်သိုလှောင်လို့မရဘူး။ သီးသန့်တစ်ခါပြန်လည်သန့်စင်မှုလုပ်ပြီးမှ အိတ်သွတ်ထိန်းသိမ်းနိုင်တယ်"**။

**"Half Feeding Type ဖြစ်တဲ့ Daedong ရိတ်သိမ်းခြွေလှေ့စက်ရဲ့ ခြွေလှေ့တဲ့ပုံစံက စပါးနှံကနေ စပါးစေ့ကိုသပ်ပြီးခြွေတာ၊ ရိုက်ပြီးခြွေတာ မဟုတ်ဘူး၊ ဒါကြောင့် အကျိုးအကြေနည်းတယ်၊ မျိုးစပါးအဖြစ် ပြန်လည်ရယူနိုင်တယ်၊ အဖျင်း၊ အမှုန်၊ အမှိုက်နည်းလို့ ထပ်ပြီး သန့်စင်စရာမလိုဘဲ တစ်ခါတည်း သိုလှောင်နိုင်တယ်။ ကောက်ရိုးကို ပြန်ရတဲ့အတွက်ကြောင့်လည်း ကျွဲ၊ နွားအစာနဲ့ တခြားလိုအပ်တာတွေမှာ ပြန်သုံးစွဲနိုင်တယ်"**။

**"အားသာချက်တွေရှိသလို ခုနကပြောခဲ့တဲ့ စက်ကိုတည်ဆောက်ထားတဲ့ နည်းပညာအရ ကန့်သတ်ချက်တွေလည်းရှိတော့ မိုးများတဲ့အချို့ဒေသတွေမှာတော့ ကိုက်ညီမှုအားနည်းတာတွေကိုလည်း တွေ့ရပါတယ်။ မိုးအသင့်အတင့်ဒေသဖြစ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အထက်ပိုင်းဒေသတွေကတော့ ဒီရိတ်သိမ်းခြွေလှေ့စက်ကို အကြိုက်တွေ့နေကြတယ်"** ဟု ဆက်ပြောပြသည်။

ရှင်းလင်းပြောကြားချက်များကို နားထောင်ရင်း စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်သို့ ရောက်ရှိခဲ့စဉ် Daedong ရိတ်သိမ်းခြွေလှေ့စက် တစ်စီး ဝယ်ယူအသုံးပြုလျက်ရှိသည့် တောင်သူဦးမြင့်ကျော် ပြောခဲ့သည့် စကားသံများကို ပြန်လည်အမှတ်ရသည်။ ဦးမြင့်ကျော်က **"ကျွန်တော် Daedong 72 HP ရိတ်သိမ်းခြွေလှေ့စက်တစ်စီးကို အရစ်ကျငွေချေစနစ်နဲ့ ဝယ်ထားတယ်။ ဒီကောင်က တစ်နာရီမှာ ပျမ်းမျှတစ်ဧကနှုန်း ရိတ်သိမ်းခြွေလှေ့နိုင်တယ်။ ဆီစားနှုန်းက တစ်ဧကနှစ်ဂါလန်လောက်ရှိတယ်။ စက်စွမ်းရည်ကတော့ သီးနှံကို ၉၈ ရာခိုင်နှုန်း သန့်စင်စွာရိတ်သိမ်းခြွေလှေ့နိုင်ပြီး ၂ ရာခိုင်နှုန်းလောက်ပဲ အလေအလွင့်ရှိတယ်။ စပါးနှံမှာ စပါးစေ့မကျန်အောင်ကို ခြွေပေးနိုင်တာ။ ခြွေပြီးတဲ့စပါးစေ့မှာလည်း အမှိုက်သရိုက် ၉၉ ရာခိုင်နှုန်းသန့်စင်တယ်။ ဒါ့အပြင် တခြားစက်တွေက အင်ဂျင်ပါဝါကြီးတာနဲ့အမျှ စက်သံဆူညံတယ်။ ဒီစက်ကတော့ အင်ဂျင်ပါဝါ 72 HP ဆိုပေမယ့် စက်သံဆူညံမှုမရှိဘူး။ စပါးပင်အမြင့် ၁၈ လက်မသာရှိရင် ဘယ်လိုစပါးမျိုးကိုပဲဖြစ်ဖြစ် ရိတ်နိုင်စွမ်းရှိတယ်။ လယ်ကွင်းထဲမှာ ရေရှိမနေဘူးဆိုရင် လဲနေတဲ့ စပါးပင်ကိုတောင် ရိတ်နိုင်စွမ်းရှိပါတယ်"** ဟုပြောသည်။

၎င်းကဆက်၍ **"ကျွန်တော့်လယ်မှာ ရိတ်သိမ်းပြီးသွားရင် တခြားကို အငှားလိုက်တယ်၊ တစ်ဧက ကျပ်ငါးသောင်းနှုန်းနဲ့။ ကုန်ကျစရိတ်အရင်းက**



တောင်ကိုရီးယားနိုင်ငံမှ ချေးငွေဖြင့် ဝယ်ယူတင်သွင်း၍ သမဝါယမဝန်ကြီးဌာနက အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သဖြင့် အပိုင်ငွေနှင့် အဆင်ပြေနေသည့် တောင်သူဦးမြင့်ကျော်ကို ၎င်းဝယ်ယူထားသော Daedong ရိတ်သိမ်းခြွေလှေ့စက်နှင့်အတူတွေ့ရစဉ်။

**တစ်သောင်းခွဲလောက်ရှိတော့ တစ်ဧကကို ကျပ်သုံးသောင်းခွဲလောက် ကျွန်တော့်အတွက် ကျန်တယ်။ အခုဧက ၅၀ လောက် အငှားလိုက်ပြီးတဲ့အချိန်မှာ ကျွန်တော် ၁၇ သိန်းကျော်လောက်ရနေပြီဗျ။ လယ်ပိုင်ရှင်တွေအနေနဲ့ ကောက်ရိုးကို မိမိတို့ကျွဲ၊ နွားတွေအတွက် အစာရတယ်။ ပိုရင်လည်း ပြန်ရောင်းလို့ရပါသေးတယ်။ ၃ ပေအရှည် ကောက်ရိုးဆိုရင် တစ်ဧကရိတ်သိမ်းပြီးရောင်းရင် ကျပ်နှစ်သောင်းခွဲ၊ ၃ ပေအောက် ကောက်ရိုးဆိုရင် ကျပ်တစ်သောင်းခွဲနှုန်း ရပါတယ်"** ဟု ပြောပြသည်။

Daedong ရိတ်သိမ်းခြွေလှေ့စက်နဲ့ပတ်သက်လို့ တခြားပြောစရာရှိရင်လည်းပြောပါဦးဆိုတော့ သူက **"ရိတ်သိမ်းခြွေလှေ့စက်ကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်ဖို့ကတော့ အဓိကပဲဗျ၊ မြေအနိမ့်အမြင့်၊ ရေရှိ/ မရှိအပေါ် မူတည်ပြီး ချိန်ညှိတဲ့ခလုတ်တွေပါတယ်။ လဲနေတဲ့စပါးပင်တွေကိုလည်း လက်နဲ့ မပြီးရိတ်သိမ်းသလို အပင်ကိုဆွဲပြီး ရိတ်သိမ်းသွားနိုင်တဲ့ နည်းပညာတွေလည်းပါတယ်။ ဒီတော့ ဒီရိတ်သိမ်းခြွေလှေ့စက်ကို ကျွမ်းကျွမ်းကျင်ကျင်သာ ကိုင်တွယ်မောင်းနှင်တတ်မယ်ဆိုရင် ဆီစားနှုန်းသက်သာခြင်း၊ လေလွင့်မှုနည်းပါးခြင်း၊ သီးနှံကို ထိခိုက်မှုနည်းပါးခြင်း၊ သန့်စင်ပြီးသော သီးနှံကိုရရှိခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်"** ဟု မှတ်ချက်ပြုသည်။

ဦးမြင့်ကျော်နှင့်အတူ Daedong ရိတ်သိမ်းခြွေလှေ့စက် ဝယ်ယူအသုံးပြုလျက်ရှိသော ယင်းမာပင်မြို့နယ် မင်းကံကြီးကျေးရွာအုပ်စုမှ တောင်သူဦးသန်းဆောင်ကလည်း **"ဒီရိတ်သိမ်းခြွေလှေ့စက်ရဲ့ ရောင်းဈေးနှုန်းက အရည်အသွေးတူ တခြားရိတ်သိမ်းခြွေလှေ့စက်တွေထက် သက်သာပါတယ်။ အာမခံကာလ တစ်နှစ်အတွင်း ပျက်စီးတဲ့ စက်အစိတ်အပိုင်းတွေကို အခမဲ့လဲလှယ်ပြုပြင်ပေးတယ်။ ဆိုင်းငံ့ကာလ တစ်နှစ်၊ ပြန်ဆပ်ကာလ ခြောက်နှစ်ဆိုတော့ လုပ်ငန်းဆောင်ရွက်ရင်းနဲ့ပဲ ဒီကာလအတွင်း ကိုယ်ပိုင်စက်ဖြစ်သွားမှာပေါ့။ ဒီစက်ကို ကိုင်တွယ်မောင်းနှင်အသုံးပြုနည်း၊ ထိန်းသိမ်းပြုပြင်နည်းသင်တန်းတွေလည်း သင်ကြားလေ့ကျင့်ပေးတော့ အရမ်းကိုအဆင်ပြေပါတယ်"** ဟု ဝင်ပြောသည်။

ဒီလိုဆိုတော့လည်း Daedong စက်များနှင့်ပတ်သက်၍ မိမိကြားသိခဲ့ရသည့် အသိများနှင့် ယခုရှင်းလင်း ပြောပြချက်များအရ သိရှိရသည့် အရှိတရားများသည် လျော်ကန်မျှတမှုရှိကြောင်း ကောက်ချက်ချရမည်ဖြစ်သည်။

အတွေးစကိုဖြတ်ပြီးနောက် ကျွန်တော်ကဆက်လက်ပြီး **"သုံးမရတဲ့ စက်တွေကို သူတို့ကြားထဲက အကြံအဖန်တွေလုပ်ပြီးသွင်းတော့ တောင်သူတွေ ဒုက္ခရောက်ကုန်ရော"** လို့ ပါတီတစ်ခုရဲ့ဥက္ကဋ္ဌကပြောတယ်လို့လဲ အဲဒီဂျာနယ်ရဲ့ ရေးသားချက်မှာ ဖော်ပြထားတယ်နော်. . လို့မေးတော့ **"ဒီကိစ္စကို နိုင်ငံတော်အစိုးရအဆင့်က Accountablity ရှိရှိနဲ့လုပ်တဲ့ကိစ္စပါ။ သူတို့မသိလို့ပြောတာဖြစ်မှာပါ။ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ကမှ မဆောင်ရွက်ပေးရင် ဘယ်သူက ဆောင်ရွက်ပေးမှာလဲ။ ပြီးတော့ အဲဒီဂျာနယ်ရဲ့ ဖော်ပြချက်မှာ "ရေစုပ်စက်များ၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာများကို ဝယ်ယူတင်သွင်းပြီး ရောင်းချခဲ့ခြင်းဖြစ်သည်"လို့လည်းရေးထားတယ်။ လယ်ယာသုံးစက်ကိရိယာက လွဲလို့ တခြားဘာမှ ဝယ်ယူတင်သွင်း ရောင်းချခြင်းမရှိပါဘူး"** ဟု ရှင်းပြသည်။

ကျွန်တော်အတော်လေး ဇာတ်ရည်လည်သွားပြီ. . .။ Daedong လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်၍ နောက်ဆုံးမှတ်ချက်ကိုလည်း ဤသို့ ကြားသိခဲ့ရသည် -


**"Daedong စက်ကိရိယာတွေဟာ ဈေးကွက်အတွင်းမှာရှိတဲ့ တခြားစက်ကိရိယာတွေနဲ့နှိုင်းယှဉ်ရင် သူ့နည်းပညာ၊ သူ့အရည်အသွေး၊ သူ့ဈေးနဲ့သူတော့ သင့်မြတ်မှု ရှိတဲ့စက်ကိရိယာတွေပါ။ စက်တွေရဲ့အားသာချက်၊ အားနည်းချက်၊ ရေမြေနဲ့ကိုက်ညီမှု စတာတွေကိုသုံးသပ်ပြီး ဝယ်ယူလိုတဲ့ သမဝါယမအသင်းသား တောင်သူလယ်သမားတွေကို ပံ့ပိုးဆောင်ရွက်ပေးတာပါ။ ဒေသအလိုက်နဲ့ တောင်သူများရဲ့ အကြိုက်အပေါ် မူတည်ပြီး လုံလောက်အောင် ပံ့ပိုးပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်ပေးသွားမှာပါ။ ဥပမာ- ခုနက ရှင်းပြခဲ့တဲ့ အကြိုက်များတဲ့ လယ်ထွန်စက်တွေ ပေးစရာလက်ကျန်မရှိတော့တာကို ထပ်မံရရှိနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးတာမျိုးပေါ့။ နောက်ပြီး လျင်မြန်ထိရောက်တဲ့ ဝန်ဆောင်မှု (Service) တွေ ပေးနိုင်ဖို့စီမံတာတွေ၊ နည်းပညာအရ အချိန်တန်ရင် အသစ်လဲလှယ်ရမယ့် စက်အပိုပစ္စည်းတွေအလွယ်တကူရရှိနိုင်ဖို့ Service Centre တွေမှာအသင့် ထားရှိပေးတာတွေ၊ စက်ကိရိယာနဲ့တွဲဖက် အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းတွေ အလွယ်တကူရရှိနိုင်ဖို့အတွက် ကိုရီးယားသမ္မတနိုင်ငံကနေ မှာယူတင်သွင်းပေးတာတွေ၊ စက်ကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်တတ်ဖို့ ပြုပြင်တတ်ဖို့ မြို့နယ်တိုင်းမှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ပူးပေါင်းပြီး သင်တန်းပို့ချလေ့ကျင့်ပေးတာတို့ကို ဝန်ကြီးဌာနက စီမံကြီးကြပ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်"**။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် မိမိသိလိုသမျှ၊ စပ်စုသမျှကို မညည်းမညူ စိတ်ရှည်လက်ရှည်ရှင်းပြခဲ့သည့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ကျေးဇူးတင်စကားဆိုပြီး နှုတ်ဆက်ခဲ့သည်။

ဒီလိုဆိုတော့ ဆောင်းပါးအစမှာ ကျွန်တော်နိဒါန်းချီခဲ့သည့် ကမ္ဘာသူကမ္ဘာသားများအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးမှသည် မြန်မာတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေး အနာဂတ်အိပ်မက်သည် ရေးရေးပေါ်လာပြီဟု ကျေနပ်စွာခံစားလိုက်ရသလို ပီတိသောမနသဖွားမိပါသည်။

ကျေးလက်တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် စက်ကိရိယာများ တွင်တွင်ကျယ်ကျယ် သုံးစွဲလာနိုင်ခြင်းသည် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းမှု၏ အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးချိန်ရာသီအမီစိုက်ပျိုးနိုင်ခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ လုပ်အားခနှင့် စရိတ်စကသက်သာခြင်း၊ သီးနှံအရည်အသွေးကောင်းပြီး ဈေးကောင်းရခြင်း၊ အလေအလွင့် နည်းပါးခြင်း၊ သီးထပ်သီးညှပ်များ ပိုမိုတိုးတက် စိုက်ပျိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ကောင်းမွန်သောအထောက်အပံ့များကို ဖြစ်စေပါသည်။ ထိုသို့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးကဏ္ဍလည်း မလွဲမသွေပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးပံ့ပိုးဆောင်ရွက်ပေးမှု၊ လွှတ်တော်များ၏ ထောက်ခံမှုဖြင့် သမဝါယမဝန်ကြီးဌာနက လက်ရှိလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော တောင်သူလယ်သမားများ၏ လှပသော အနာဂတ်၊ ဘဝအာမခံချက်ကို ပေးနိုင်မည့် မှန်ကန်ပြီး ခိုင်မာသော လုပ်ငန်းစဉ်များဖြစ်ပါကြောင်း မှဒိတာစကား ဆိုအပ်ပါသည်။ ။







# ရန်ကုန်မြို့သစ်စီမံကိန်းကို ဒေသနဲ့လိုက်လျောညီထွေဖြစ်အောင် လုပ်ပေးဖို့လိုတယ်

ဦးတင်စိန်(ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း)

**ဇွန်၁၅ရက်ကကျင်းပသည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် တင်သွင်းသည့် ရန်ကုန်မြို့သစ်စီမံကိန်း အမြန်အကောင်အထည်ဖော်ရေး အဆိုကို တိုင်းဒေသကြီးလွှတ်တော်က ဆွေးနွေးပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀၀၊ ကန့်ကွက်မဲ ၁၀ မဲ၊ ပယ်မဲလေးမဲဖြင့် အတည်ပြုခဲ့သည်။ရန်ကုန်မြို့သစ် စီမံကိန်းကို လှိုင်မြစ်တစ်ဖက်ကမ်း ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် တွံတေးမြို့နယ်တို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်-**

**ဒေါ်ကြည်ကြည်မာ (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကြည့်မြင်တိုင်မြို့နယ် )**

ကြည့်မြင်တိုင်တစ်ဖက်ကမ်းဒေသက ဖွံ့ဖြိုးမှုနောက်ကျနေတယ်။ ဒီဒေသရဲ့နိမ့်ကျမှုကိုသိလို့ အမြဲတမ်းကွင်းဆင်းဆောင်ရွက်နေပါတယ်။ ဒီဒေသကို မြို့ပြအကောင်အထည်ဖော်မယ်ဆိုတော့ ဝမ်းသာတယ်။ ဒေသခံပြည်သူတွေ လိုလားချက်ကလည်း ဒီဒေသကြီး ဖွံ့ဖြိုးတိုးတက်ဖို့၊ မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဖို့ လိုလားကြတယ်။ မြို့သစ်စီမံကိန်း အကောင်အထည်ဖော်လိုက်မယ်ဆိုရင် ရန်ကုန်မြို့ရဲ့ လူဦးရေသိပ်သည်းမှုလည်း လျော့ကျမယ်။ ဒီဒေသနဲ့ ဆက်စပ်နေတဲ့ အခြားမြို့ရွာတွေလည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မြင်ပါတယ်။

**ဦးခင်မောင်ရင် (တမာတကောကျေးရွာအုပ်စု၊ တွံတေးမြို့နယ်)**

မြို့သစ်စီမံကိန်းထဲမှာ အများစုက တွံတေးအပိုင်ထဲကပါ။ လယ်မြေဧက ၂၀၀၀၀ကျော် ပါတယ်။ ကျွန်တော်တို့ လယ်တွေက ပန်းလှိုင်မြစ်ကောသွားတဲ့အတွက် လယ်စိုက်လို့မရတော့ဘူး။ အခုဆိုရင် တစ်နှစ်ကို လယ်တစ်ဧကတင်း ၂၀ပဲ ထွက်တော့ ဘယ်လိုမှ တွက်ခြေမကိုက်ဘူး။ လယ်လုပ်လို့မရတော့ လယ်သမားတွေရော၊ လယ်ကိုမှီပြီးလုပ်နေတဲ့သူတွေရော ရန်ကုန်ဘက်သွားပြီး အခြားအလုပ်တွေလုပ်နေရတယ်။ ကျွန်တော်တို့ဒေသက လူတွေရဲ့ လူနေမှုဘဝက အလွန်နိမ့်ကျနေတယ်။ ကျန်းမာရေးအတွက်ဆိုလည်း ရန်ကုန်မြို့ကိုသွားနေရတယ်။ အဘက်ဘက်ကနိမ့်ကျနေတဲ့ ဒီဒေသကို ရန်ကုန်မြို့သစ် စီမံကိန်း အကောင်အထည်ဖော်လိုက်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဦးထွန်းအေး (တောင်သူ) (ကုလားတန်းသုံးအိမ်ကျေးရွာအုပ်စု တွံတေးမြို့နယ်)**

မြို့သစ်စီမံကိန်းအကောင်အထည်ဖော်မယ်ဆိုရင် လယ်ယာမြေနဲ့ပတ်သက်ပြီး စနစ်တကျ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးစေချင်တယ်။ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်လာတဲ့ လယ်ယာမြေတွေကို အလွဲသုံးစားမလုပ်စေချင်ဘူး။ ကျွန်တော့်တို့ ဒေသမှာက ပညာတတ်လည်းမရှိဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ပညာမတတ်ခဲ့ဘူး။ မြို့ပြစနစ်ကို အကောင်အထည်ဖော်မှာကိုတော့မျှော်လင့်နေပါတယ်။

**ဦးခင်မောင်သန်း (ကြည့်မြင်တိုင်တစ်ဖက်ကမ်း)**

မြို့သစ်စီမံကိန်းအကောင်အထည်ဖော်မယ်ဆိုတော့ မြေကစားတဲ့သူတွေက လာဝယ်ကြတယ်။ အရင်တုန်းက သုံးသိန်းတန်ကို သိန်းသုံးရာပေးမယ်ဆိုပြီး လာဝယ်ကြတာ။ ရွာတော်တော်များများမှ ဒေသခံတွေက မရောင်းကြဘူး။ ပထမတုန်းက အကျပ်အတည်းဖြစ်တဲ့သူလောက်ပဲ ရောင်းကြတယ်။ အခု မြို့သစ်လည်း အကောင်အထည်ဖော်တော့မယ်ဆိုတော့ ရွှေခွက်ကို ပဲလှော်နဲ့ လဲလှယ်စားဖို့ စိတ်ကူးမရှိကြဘူး။ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီတွေကလည်း လယ်မြေတွေကို မြေကစားတဲ့ လူတွေလက်ထဲမရောက်ဖို့ ပြောကြတယ်။ ခုခေတ်က လက်သိပ်ထိုးလုပ်လို့ရတဲ့ခေတ် မဟုတ်တော့ဘူး။ ပွင့်လင်းမြင်သာစွာနဲ့လုပ်ရမယ့်ကိစ္စပါ။ ရင်းနှီးမြှုပ်နှံတဲ့ သူတွေကလည်း ရင်းနှီးမြှုပ်နှံသူအလျောက်၊ ဒေသခံတွေကလည်း ဒေသခံတွေအလျောက် မနစ်နာအောင်၊ မြို့သစ်ကြီးဖြစ်အောင် လုပ်ပေးမယ်ဆိုရင် ကောင်းတာပေါ့။ ကျူးကျော်ပြဿနာနဲ့ မြေယာအလျော်အစား ပြဿနာကြုံလာရင် မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်ပေးဖို့တော့လိုပါတယ်။

**ဦးတင်စိန် (ဝါးရုံဆိပ်အေးရွာ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း)**

မြို့သစ်စီမံကိန်းကို အစိုးရပဲလုပ်လုပ်၊ ပုဂ္ဂလိကကုမ္ပဏီတွေကပဲလုပ်လုပ် ဒေသနဲ့လိုက်လျောညီထွေဖြစ်အောင်လုပ်ပေးဖို့ လိုတယ်။ မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရင် ဒေသခံတွေအတွက် လက်ရှိအနေအထားအတိုင်း ဘယ်လိုခံစားခွင့်တွေရမလဲ။ ဒီဒေသမှာက သာသနိကအဆောက်အအုံတွေရှိတယ်။ ဘယ်လိုဆောင်ရွက်ပေးမလဲ။ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်မလဲ။ မီတာ ၈၆၀ လောက်ကွာတဲ့ မြစ်တစ်စင်းခြားပြီး ဒီဘက်ကမ်းက လူတွေရဲ့ လူမှုစီးပွားဘဝက နိမ့်ကျနေတယ်လေ။


ဒေါ်ကြည်ကြည်မာ (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)


ဦးခင်မောင်ရင် (တမာတကောကျေးရွာအုပ်စု တွံတေးမြို့နယ်)


ဦးထွန်းအေး (တောင်သူ) ကုလားတန်းသုံးအိမ်ကျေးရွာအုပ်စု တွံတေးမြို့နယ်


ဦးခင်မောင်သန်း (ကြည့်မြင်တိုင်တစ်ဖက်ကမ်း)


ဦးတင်စိန် (ဝါးရုံဆိပ်အေးရွာ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း)

**တွေ့ဆုံမေးမြန်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**

# ကျောင်းသား ကျောင်းသူများ ဘေးကင်းသောအစားအစာများ စားသုံးနိုင်ရေး စစ်ဆေးပညာပေးမှုများကို တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းလုပ်ဆောင်ရန်စီစဉ်

**ရန်ကုန် ဇွန် ၂၀**

ကျောင်းသားကျောင်းသူများအနေဖြင့် ဘေးကင်းသောအစားအစာများ စားသုံးနိုင်ရေးအတွက် ကျောင်းမုန့်ဈေးတန်းများကို ကွင်းဆင်းစစ်ဆေး ပညာပေးသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နေပြီး တစ်ပတ်လျှင် ပျမ်းမျှနှစ်ကြိမ်နှုန်း လုပ်ဆောင်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပြောသည်။

အဆိုပါဝန်ကြီးဌာနအောက်တွင် ယခင်က ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ယင်းကဲ့သို့ စစ်ဆေးပညာပေးဆောင်ရွက်ခဲ့သလို ယခုအခါဝန်ကြီးဌာန၏ ပြင်ဆင်ပြောင်းလဲခဲ့သောဖွဲ့စည်းပုံအရ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

"ဖွဲ့စည်းပုံအရ ဌာနအမည်သစ်အနေနဲ့ ရန်ကုန်ရုံးက ပထမဆုံးအနေနဲ့ စတင်ဆောင်ရွက်တာပါ။ အရင်နှစ်တွေက လုပ်ဆောင်ခဲ့တာရှိပါတယ်။ အခုက ဌာနအမည်သစ်အနေနဲ့ဆိုရင် ဒါပထမဆုံးလို့ ခေါ်လို့ရတယ်။ တစ်ပတ်ကို အနည်းဆုံးနှစ်ကြိမ်နှုန်းလောက်တော့ လုပ်ဆောင်သွားဖို့ မျှော်မှန်းထားတယ်။ ကျောင်းတွေ၊ ဈေးတွေ၊ ထုတ်လုပ်သူ၊ ရောင်းချသူတွေကို ကွင်းဆင်းစစ်ဆေးပြီးတော့ ပညာပေးဟောပြောမှုတွေ လုပ်ဆောင်သွားမှာပါ" ဟု ဦးမင်းသိန်းက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုံမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ယခုလ ၁၆ရက်က ကျောင်းမုန့်ဈေးတန်းစစ်ဆေး၍ ကျောင်းသားကျောင်းသူများ ဘေးကင်းသောအစားအစာများကို စားသုံးနိုင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရွှေစင်လှိုင်၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းမှ အတွင်းရေးမှူး ဦးကိုကိုနိုင်တို့က ဟောပြောဆွေးနွေးခဲ့ကြသည်။

စားဝတ်နေရေးတွင် အစားအစာသည် အရေးကြီးပြီး အစားအသောက်ကြောင့် အင်အားဖြစ်စေသလို အစားအသောက်ကြောင့် ဘေးဖြစ်စေတတ်သည့်အတွက် အစားအသောက်ကိစ္စသည် အလွန်အရေးကြီးကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းက ပြောသည်။

**ထက်ခိုင်(စမ်းချောင်း)**

# ဟောလီဝုဒ်နာမည်ကျော်မင်းသမီး အမ်မာစတုန်း ခေါင်းဆောင်မင်းသမီးနေရာကို ငြင်းပယ်



"Spider-man" ဇာတ်လမ်းတွဲများဖြင့်နာမည်ကျော်ကြားလာခဲ့သော ဟောလိဝုဒ်မင်းသမီးချော အမ်မာစတုန်းသည် "Ghostbusters"ရုပ်ရှင်သစ်တွင် ခေါင်းဆောင်မင်းသမီးနေရာမှ ရိုက်ကူးပေးရန် ကမ်းလှမ်းမှုကိုငြင်းပယ်ခဲ့သည်။

အခြားဟောလိဝုဒ်အကျော်အမော် သရုပ်ဆောင်များဖြစ်သည့် ခရစ်စတင်းဝစ်ဂ်၊ မယ်လစ်ဆာမက်ကတ်သီနှင့် ခရစ်ဟမ်းစ်ဝက်သ်တို့သည် အဆိုပါရုပ်ရှင်တွင် ပါဝင်ရိုက်ကူးပေးရန် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ရာ ထိုကဲ့သို့သော ရုပ်ရှင်မျိုးတွင် ရိုက်ကူးပေးရန်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည့် အမ်မာ၏ ငြင်းဆိုမှုသည် ပရိသတ်များကို အံ့ဩစေခဲ့သည်။

အဆိုပါငြင်းဆိုမှုနှင့် ပတ်သက်၍အမ်မာက" ဇာတ်လမ်းကတော့ကောင်းပါတယ်။ ဒါပေမယ့် ခုချိန်က ကျွန်မအတွက် ရုပ်ရှင်ပြန်ရိုက်ဖို့အချိန်ကောင်းမဟုတ်သေးဘူးလို့ ခံစားရတယ်"ဟု Wall Street ဂျာနယ်သို့ ပြောသည်။

လတ်တလောတွင် အမ်မာသည်သူ၏ချစ်သူ အန်ဒရူးဂါးဖီးလ်နှင့်အတူ အချိန်ကုန်လွန်လျက်ရှိပြီး အခြားသော လုပ်ငန်းကိစ္စများနှင့် အလုပ်များနေကြောင်း အမ်မာက ဆိုခဲ့သည်။



# qef, Gt wGft cspfwGk zG[ vdfwJSf[ Gw

အရပ်ရှည်ရှည်နှင့် စွဲဆောင်မှုရှိသော တောင်ကိုရီးယားမင်းသား ရှင်ဟွန်တသည် ဇွန် ၁၉ ရက်ကပြုလုပ်ခဲ့သော SBS ရုပ်သံလိုင်း၏ ရေဒီယို အစီအစဉ် "Cultwo Show" တွင် အမျိုးသမီးကေပေါ့ပ်အဖွဲ့ KARA ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဆန်းယွန်းကို နှစ်သက်မိကြောင်း ဖွင့်ဟခဲ့သည်။

ထို့ပြင်သူက ကေပေါ့ပ်အမျိုးသမီးဂီတအဖွဲ့ SECRET ၏ ပရိသတ်တစ်ဦးဖြစ်ခဲ့ဖူးသော်လည်းယခုအချိန်တွင် KARA ၏ပရိသတ်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆန်းယွန်း၏ ပရိသတ်တစ်ဦးသာဖြစ်ကြောင်း ဆိုသည်။

KARA အဖွဲ့အား နှစ်သက်ရသည့် အကြောင်းနှင့်ပတ်သက်၍လည်း သူက "KARA ရဲ့ ပထမဦးဆုံး တေးအယ်လ်ဘမ်မှာတုန်းက သူတို့ပရိသတ်အသိအမှတ်ပြုခံရအောင် အများကြီး ကြိုးစားခဲ့တယ်။ သူတို့ရဲ့ ပုံစံက ကျွန်တော်နဲ့လည်း တူတယ်။ တကယ်ကိုကျိုးကျိုးနွံနွံနဲ့ လုံ့လဝီရိယလည်းရှိတယ်လေ" ဟု ပြောသည်။

အဆိုပါ ရေဒီယိုအစီအစဉ်မှူးများက ဆန်းယွန်းအတွက် စကားလက်ဆောင်ပြောပေးပါရန် ရှင်ဟွန်တကို တိုက်တွန်းရာ သူက "ဆန်းယွန်းရေ အခုအချိန်မှာ ကျွန်တော်ကတော့ ကာရာရဲ့ သီချင်းတွေ နားထောင်ရတာကို နှစ်သက်မိပြီ။ မင်းရဲ့သီချင်းသစ် Cupid ကိုလည်း တော်တော်လေးကြိုက်တယ်။ မင်းကိုချစ်တယ်ဆန်းယွန်းရေ"ဟု ဆိုခဲ့ရာ ပရိသတ်များလည်းပွဲကျခဲ့ရလေသည်။

အေးပြည့်-စုစည်းသည်

# ဆယ်စုနှစ်တစ်ခုကျော်မှ အသက်ဝင်လာတဲ့ Princess Diaries 3

တစ်ချိန်က ပရိသတ်အားပေးမှုကို အပြည့်အဝရရှိခဲ့သော Princess Diaries ရုပ်ရှင်ကားများအနက် ဒုတိယမြောက်ရုပ်ရှင် Princess Diaries 2 ကို ၂၀၀၄ ခုနှစ်တွင် ရုံတင်ပြသခဲ့ပြီးနောက် ပရိသတ်များက တတိယမြောက်ရုပ်ရှင်ကို တွေ့မြင်လိုကြသော်လည်း စီစဉ်ရိုက်ကူးနိုင်ခြင်း မရှိသေးဘဲ ဆယ့်တစ်နှစ်ခန့်အကြာ ၂၀၁၅ ခုနှစ်မှပင် ပြန်လည်ရိုက်ကူးနိုင်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ရိုက်ကူးမည်ဆိုသည့် သတင်းကြောင့် Princes Diaries ရုပ်ရှင်ပရိသတ်များ စိတ်လှုပ်ရှားလျက်ရှိသည်။ သို့သော် ယခု ရိုက်ကူးမည့် တတိယမြောက်ရုပ်ရှင်၏ ဇာတ်လမ်းအမည်ကိုမူ မရွေးချယ်ရသေးကြောင်း သိရသည်။

Princess Diaries 1နှင့် 2 နှစ်ကားလုံးကို ထုတ်လုပ်ခဲ့သော ဒီဘရာချေစ့်ကပင် Princess Diaries3 ကို ထုတ်လုပ်သွားမည်ဖြစ်ကာ ယခုရုပ်ရှင်သည် ၂၀၀၄ ခုနှစ်က ရရှိခဲ့သော အောင်မြင်မှုမျိုး ထပ်မံရရှိနိုင်လိမ့်မည်လောဟုလည်း ရုပ်ရှင်လောကသားများက ဝေဖန်နေကြသည်။

# သတို့သမီးအရန်လုပ်မည့် ဒေမီလက်ဗားတိုး



အမေရိကန်ပေါ့ပ်အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ဒေမီလက်ဗားတိုးသည် "Sonny With a Chance"တွင် တွဲဖက်သရုပ်ဆောင်ခဲ့သော တစ်ဖရီသွန်းတွန်၏ မင်္ဂလာပွဲတွင် သတို့သမီးအရန်အဖြစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင်သူသည်အချစ်ဆုံးသူငယ်ချင်း အစ်ဂီအဇယ်လ်လီနှင့် အဆိုတော်နစ်ယန်းတို့၏ မင်္ဂလာပွဲတွင်လည်း သတို့သမီးအရန်အဖြစ် ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ဒစ်စနေကြယ်ပွင့်က ဆိုခဲ့သည်။

အစ်ဂီက" ကျွန်မ မင်္ဂလာဆောင်မှာ သတို့သမီးအရန်လေးယောက်ပါဝင်မှာပါ။ ဒေမီလက်ဗားတိုးလည်း တစ်ယောက်အပါအဝင်ပေါ့။ အကုန်လုံးကတော့သူငယ်ချင်းတွေပါပဲ။ ဒေမီကတော့ မင်္ဂလာဆောင်အတွက်သီချင်းလည်း ဆိုပေးဦးမှာပါ"ဟု ဂျိမ်းစ် ကော်ဒန်နှင့်ပြုလုပ်ခဲ့သော The Late Late Show ရုပ်သံအစီအစဉ်တွင် ပြောကြားခဲ့သည်။

လတ်တလောတွင် ဒေမီသည် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် Smurfs ရုပ်ရှင်သစ်တွင် အသံဖြင့် ပါဝင်သရုပ်ဆောင်လျက်ရှိပြီး သွက်လက်တက်ကြွသည့် Smurfette ၏ နေရာတွင် သရုပ်ဆောင်ရသည့်အတွက် စိတ်လှုပ်ရှားမိကြောင်း သူက ဆိုသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၁ - ၆ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၇း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၀၀ English For Myanmar
၁၁း၁၅ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြွက်ဖမ်းတဲ့နေ့"
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စက်ရုပ်ချစ်သူ (အပိုင်း-၂၉)
၄း၂၅ လျှပ်တစ်ပြက်
၄း၄၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ (အပိုင်း-၃၇)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွမ်းစားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ရာဇဝင်ထဲကတော်ဝင်သမားတော်"(အပိုင်း-၅၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာဖွဲ့ကြိုး" (အပိုင်း-၅၈)
- မြဝတီရုပ်မြင်သံကြားသတင်း

### MRTV News Channel

၇း၃၀ Head Line NEWS
၇း၃၅ Business News
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၅ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၁)
၁၀း၅၀ ကြိုတင်ကာကွယ် MERS COV
၁၂း၅၀ ဖြူ့ မည်းရုပ်ရှင် "မိုက်တယ်ဆိုတာလွယ်ပါတယ်" (ပထမပိုင်း) (ညွန့်ဝင်း၊ ခင်သန်းနု၊ အေးအေးသင်း) (ဒါရိုက်တာ-ဦးသုခ)
၃း၀၀ ပြည်တွင်း(၃)နာရီသတင်း၊ နိုင်ငံတကာသတင်း (Package)
၃း၃၀ Head Line NEWS
၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၃း၃၅ ဖြူ့ မည်းရုပ်ရှင် "မိုက်တယ်ဆိုတာလွယ်ပါတယ်" (ဒုတိယပိုင်း) (ညွန့်ဝင်း၊ ခင်သန်းနု၊ အေးအေးသင်း) (ဒါရိုက်တာ-ဦးသုခ)
၅း၁၅ "မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ"
၇း၁၅ "လူသားနှင့် ဇီဝအဝန်းနယ်မြေကန်သာအင်းလေးရေ"
၇း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၈း၃၀ "CLMV ACMECS" ကြိုတင်ပြင်ဆင်မှုများ

### Entertainment News Channel

၆း၀၀ အလင်္ကာဝတ်ရည် မြန်မာ့တေးဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၂၂)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ပေါရိသာဒလူသားစားဘီလူးမ" (မင်းခန့်ကျော်၊ ကျော်ဇောဟိန်း၊ စံပယ်မိုး) (ဒါရိုက်တာ- မင်းအေးထွန်း)
၇း၅၀ ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ)
၈း၂၀ "ထာဝရမိတ်ဆွေဖြစ်ပါစေ" (မိုးယံဇွန်၊ ဝါဆိုမိုးဦး) (ဒါရိုက်တာ-ကိုမျိုးထူး)
၈း၅၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၃၅ "မကောင်းရာ မကောင်းကြောင်း"
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ပထမအချစ် ဒုတိယနှလုံးသား" (ကျော်သူ၊ စိုးသူ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ- မျိုးမြင့်အောင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### mitv

- Sitagu International Buddhist Academy (Part-3)
- Amazing: Magician Sak Kaw Mạ
- Myanmar Classic Car Rally 2015
- Now In Yangon: Higer
- Black Gold (P-II)
- Mt. Naw Bu Baw
- Architect: U Thaw
- Unique Pattern Of Myanma...A Trend Of Chin Traditional Dress
- Now In Yangon: Mix Restaurant & Bar
- Myanmar Traditional Art Bronze Casting
- Food Trip (EP-1) Part -1
- Today Myanmar: Election
- U Kyaw Thu: From Artist to Philanthropist (Part-I)
- Myanmar Masterclass: Performance Art
- History Of Mrauk U Pagoda
- Orchid Lover
- Inspiratioṇ
- Waso Charity Feast
- Civic Duty
- Let's Cook (Episode - III)

# ရလဒ်များက မန်ယူချန်ပီယံဖြစ်ရန် လုံလောက်သောသက်သေဟု ရှိုင်ယန်ဂစ်ယုံကြည်

မန်ယူအသင်းလက်ထောက်နည်းပြ ရှိုင်ယန်ဂစ်က ပြီးခဲ့သည့်နှစ်မန်ယူ၏ရလဒ်များသည် ယခုနှစ်တွင် ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ရန် လုံလောက်သည့်အင်အားမျိုးရှိနေသည်ကို ပြသနိုင်သည့် သက်သေများပင်ဖြစ်သည်ဟု ဆိုလိုက်သည်။နည်းပြဗန်ဟားလ်လက်ထက် မန်ယူ၏ရလဒ်များမှာ အတက်အကျများခဲ့ပြီး ချန်ပီယံချယ်လ်ဆီးအောက် ၁၇မှတ်လျော့နည်းကာ အမှတ်ပေးဇယားအဆင့်လေးနေရာဖြင့်ရာသီသိမ်းခဲ့ရသည်။

သို့သော် မန်စီးတီး၊ အာဆင်နယ်၊ စပါး၊ လီဗာပူးတို့အား အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပြီး ချယ်လ်ဆီးကိုလည်း သရေရလဒ်ထွက်ပေါ်အောင်ကစားနိုင်ခဲ့ခြင်းများက မန်ယူအတွက် ရှင်းပြစရာမလိုသည့် အထောက်အထားများပင်ဖြစ်ပြီး ချန်ပီယံဆုကို တစ်ကျော့ပြန်စိန်ခေါ်နိုင်သည့် အနေအထားကို ပြသရာရောက်သည်ဟု ဂစ်က ဆိုသည်။

ဂစ်က" ကျွန်တော်တို့အသင်း ရာသီအစမှာ အကောင်းဆုံးရလဒ်တွေနဲ့အစပြုဖို့ ကြိုးပမ်းရင်းချန်ပီယံလိဂ်ကို ပြန်လည်ဝင်ရောက်ကစားခွင့်ရမှာဖြစ်တဲ့အတွက် တကယ့်ကို စိတ်လှုပ်ရှားမိပါတယ်။ ပြီးခဲ့တဲ့ရာသီက ရလဒ်တွေက မန်ယူအနေနဲ့ ချန်ပီယံလမ်းကြောင်းကို ပြန်လည်ဝင်ရောက်လာပြီဆိုတာ ပြသနိုင်တဲ့သက်သေတွေပဲပေ့ါ။ ရာသီအစမှာသာ အမှားအယွင်းမရှိကစားနိုင်ခဲ့မယ်ဆိုရင် ပရီမီယာလိဂ်ဖလားက ကျွန်တော်တို့အတွက်ဖြစ်လာမှာပါ။ ကျွန်တော်ကစားသမားဘဝမှာ အကောင်းဆုံးကစားသမား ဖြစ်ချင်ခဲ့သလို ထူးချွန်တဲ့ နည်းပြတစ်ယောက်အဖြစ်လည်းရပ်တည်ချင်ပါတယ် " ဟုဆိုသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီအစက ရလဒ်များဆိုးရွားခဲ့ပြီး ရာသီဝက်ခန့် ပြီးဆုံးချိန်တွင် အမှတ်ပေးဇယား အဆင့်(၉)နေရာအထိရောက်ရှိခဲ့သည်။

**(မေလွဲ့သင်း)**







## နေမာ လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ပြီးခဲ့သည့် ဇွန် ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ကိုလံဘီယာနှင့်ပွဲတွင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသော ဘရာဇီးတိုက်စစ်မှူးနေမာသည် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကြောင့် နည်းပြဒွန်ဂါအနေဖြင့် ကိုပါအမေရိကလက်ကျန်ပွဲစဉ်များကို နေမာမပါဝင်ဘဲ ကစားစေရတော့မည်ဖြစ်သည်။ နေမာသည် အဆိုပါပွဲတွင် ဒေါသမထိန်းနိုင်ဘဲ ကိုလံဘီယာအသင်းသားများနှင့် ပြဿနာဖြစ်ပွားခဲ့ရာ ပွဲပြီးခရာမှုတ်ပြီးနောက် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

နေမာအနေဖြင့် ကိုလံဘီယာနှင့်ပွဲမှာပင် အနီကတ်တစ်ကြိမ်၊ အဝါကတ်တစ်ကြိမ်ပြသခံခဲ့ရပြီး ပွဲဦးထွက်ပီရူးနှင့်ပွဲစဉ်၌လည်း အဝါကတ်တစ်ကြိမ်ထိခဲ့သေးသည်။ နှစ်ပွဲဆက်တိုက်အဝါကတ်ပြသခံခဲ့ရခြင်းကြောင့် နေမာမှာ အစောပိုင်းကပင် ဗင်နီဇွဲလားနှင့် ယှဉ်ပြိုင်ကစားရမည့် အုပ်စုနောက်ဆုံးပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သော်လည်း ယခုအနီကတ်ကြောင့်ရရှိသော ပြစ်ဒဏ်မှာမူ အကယ်၍ ဘရာဇီးအနေဖြင့် နောက်အဆင့်များသို့ ထပ်မံတက်ရောက်နိုင်လျှင် ဝင်ရောက်ကစားခွင့်မရှိသော ပြစ်ဒဏ်ဖြစ်သည်။

ယင်းပြစ်ဒဏ်ကို တောင်အမေရိကအုပ်ချုပ်ရေးအဖွဲ့က ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဘရာဇီးနည်းပြဒွန်ဂါအနေဖြင့် နေမာမရှိသော တိုက်စစ်တွင် ကော်တင်ဟိုနှင့် ဒေါက်ဂလက်စ်ကော်စတာတို့ကို ပွဲထွက်ကစားသမားအဖြစ် အစားထိုး ရွေးချယ်ရတော့မည်ဖြစ်သည်။ **(ရှိုင်ယန်ဟောဒင်)**

## ဘောလုံးလောကသတင်းတိုများ

ပီအက်စ်ဂျီက အက်သလက်တိုက်စစ်မှူး ဂရစ်ဇ်မန်းအတွက် ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့် ကမ်းလှမ်းထားသည်။

**ကိုပါအမေရိကဖလားပြိုင်ပွဲကာလအတွင်း အရက်သေစာသောက်စားကာ ယာဉ်မတော်တဆမှုဖြစ်ခဲ့သောကြောင့် ဗီဒယ်လ်ကို မန်ယူကခေါ်ယူရန်စိတ်ဝင်စားမှုမှာ အဆုံးသတ်သွားပြီဖြစ်သည်။**

မန်စီးတီးက အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှိုင်းယားအား တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ နှင့် ပြောင်းရွှေ့ကြေးပေါင်သန်း၄၀ပေးကာ ကမ်းလှမ်းလာခဲ့သည်။

**မန်ဇူကစ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်တော့မည်ဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီက အတည်ပြုပြောကြားခဲ့သည်။**

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာမူတိုက ကလပ်အသင်းအနေဖြင့် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် တိုက်စစ်မှူးနေမာဘက်မှ အမြဲရပ်တည်နေသည်ဟု ပြောကြားခဲ့သည်။

**မန်ယူနည်းပြဗန်ဟားလ်က တိုက်စစ်မှူးဗန်ပါစီ၏ ကြံ့ခိုင်မှုအပေါ် သံသယရှိနေသော်လည်း ကစားသမားကိုယ်တိုင်ကမူ လေ့ကျင့်ရေးကွင်းတွင် ပိုမိုတိုးတက်အောင် ကစားလာနိုင်ခဲ့သည်ဟု ဆိုသည်။**


မန်ယူအသင်းက ပစ်မှတ်ထားလျက်ရှိသည့် အသက်(၂၇)နှစ်အရွယ်ရှိ အာဂျင်တီးနားနောက်တန်းကစားသမား အော့တမန်ဒီသည် စပိန်လာလီဂါကလပ် ဗလန်စီယာအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

**အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အမျိုးသမီးအသင်းသည် အုပ်စု၏ အောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းကြောင့် နည်းပြ ကွာရီဒါအား ထုတ်ပယ်ပေးရန် စပိန်အမျိုးသမီးအသင်းက တောင်းဆိုခဲ့ကြောင်း သိရသည်။**

# ပေါ့ဘာအား မရရှိခဲ့ပါက ဝီလ်ရှိုင်းယားကို ပေါင်သန်း ၄၀ ဖြင့် မန်စီးတီးခေါ်မည်

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ပြင်သစ်နှင့် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ပထမဦးစားပေးကစားသမားအဖြစ် ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါ ကွင်းလယ်ကစားသမား ပေါ့ဘာအား ပေါင်သန်း ၇၀ အထိပေး၍ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအား ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်လာရန် ယခုအပြောင်းအရွှေ့ကာလတွင် ဘာမဆိုလုပ်ရန်ရည်ရွယ်ထားခြင်းကြောင့် ငွေကြေးသုံးစွဲမှုအများအပြားပြုလုပ်သွားမည် ဖြစ်ကြောင်းလည်း နည်းပြပယ်လီဂရီနီက ပြောကြားခဲ့သည်။




သို့ရာတွင် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာအား မန်စီးတီးအသင်းနှင့်အပြိုင် ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြင်သစ်ပထမတန်း၏ အချမ်းသာဆုံးအသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။ ထို့ကြောင့် ပေါ့ဘာအနေဖြင့် လက်ရှိကလပ် ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည်ဆိုပါက စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိအသင်းများဖြစ်သည့် ဘာစီလိုနာအသင်း သို့မဟုတ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိမ့်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ပေါ့ဘာအား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေး မည်မျှပေးရမည်၊ ပေါ့ဘာနှင့် စပ်လျဉ်းသည့် ဂျူဗင်တပ်အသင်း၏တုံ့ပြန်မှုများကို မည်သည့်အချိန်အထိ စောင့်ရမည်ဆိုသည်တို့နှင့် ပတ်သက်၍ ရှင်းလင်းစွာသိလိုကြောင့် ပေါ့ဘာနှင့် ဂျူဗင်တပ်တာဝန်ရှိသူများအား မန်စီးတီးအသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။




မန်စီးတီးအသင်းအနေဖြင့် ဂျူဗင်တပ်ကွင်းလယ်ကစားသမားပေါ့ဘာအား မခေါ်ယူနိုင်ခဲ့ပါက အာဆင်နယ်ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားအား ခေါ်ယူသွားရန်ရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ အထိ ပေးသွားမည် ဖြစ်ကြောင်းလည်း ပြောကြားထားသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားသည် လက်ရှိအာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်အထိဖြစ်ပြီး စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန်လည်း ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ယခုနှစ်နွေရာသီဈေးကွက်အတွင်း ကစားသမားခေါ်ယူမှုအဖြစ် ပေါ့ဘာနှင့် ဝီရှိုင်းယားတို့အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည့်အပြင် လီဗာပူးအသင်းမှ အင်္ဂလန်တောင်ပံကစားသမား စတာလင်ကိုလည်း ခေါ်ယူရန်စီစဉ်လျက်ရှိသည်။ သို့ရာတွင် မန်စီးတီးအသင်း၏ စတာလင်အား ကမ်းလှမ်းလာမှုကို လီဗာပူးအသင်းက နှစ်ကြိမ်တိတိ ငြင်းပယ်ခဲ့ပြီး စတာလင်အား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ပေးရမည်ဟု လီဗာပူးအသင်းက ပြောကြားခဲ့သည်။ မန်စီးတီးအသင်းကမူ စတာလင်အား ပေါင် ၄၅ သန်းဖြင့် တတိယအကြိမ်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပေါ့ဘာ၊ ဝီလ်ရှိုင်းယားနှင့် စတာလင်တို့အား ခေါ်ယူရန်စီစဉ်နေပြီး အဆိုပါ ကစားသမားသုံးဦးအနက် မည်သည့်ကစားသမား မန်စီးတီးအသင်း၏ အီတီဟက်ဒ်ကွင်းကြီးဆီသို့ ရောက်ရှိလာမည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

**(ငွေကြယ်)**

မျှော်လင့်ချက်တို့ ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ
မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျိုင်းတုံမြို့နယ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်ဝိုးကျေးရွာအနီး တောအတွင်း၌ မူးယစ်ဆေးဝါးရောင်းချနေသူယာဂူအား ရှာဖွေရာ ယာဂူ၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၉၇ ပြား သိမ်းဆည်းရမိသဖြင့် ယာဂူ (၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ဟဲဟိုးမြို့နယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်က ဟဲဟိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟဲဟိုးမြို့အဝင် ရထားသံလမ်းကူးတွင် တောင်ကြီးမြို့ဘက်မှ ဟဲဟိုးမြို့ဘက်သို့ ဇော်ဝမ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂ ပြား၊ ပြောင်းတို လေသေနတ် တစ်လက်နှင့် ခဲသီး ၄၈ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ဇော်ဝမ်း (၄၀) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လွိုင်လင်မြို့နယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အားဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ ရပ်ကွက်(၂) ရွှေပြည်သာရပ် လေးကျွန်းစကြာ်ဘုရားတောင်ဘက်လမ်းမပေါ်တွင်တွေ့ရှိသူ တသိန်းအားရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် တသိန်း (၂၄) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ယာဂူအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




## ဆက်သွယ်ရေးစက်၊ လောင်းကစားပစ္စည်းများနှင့် လောင်းကြေးငွေကျပ်သိန်း ၅၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များနှင့် မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် ညနေ ၄ နာရီက သတင်းအရ မဟာအောင်မြေမြို့နယ် (၆၂)လမ်း၊ (၃၈×၃၉)လမ်းကြားတွင် စောင့်ဆိုင်းနေစဉ် (၆၂)လမ်းအတိုင်း တောင်မှမြောက်သို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်နေ ရဲထွန်း(ခ)ထွန်းမင်း (၃၈)နှစ် မောင်းနှင်လာသော 6I/×××× Crown အဖြူရောင်ယာဉ်အား ရှာဖွေရာ ယာဉ်ရှေ့ခန်းအတွင်းမှ လက်ကိုင်စကားပြောစက်တစ်လုံး၊ လက်ထိပ်တစ်ကွင်းနှင့် စတီးတုတ် တစ်ချောင်း၊ ယာဉ်နောက်ခန်းရှိ ထိုင်ခုံပေါ်မှ ဘောလုံး/နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းငါးလုံးနှင့် လောင်းကြေးငွေကျပ် ၅၇၄၁၅၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ရဲထွန်း(ခ) ထွန်းမင်းအား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်ကြီးတံခွန်မြို့နယ်တွင် ပဲခွဲစက်ပတ္တာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် (၇၃)လမ်းနှင့် A2လမ်းထောင့်တွင်ဇွန်၁၉ရက်နံနက် ၇ နာရီ မိနစ်၅၀ခန့်က ဦးတင်အောင်(၅၈)နှစ်၏ အကျယ်ပေ(၆၀×၈၀) ပတ်လည် သွပ်မိုးအုတ်ကာ အုတ်ခင်းအာစီတစ်ထပ်တိုက် မန်းမြေအောင် ပဲခွဲစက်(ဂိုဒေါင်)ရှိ compare ပတ္တာကြိုးအပူလွန်ကဲ၍ အနီးရှိအမှုန်များမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၂၅ ပေပတ်လည် ပဲခွဲစက်ခန်း၏ အမိုး အနည်းငယ်၊ သစ်သားဇလား၊ ပတ္တာကြိုးနှင့် ကုလားပဲအိတ် ၂၀ မီး လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ်အစီး ၄၀၊ ရေသယ်ယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆၀ တို့ လာရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီတွင်မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးတင်အောင်(၅၈)နှစ်အား ပြည်ကြီးတံခွန်မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

❖❖


## 'ကျွန်မက နှင်းဆီပါမောင် ' ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ အထူးသတိပေး ကြေညာချက်

ထားဝယ်ရုပ်ရှင်ဖြန့်ချိရေးမှ ထုတ်လုပ်၍ ဒါရိုက်တာ 'ဝိုင်း' ရိုက်ကူးသော 'ကျွန်မက နှင်းဆီပါမောင်' ဇာတ်ကားကို ရုပ်ရှင်ချစ်ပြည်သူ ပရိသတ်ကြီးကတစ်ခဲနက်အားပေးကြည့်ရှုကြသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်အပ်ပါသည်။

သို့သော် 'ကျွန်မက နှင်းဆီပါမောင်' ရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ရုံများအတွင်း၌ တယ်လီဖုန်းကင်မရာများ အပါအဝင်၊ ကင်မရာအမျိုးမျိုးနှင့် ရိုက်ကူးခြင်း၊ ခေတ်မီနည်းပညာဖြင့် ရိုက်ကူးခြင်း၊ ကွန်ပျူတာ၊ အင်တာနက်အပါအဝင် ခေတ်မီနည်းပညာများဖြင့် ကူးယူခြင်း၊ ပေးပို့ခြင်း၊ အီလက်ထ ရွန် နစ်ဆက်သွယ်ခြင်းများ မပြုလုပ်ရန် အထူးတားမြစ်အပ်ပါသည်။

'ကျွန်မက နှင်းဆီပါမောင်' ဇာတ်ကားကို တယ်လီဖုန်းထဲ၌ လက်ဝယ်ထားခြင်း၊ CD, DVD နှင့် ကူးယူထားခြင်း၊ လူမှုကွန်ရက်စာမျက်နှာ (Face book) ပေါ်၌ Post တင်ထားခြင်း ရှိပါက ပယ်ဖျက်ပေးပါရန် မေတ္တာရပ်ခံသတိပေးအပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူမည် ဖြစ်ပါသည်။

သို့ပါ၍ 'ကျွန်မက နှင်းဆီပါမောင်' ရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ရုံများ၌သာ ကြည့်ရှုအား ပေးကြပါရန် နှင့် တယ်လီဖုန်းနှင့် ပေးပို့ခြင်း၊ Face book ပေါ်မှ တစ်ဦးနှင့်တစ်ဦး ပေးပို့ခြင်း ကိုယ်ပိုင်တယ်လီဖုန်းများ၌ လက်ခံ၍ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကွန်ပျူတာ၊ အင်တာနက်၊ တယ်လီဖုန်းစသော ခေတ်မီနည်းပညာများ အသုံးပြု၍ အီလက်ထ ရွန် နစ်ဆက်သွယ်ရေးကို တရားမဝင် ဆောင်ရွက်ပါက အီလက်ထ ရွန် နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြား ချက်အရ

| ဦးအောင်စိုး | ဒေါ်သီသီတန် |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၈၂/၈၂) | အထက်တန်းရှေ့နေ (စဉ်-၃၉၂၃၃) |
| B.A,R.L.D.B.L,D.M.L,D.I.L | LL.B,Business Management Higher Diploma |
| Diploma in International Business Organisation(UK) | DL,101,WIPO(Switzerland) |
| Diploma in International Intellectual Property Law(UK) | Aung Soe & Ace Top Lawfirm |

အမှတ် (၂၄၅)၊ ပထပ် (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၂၄၁၄၃၊၀၉ ၄၂၀ ၂၃၃၁၅






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့်တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၊ ဆောက်လုပ်မည့် အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူ အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား အောက်ပါဌာနများတွင် ၂၀-၆-၂၀၁၅ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၀-၇-၂၀၁၅ရက်၊ ၁၆နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

(က) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

(ခ) ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

(ဂ) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | - ၀၇၄-၂၉၅၂၀ |
| (ခ) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ | - ၀၇၄-၂၂၃၄၂၊ ၀၇၄-၂၂၃၀၇ |
| (ဂ) | ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ | - ၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂ |
| (ဃ) | တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြစ်ကြီးနားမြို့ | - ၀၇၄-၂၂၉၈၀၊ ၀၇၄-၂၀၉၀၉ |

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့။**



## မွေးသက္ကရာဇ်အမှန်

အဖ ဦးခင်ချို[၁၂/လကန(နိုင်)၁၂၅၅၈၃)] ၏ သားဖြစ်သူ အထက(ခွဲ)ဆားတလင်း၊ လှည်းကူးမြို့နယ်၊ န၀မတန်း(B)မှ မောင်ရှိန်းထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၁၁-၁၉၉၉)ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀၄)၊ မြေကွက်အမှတ်(၁၆၅၁-က)၊ အမည်ပေါက် ဦးထွန်းမြင့်(WKA-၀၂၄၄၃၈)၏ မြေကွက်အား အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ခင်အေးသူ[၁၂/လမန(နိုင်)၀၀၃၃၂၇]မှ မြေကွက်ဖိုးငွေသွင်းချလန်မူရင်း ပျောက်ဆုံးနေပြီး မြေချပါမစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား မြေချပါမစ်ပြုလုပ်ရန်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၈)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၃၀၆၊ မြေကွက်တည်နေရာအမှတ်(၃၀၆)၊ သခင်အုန်းဖေကြီးလမ်း၊ ၄၂ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ခင်ရွှေ(CA-၀၅၄၄၇၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ရွှေ (မိခင်)၊ ဦးတင်လှ(ဖခင်)တို့ကွယ်လွန်၍ ဦးထွန်း ထွန်းဦး[၁၂/မဂဒ(နိုင်)၀၃၅၄၆၀]နှင့် ဒေါ်မြင့် မြင့်ဦး[၁၂/ဥကတ(နိုင်)၀၄၃၅၁၃]တို့မှ သား သမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ ၇၀၁၈/၂၄-၇-၂၀၁၄တို့တင်ပြပြီး ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားခြင်းအား (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

# မြန်မာ့ရိုးရာ လယ်ထွန်မင်္ဂလာ

မဟာသဒ္ဓမ္မဇောတိကဓဇ
စည်သူဒေါက်တာခင်မောင်ညွန့်

နယုန်လ မုတ်သုံမိုးဝင်လာသည်နှင့်တစ်ပြိုင်နက် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားတို့ စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏အဓိက စီးပွားရေးဖြစ်သည့်အပြင် ဘာသာရေး၊ ယဉ်ကျေးမှုနှင့်သမိုင်းအရလည်း အလွန်အစဉ်အလာ ကြီးမားသောအလုပ်ဖြစ်သည်။

မိရိုးဖလာယုံကြည်ကိုးကွယ်မှုများမှာလည်း စိုက်ပျိုးရေးကို အခြေခံကာ ပေါ်ထွန်းလာခြင်းနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိ ပျံ့နှံ့ထွန်းကားလာသော ဟိန္ဒူပြဟ္မဏနှင့်ဗုဒ္ဓဘာသာတို့မှာလည်း စိုက်ပျိုးရေးကို အဓိကပြုကြသောကြောင့် ယင်းကိုးကွယ်ယုံကြည်မှုအားလုံးသည် စိုက်ပျိုးရေးဆိုင်ရာဓလေ့၊ ထုံးစံ၊ အခမ်းအနား၊ ပွဲလမ်းသဘင်များကို ပေါ်ထွန်းလာစေသည်။

မြန်မာမင်းတို့သည် စိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းဟုသတ်မှတ်ထားခြင်းကြောင့် နန်းတက်လာသည်နှင့် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများကိုပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်များတည်ဆောက်ခြင်း၊ စိုက်ပျိုးလယ်ယာမြေကိုင်းကျွန်းတို့ကို ထုတ်ဖော်တိုးချဲ့ပေးခြင်း၊ စိုက်ပျိုးရေးလုပ်သားများဖြစ်သော မြေကျွန်များ၊ ကျွဲ၊ နွားများလှူခြင်းပြုလုပ်ခဲ့ကြသည်။

မြန်မာမင်းတို့သည် အာဒိစ္စဝံ့သမျိုးမှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်နှင့်အညီ မင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာအရ တိုင်းသူပြည်သားတို့၏ စီးပွားချမ်းသာဖြစ်ထွန်းစေခြင်းအကျိုးငှာ ဘုရင်မင်းမြတ်တို့ကိုယ်တော်တိုင် မင်းပရိသတ်ခြံရံကာ သတ်မှတ်ထားသော လယ်တော်သို့အခမ်းအနားနှင့်ထွက်တော်မူပြီး လယ်ထွန်မင်္ဂလာကိုဆင်ယင် ကျင်းပလေ့ရှိသည်။ ယင်းသို့ဘုရင်ကိုယ်တိုင်ကျင်းပလိုက်ခြင်းဖြင့် နိုင်ငံတော်တွင် မိုးလေဝသကောင်းပြီး ဆန်ရေစပါး ပေါကြွယ်ဝ၍ ရဟန်းရှင်လူပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာကြသည်ဟု ယုံကြည်သည်။

ကပ်ဦးအစ၊ မဟာသမ္မတမင်းမှစ၍ လယ်ထွန်မင်္ဂလာကျင်းပသည့်အတိုင်း ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကလည်း ကျင်းပခဲ့သည်။ သားတော်သိဒ္ဓတ္ထမင်းသား တစ်လသားအရွယ်ရောက်သော နယုန်လပြည့်နေ့တွင် လယ်ထွန်မင်္ဂလာကျင်းပရန် နေပြည်တော်ကို ခမ်းနားစွာဆင်ယင်စေသည်။ ထွန်တုံးတစ်ထောင်ကို ပြင်ဆင်စေသည်။ နွားနို့ရောင်အဆင်းရှိသော နွားထီးတစ်ရှဉ်းစီဆွဲသော ထွန်တုံးတို့ကို ရွှေငွေတန်ဆာဆင်စေသည်။ ရတနာစီခြယ်ထားသော ကြိမ်နှင်တန်ကို ကိုင်စွဲလျက် မင်းကြီးကရွှေထွန်တုံးကိုစတင်ထွန်တော်မူသည်။ ကျန် ထွန်တုံးတို့ကိုလည်း မင်းညီမင်းသား၊ မှူးမတ်အားလုံး အသီးသီးထွန်ကြသည်။ ထွန်ရေးအပြန်အလှန်ပြုပြီးနောက် မင်္ဂလာစည်တော်များ ရွှမ်း၊ ဆုတောင်းမှုများပြုပြီး အခမ်းအနားကို အောင်မြင်စွာရပ်နားသည်။ နယုန်လပြည့်နေ့ သို့မဟုတ် လပြည့်ကျော်ရက်များ၊ နယုန်လအတွင်းတွင် ကျင်းပခဲ့ကြသည်။ မင်းအားလုံးကျင်းပနိုင်ခြင်းမရှိ။ နှစ်စဉ်လည်း မကျင်းပနိုင်ပါ။

အချို့သော ပညာရှိတို့က ဘုရင်မင်းမြတ်တို့ လယ်ထွန်မင်္ဂလာကျင်းပခြင်းသည် နိုင်ငံအတွက် မိုးလေဝသမှန်ပြီး ဆန်ရေစပါးပေါများသည့် မင်္ဂလာနိမိတ်ယူခြင်းဟုဆိုကြသည်။ ဗေဒင်ကိန်းခန်းအရ နိုင်ငံတော်ကို "တောင်သူကြီးမင်းမူလတ္တံ"ဟု ဟောကိန်းထွက်သောအခါ ကျိန်းချေသည့်အနေဖြင့် ဘုရင်ကိုယ်တိုင် လယ်ထွန်မင်္ဂလာကျင်းပသည်ဟုလည်း ဆိုကြသည်။ လယ်ယာကိုင်းကျွန်းစိုက်ပျိုးရေးသည် နိုင်ငံ၏ အဓိက စီးပွားရေးဖြစ်သောကြောင့် ဘုရင်ကိုယ်တိုင်က စိုက်ပျိုးရေးကို အားပေးသည့်အနေဖြင့် ကိုယ်တိုင်လယ်ထွန်ပြခြင်းဖြင့် တောင်သူလယ်သမားအများပြည်သူတို့ အားတက်ဂုဏ်ယူကြပြီး လုပ်ငန်းကို ကြိုးစားမှုပိုမိုဖြစ်လာစေသည်။ ဘုရင်ကိုယ်တိုင်က စံနမူနာပြုပြီး ထွန်ယက်ပေးခြင်းဖြစ်သည်။

ပုဂံမင်းဆက်တွင် လယ်ထွန်မင်္ဂလာကို နှစ်စဉ်ကျင်းပသော မင်းတို့ကို "ထွန်" ဟူသော စကားနှင့် အမည်ပေးမှတ်တမ်းတင်ထားခဲ့သည်။ ယင်းတို့ကား (၁) ထွန်တိုက်မင်း(၅၆၉-၅၈၂အေဒီ)၊ (၂) သားတော်ထွန်ပစ်မင်း (၅၈၂-၅၉၈ အေဒီ)၊ (၃) သားတော်ထွန်ချစ်မင်း (၅၉၈-၆၁၃ အေဒီ)နှင့် (၄) ထွန်တွင်းမင်း (၇၅၃-၇၇၆အေဒီ)တို့ ဖြစ်သည်။

လယ်ထွန်မင်္ဂလာကျင်းပသောအခါ ဘုရင်ကိုယ်တိုင် မင်းမြောက်တန်ဆာငါးပါးဝတ်ဆင်ပြီး ထွက်တော်မူကြီးနှင့် ထွက်လာသည်။ ထွက်တော်မူကြီးဆိုသည်မှာ ရှေ့ဆုံးတွင် စမြောင်(လယ်ရှင်းပေးသောတပ်)။ သည့်နောက် ရှေ့ခြောက်တပ်မှာ ဘုရင်ရှေ့က လိုက်ပါရသည်။ နောက်ခြောက်တပ်မှာ နောက်တော်မှ ပါရသည်။ ဝင်းစုံခင်းထွက်တော်မူလာသည်။ ရှေ့၊ နောက်ခြောက်တပ်များတွင် စစ်အင်္ဂါလေးပါး ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တပ်များပါပြီး ခြေလျင်တပ်များတွင် ဓား၊ လှံ၊ အဲမောင်း၊ သေနတ်၊ အမြောက်၊ လေးမြားစသည်များပါသည်။



ကုန်းဘောင်ခေတ်တွင် လယ်ထွန်မင်္ဂလာကျင်းပခဲ့သော မင်းများမှာ ပထမ (၁ ဘိုးတော်ဘုရား)(ဗဒုံမင်း) (၁၇၈၂-၁၈၁၉အေဒီ)သည် မြန်မာသက္ကရာဇ် ၁၁၅၂ခု (အေဒီ ၁၇၉၀) ခုနှစ် နယုန်လပြည့်ကျော် ၁ ရက် သောကြာနေ့တွင် ကန်တိလိခေါ် အောင်ပင်လယ်ကန်အနီး၌ ကြီးကျယ်ခမ်းနားသော သဘင်နန်းကို ဆောက်စေပြီး "ရွှေထွန်၊ ငွေထွန်၊ ရွှေထမ်းပိုး၊ ငွေထမ်းပိုး၊ ရွှေကြိုး၊ ငွေကြိုး၊ ရွှေနှင်တံ၊ ငွေနှင်တံတို့နှင့် သားတော် အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေး၊ သူကြွယ် အပေါင်းခြံရံလျက် လယ်ထွန်မင်္ဂလာသဘင်ပြုတော်မူသည်။

ထိုအခါ အိမ်ရှေ့ အိမ်တော်ရွှေတိုက်စာရေး မောင်မင်းအောင်ကို အိမ်ရှေ့မိဖုရားအမိန့်တော်နှင့်ဆင့်၍ မောင်မင်းအောင်က စီကုံးဆက်သရသော လယ်ထွန်မင်္ဂလာတျာသံသီချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"လယ်တော်ထွန်စ၊ နေ့ကျော်မှာ၊ လမိုင်းတံခွန်တွင် ဝန်သည့် မတ်လိမ်မာ၊ သည့်ပြင်မှာငယ်လေ၊ ပြည်ဦးကင်း၊ မြောက်ဘက်ကယ်တိုက်ဝန်း ရွှေနန်းစဉ်ကျွန်း၊ ရွှေထွန်ကြီး တစင်းငယ်နှင့်လေး။

"ဇမ္ဗူပိုင်ထိပ်နန်းရှေ့တော်မှာ၊ အစဉ်မကွဲ၊ လက်ဝဲနှင့် လက်ယာ၊ ဘုန်းစရာငယ်လေး၊ ကိုယ်လုံးဝင်း၊ ရွှေသားငယ်မျဉ်းတိုတွင်းချပ်၊ မိန်ညိုဆင်၊ နေလုလင်ပြိုင်နှုန်း၊ ကင်းရလေး။

"လယ်တော်တွင်းငယ်မှာ၊ ကြယ်မင်းငယ်ဥက္ကာ၊ နားလျာကျသို့လေး။ သောက်ရှူးတော်၊ ရွှေကုံးနှင့် တိမ်လုံး ပြည့်လျှပ်နွယ်၊ အံ့ဖွယ်များလှလေး။

"မဟာသမ္မတ ဆက်စဉ်လား၊ လယ်ထွန်အောင်ခန်း၊ ရွှေနန်းမင်္ဂလာထွန်တော် သိင်္ဂါမှာ ရန်မျိုးပ။ နန်းလုံးငယ်မျက်ရှင် ရွှေစက်တော်တင်၊ စမွယ်ရှင် ရှဉ်းစုံကသည်နှင့်လေး။

"ရွှေနန်းငယ်ရံသ နတ်ကုန္ဒာ၊ ရွှေထွန်တော်ကြီးအနီး အဝေးမကွာ။ သည့်နောက်တော်မှာလေ၊ မင်းသားကြီး တော်ဒူးငယ်စနည်၊ ရာထူးလည်စဉ်စီရွှေထွန်စီးပါလို့လေး။

"လယ်တော်ကြီးငယ်မှာ၊ ရွှေထီးငယ်နှင့်သာ စံကာ မြန်းတော့သည်။ မျည်းရှည်တော်ရွှေသားနှင့်တိမ်ကြားက နတ်နှယ်၊ သွယ်သွယ်ဆန်းလှသည်"။

ဘိုးတော်ဘုရားနှင့် နောင်တော်ဘကြီးတော် စစ်ကိုင်းမင်း အရိုက်အရာဆက်ခံသော သာယာဝတီမင်း (ကုန်းဘောင်မင်း၊ ရွှေဘိုမင်း ၁၈၃၇-၁၈၄၆ အေဒီ) သည် မြန်မာသက္ကရာဇ် ၁၂၀၂ (အေဒီ ၁၈၄၀) နှစ်တွင် အောင်ပင်လယ်ကန်အနီး ဘုရင့်လယ်တော်တွင် ခမ်းနားသော မင်းတဲကြီး ဆောက်လုပ်ပြီး စစ်အင်္ဂါ လေးပါးခြံရံလျက် မိဖုရားခေါင်ကြီးနှင့်အတူ ထွက်တော်မူလာပြီး လယ်ထွန်မင်္ဂလာကျင်းပပါသည်။

ရွှေထွန်၊ ငွေထွန်၊ ရွှေထမ်းပိုး၊ ငွေထမ်းပိုး၊ ရွှေကြိုး၊ ငွေကြိုး၊ ရွှေနှင်တံ၊ ငွေနှင်တံတို့ဖြင့် သားတော်၊ ညီတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်၊ ဗိုလ်မှူး၊ တပ်မှူး၊ သူဌေးသူကြွယ် အပေါင်းခြံရံလျက် ကြီးကျယ်ခမ်းနားစွာဖြင့် လယ်ထွန်မင်္ဂလာကို ဆင်ယင်ကျင်းပတော်မူသည်။ တောင်ဥယျာဉ်စံနန်းတော်တွင်ရှိနေစဉ် မြဝတီမင်းကြီးဦးစအား လယ်ထွန်မင်္ဂလာသီချင်းအသစ်ကို "မောင်စက ဆက်သွင်းစေ" အမိန့်ချသောကြောင့် မြဝတီမင်းကြီးဦးစက အောက်ပါအတိုင်း စပ်ဆိုဆက်သွင်းရသည်။

"ဆဒ္ဒန်မိုင် ဘုန်းမြင့်နရိန္ဒာ၊ လယ်ထွန်အောင်ခန်း၊ ရွှေနန်းစဉ်မင်္ဂလာ၊ မိုးယံမှာလေ၊ ကြယ်ဇေဌ၊ သီတဂူတာရိန်၊ နှစ်နန်းငယ်ချိန် ထိန်ထိန်ရံဝန်းစသည်နှင့်လေး။

"စမွာယ်ဖြူဥသဘာ၊ ဟန်လှငယ်ရှဉ်းစုံ၊ ရွှေထွန်တော်ကြီးညီးညီးအံ့ရာပုံ၊ ဇေယျခုံငယ်လေ၊ သာသန့်ရှင်း အမရဝေယနာ၊ ရွှေဗိမာန်၊ ဇေကန်မြေချီးကင်းဝယ်မလေး။

"ပြည်၊ ပြည်တောင်သနင်း၊ မင်းမင်းများသခင်၊ စက်စုံတော်တင်မြန်းရစ်သန်းလှည့်ကာနှင်၊ ရှေ့တော်တွင်မှာလေ၊ မှူးမတ်ကြီး လက်ဝဲယ်လက်ယာ တင့်မောစွာ ဆက်ကာဝေး၊ မနီးငယ်ကလေး။

"ရွှေထွန်းစီပါလို့ လွန်တင့်တယ် လေးမည်ရန်တား နတ်လားထင်မိဖွယ်၊ ဘုန်းပွင့်လျှာနေနွှယ်လေ။ ရာမင်း မင်းဖျားမောက်တိုတော်ရတနာ၊ ကိုးမျက်ရောင်ဖြာ၊ . အံ့ . ရာအခြားခြားငယ်နှင့်လေး။

"မျဉ်းရှည်တော် ညှံ့ထွား၊ ပတ္တမြားလှိုင်ချွန်းမျဉ်းတို ရောင်ကြွား၊ ပြယားဝေသဝဏ်၊ တိုင်းထွက်စွန်း၊ ရှေးလွန်မကြုံတောင်းငယ်တည့်လေး။

"တော်ကြီးငယ်ဆင်၊ ဧယာဉ်သည်မြပြောင်းမျှလေး၊ နတ်ငှာန်ငယ်ကျော်သောင်း၊ ထက်စည်ငယ်ညံ့ညောင်း ဆော်တယ်ကို၊ ရာဝင်တော်စုံ၊ ဖွေဖော်တူးသည်နှင့်၊ ချီးကျူးခွင့်မကုန်ပါလို၊ ရစ်သန်းငယ်ရောင်စိုလေ၊ ထိန်ဝင်းလိုညီး။

"ထွန်ရေးငယ်ဖြန့်ရာ၊ နောက်တော်ကမှာ၊ စီစဉ်ကာ မင်းသားကြီးငယ်နှင့်လေး။

"ဇမ္ဗူရွှေမှည့်သီး၊ တီးချက်ကယ်ပြိုးပြောင်၊ မောက်တို ရွှေသား၊ ပတ္တမြားမျက်စိ စိန်တောင်။

"မှူးကြီးငယ်မတ်ခေါင်လေ၊ အခြားခြား၊ တိမ်ချပ်ကယ်ပုံပြင်၊ နတ်စောသွင်၊ ဆင်ယင်ရွှေဝတ်ခါးငယ်နှင့်လေး။

"မိုးယံငယ်တလွှား၊ မိုးသားငယ်၊ လှိုက်ဝှန်၊ ကြယ်သွန်နှိုးတော့သည်။ ကောက်နှံငယ်ဆင့်ပွား၊ ကောက်သားငယ် ကြွယ်ကုံ၊ တောင်ပုံဖြိုးတော့သည်"။

နောက်ဆုံး လယ်ထွန်မင်္ဂလာကျင်းပသော မြန်မာမင်းမှာမင်းတုန်းမင်း(၁၈၅၃-၁၈၇၈ အေဒီ) ဖြစ်သည်။ ယင်းအခမ်းအနားကို မျက်မြင်ကိုယ်တွေ့ဖြစ်သော ပုဂ္ဂိုလ်နှစ်ဦးတို့က မှတ်တမ်းတင်ခဲ့သည်။ တစ်ဦးမှာ နန်းတွင်းပန်းချီဆရာကြီး ဆရာချုံဖြစ်သည်။ ပုရပိုက်ဖြူတွင် ဆေးရောင်စုံနှင့် မင်းတုန်းမင်းလယ်ထွန်မင်္ဂလာဆင်ယင်နေပုံကို ရေးချယ်မှတ်တမ်းတင်ခဲ့သည်။ ယင်းပန်းချီ ပုရပိုက်ဖြူကို ယနေ့ လန်ဒန်မြို့ ဗြိတိသျှပြတိုက်တွင် သိမ်းဆည်းထားသည်။ ယခု ဤဆောင်းပါးတွင် ဖော်ပြပါသည်။ နောက်တစ်ဦးမှာ အင်္ဂလိပ်လူမျိုး ဂျေဂျီစကော့ဖြစ်သည်။ သူသည် မြန်မာသမိုင်း ယဉ်ကျေးမှုအကြောင်း စာအုပ်များစွာ ရေးသားထုတ်ဝေသူဖြစ်သည်။ ရွှေရိုးဟူသော ကလောင်အမည်ဖြင့်သူရေးသား ထုတ်ဝေသော The Burman, his life and nations စာအုပ်တွင် Gracious Ploughing ခေါင်းစဉ်နှင့် မင်းတုန်းမင်း၏ လယ်ထွန်မင်္ဂလာအခမ်းအနားကို အစအဆုံးအသေးစိတ်ဖော်ပြထားသည်။ ဆရာချုံ၏ ပန်းချီမှတ်တမ်းနှင့် စကော့၏မှတ်တမ်းတို့ကိုက်ညီလှသည်။ ထို့အပြင် မန္တလေးမြို့ဂေဇက်တီယား Mandalay Gnzetteer Vol. A စာမျက်နှာ ၆၆-၆၇ တွင် Mr.H.F Serrle ကြေးတိုင်မင်းကြီးက မင်းတုန်းမင်း၏ လယ်ထွန်မင်္ဂလာသဘင်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"မန္တလေးမြို့ကို တည်ပြီးနောက် မင်းတုန်းမင်းသည် ရှေးရိုးရာအစဉ်အလာအတိုင်း လယ်ထွန်မင်္ဂလာပွဲကို အောင်ပင်လယ်အနီးရှိ လယ်တော်တွင် ကျင်းပသည်။ မန္တလေးနန်းမြို့၏ အရှေ့စူးစူး ရန်ကင်းတောင်သို့ သွားရာလမ်းအတိုင်းသွားရသည်။ သရက်ကုန်းရွာ၏ အနောက်ဘက်ရှိ လယ်ကွက်များ ပယ် ၂၀ ရှိရာ ၁၀ ပယ်မှာ မင်းကြီးလယ်၊ ကျန် ၁၀ ပယ်မှာ မိဖုရားခေါင်ကြီးလယ်ဖြစ်သည်။ နန်းမြို့တော်ဦးထိပ်တံခါးမှစပြီး လယ်တော်အရောက် ခရီးတစ်လျှောက်လုံး ပွဲလမ်းဈေးကနားများ တည်ဆောက်ထားသည်။ မင်းတရားကြီးသည် ထွက်တော်မူကြီး အခမ်းအနားနှင့် ရွှေနန်းတော်မှ ထွက်တော်မူလာသည်။ ရတနာနဒီမြစ်ကို ဖြတ်ကူး မင်္ဂလာဥယျာဉ်တော်အတွင်း ယာယီနန်းတော်သို့ ရောက်လာသည်။ လယ်ထွန်မင်္ဂလာကျင်းပမည့် လယ်တော်တစ်ဝိုက်တွင် ၃၇ မင်း နတ်စင်များဆောက်ထားပြီး ပူဇော်ပသထားသည်။ မင်္ဂလာအခါတော်ကျသည်နှင့် တစ်ပြိုင်နက် မင်းတုန်းမင်းသည် မင်းမြောက်တန်ဆာငါးပါးဝတ်ပြီး မင်းညီမင်းသား မှူးမတ်သေနာပတိအပေါင်း ခြံရံကာ လယ်တော်တွင်းသို့ ဆင်းလာသည်။ အားလုံး အခမ်းအနားဝတ်စုံပြည့်ဆင်မြန်းလာကြသည်။ ထွန်များနှင့် နွားများမှာလည်း ရတနာကျောက်မျက်များ စီခြယ်ထားသော အဆင်တန်ဆာများနှင့် တောက်ပနေသည်။ ထွန်တုံးများမှာ ရွှေထွန်တုံး၊ ငွေထွန်တုံးများဖြစ်သည်။ မင်းတရားကြီးက လယ်တော်တွင် သုံးလေးကြိမ်ခန့် အပြန်အလှန်ထွန်သောအခါ အားလုံးကလည်းဆိုင်ရာထွန်များကို ထွန်ကြသည်။ သည့်နောက် မင်းတရားကြီးသည် ယာယီနန်းတော်သို့ ပြန်ကြွသွားပြီး သုံးရက်စံမြန်းနေသည်။ ထိုအချိန်တွင် နေ့ညမပြတ်ပွဲခံသည်။ အိုးစည်၊ ဒိုးပတ်၊ အက၊ အခုန်များကျင်းပရာ ပြည်သူအပေါင်း သောင်းသောင်းဖြဖြပျော်မြူးကြသည်။ ၃၇ မင်းနတ်တို့ကိုလည်း ပူဇော်ပသသည်။ သည့်နောက် ရွှေနန်းတော်သို့ ပြန်ဝင်တော်မူသည်။ လယ်ထွန်မင်္ဂလာကို နယုန်လဒုတိယပိုင်းတွင် ကျင်းပလေ့ရှိသည်။ မိုးကောင်းပြီးသီးနှံစပါး ဆန်ရေပေါများစေရန်အတွက် လယ်ထွန်မင်္ဂလာကျင်းပခြင်းဖြစ်သည်။

မင်းတုန်းမင်း၏ လယ်ထွန်မင်္ဂလာကို အောက်ပါအတိုင်း ဖွဲ့ဆိုထားသောသီချင်းကို ကျောင်းသုံး မြန်မာစာ စာအုပ်များတွင် လေ့လာရပါသည်။

**ယမထာ၊ ရွှေကြိမ်လုံးရယ်နဲ့**
**ထွန်တုံးကိုတဲ့ခြေတော်တင်**
**နွားကြန်စုံအင်၊**
**ပျိုးခင်းကိုဝင်၊**
**ကောင်းကင်က၊ ရွှေပိန်ညင်းရယ်**
**မိုးခေါ်လို့ဆင်း။**

ယမထာဆိုသည်မှာ မြန်မာ့သစ်တောထွက် ကြိမ်များအနက် အကောင်းဆုံးကြိမ်အမျိုးအစားကို ခေါ်သည်။ နွားကြန်စုံအင်ဆိုသည်မှာ နွားနို့ရောင်ကဲ့သို့ ဖြူဖွေးလှပပြီး အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော နွားထီးနှစ်ကောင်ကို ကျောက်သံပတ္တမြားများနှင့် ဆင်ယင်ထားပြီး ဘုရင့်ရွှေထွန်တုံးကို ဆွဲစေသည်။ ကနက်ကဒန်ထီးဖြူနှစ်စင်းက ထွန်တုံးပေါ်စီးနေသော မင်းတရားကြီးအား ကာမိုးထားသည်။ ဆရာချုံပန်းချီတွင် တွေ့ရပါသည်။

ယနေ့တိုင် မန္တလေးမြို့ အောင်ပင်လယ်အနီး သရက်ကုန်းရွာနား၌ ဘုရင့်လယ်တော်ကို တွေ့မြင်နိုင်ပါသည်။ ။

# မကွေးတိုင်းဒေသကြီး၌ဒေသတွင်း မြီရှင်မြီစား ပြဿနာများ ဖြေရှင်းပေးနိုင်တော့မည်

**မကွေး ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီတို့ ပူးပေါင်းရေးဆွဲခဲ့သည့် ၂၀၁၄ ခုနှစ် မကွေးတိုင်းဒေသကြီး ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်းဥပဒေကို ၂၀၁၅ ခုနှစ်ဇွန်လတွင် အတည်ပြုပြဋ္ဌာန်းလိုက်ပြီး ဥပဒေ၏ ကောင်းမွန်သော ရည်ရွယ်ချက်များကြောင့် လူမှုဘဝများတွင် ရင်ဆိုင်ကြုံတွေ့နေရသောဒေသတွင်း မြီရှင်မြီစား ပြဿနာများကို စနစ်တကျ ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မကွေးတိုင်းဒေသကြီး ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်းဥပဒေတွင် အခန်းပေါင်း (၁၁)ခန်း ပါရှိပြီး အခြေခံလူတန်းစားများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်၊ အခြေခံလူတန်းစားများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစားစီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးအထောက်အကူပြုရန်၊ အိမ်တွင်းစီးပွားရေးလုပ်ကိုင်သူများ အထောက်အပံ့ဖြစ်ရန်၊ အတိုးကြီးပေး၍ ငွေချေးယူနေကြရခြင်းမှ လွတ်မြောက်စေရန်၊ ငွေထုတ်ချေးသူ မြီရှင်တို့ ရသင့်ရထိုက်သော အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်စေရန်၊ တိုင်းဒေသကြီးအစိုးရမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ ၁၉၄၅ ခုနှစ် ငွေတိုးချေးစားသူများအက်ဥပဒေအရ ငွေတိုးချေးစားခွင့် လိုင်စင်မရှိသူတို့ ပုဂ္ဂလိက အသေးစား ငွေချေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ငွေချေးသူ မြီရှင်၊ ငွေချေးယူသူမြီစားနှင့် အစိုးရတို့အားလုံး အကျိုးရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ ဥပဒေအား ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဒ်မ ၁၈၈ ပြဋ္ဌာန်းချက်မှာ တိုင်းဒေသကြီး (သို့) ပြည်နယ် ဥပဒေပြုစာရင်း နောက်ဆက်တွဲဇယား(၂)တွင်ပါရှိသော ဥပဒေများအား သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့) ပြည်နယ် အစိုးရအဖွဲ့များကို ဥပဒေပြုခွင့်ပေးထားချက်အရ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင်ပါရှိတဲ့ ချေးငွေဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

'ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍအပါအဝင် ကဏ္ဍခုနစ်ခုမှာ မိမိဒေသနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ဥပဒေတွေကို ပြဋ္ဌာန်းခွင့် ပေးထားတာပါ။ ဒီကနေ့အထိ ပြည်သူတွေကို တိုက်ရိုက်အကျိုးသက်ရောက်နိုင်မယ့် ဥပဒေ ၁၄ ခု အတည်ပြုပြဋ္ဌာန်းပြီးပါပြီ" ဟု တိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်စိုးက ပြောသည်။

ချေးငွေဥပဒေတွင် လုပ်ငန်းလိုင်စင်သက်တမ်းမှာ တစ်နှစ်ဖြစ်၍ လိုင်စင်ကြေးကျပ်ငါးသောင်း သတ်မှတ်ကာ ငွေထုတ်ချေးသူက တစ်ဦးလျှင် ကျပ် ၁၀ သိန်းထက်ပိုမချေးရန်သတ်မှတ်ထားပြီး ငွေချေးသူမြီစားက ငွေချေးယူရာတွင် အိမ်ထောင်ဦးစီးဖြစ်ရမည်ဟု ၎င်းကဆက်လက်ပြောသည်။

အိမ်ပိုင်ဝိုင်းပိုင်နှင့် အခြေတကျနေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရန် လိုအပ်ကြောင်း၊အဆိုပါ ဥပဒေအရ အတိုးနှုန်းမှာ ကျပ်တစ်ရာလျှင် နှစ်ကျပ်ပြားငါးဆယ် သတ်မှတ်ကာ လစဉ်(သို့) ခြောက်လတစ်ကြိမ် အတိုးပေးသွင်းရမည်ဖြစ်ကြောင်း၊ တစ်နှစ်ပြည့်ပါက အတိုးအရင်း နှစ်ရပ်လုံးပေးဆပ်ရန် သတ်မှတ်ထားပြီး ကျသင့်အတိုးငွေကိုဖြစ်စေ၊ အရင်းငွေကိုဖြစ်စေ ပေးဆပ်ရန် ပျက်ကွက်လျှင် ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်ငါးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် ငွေချေးယူသူ မြီစားဘက်တွင်လည်း အကျိုးရှိသလို ငွေချေးသူ မြီရှင်ဘက်တွင်လည်း အာမခံချက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

ယခင်က ချေးငွေပြန်လည်ရလိုမှုကို တရားမကြောင်းဖြင့်သာ တရားရုံးဦးတိုက်လျှောက်ခွင့်ရှိပြီး အတည်ပြုပြဋ္ဌာန်းလိုက်သော ဥပဒေအရ ရဲအရေးပိုင်သော ကိစ္စဖြစ်လာသောကြောင့် ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ရနိုင်ပြီဖြစ်ကာ ငွေချေးသူမြီရှင်များဘက်မှ အားသာချက်တစ်ခုဖြစ်နေသကဲ့သို့ အရပ်ထဲ၊ ဈေးထဲတွင် စားဝတ်နေရေး ရုန်းကန်လှုပ်ရှားနေရသော ပြည်သူများအနေဖြင့်လည်း နေ့ပြန်တိုး၊ ဇောင်းတိုး၊ ချစ်တီးတိုး၊ ဆပ်၍မကုန်သည့် အတိုးသံသရာများ အလယ်မှ လွတ်ကင်းနိုင်မည့် မြီစားများဖြစ်လာကာ လူမှုဘဝများအဆင်ပြေလာလိမ့်မည်ဟု ယူဆကြောင်း ဥပဒေပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**ဧယျာတု(မကွေး)**



**ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ (၁၃) နီလာ(၂)လမ်းတွင် တစ်အိမ်ထောင် ကျပ် ၂၀၀ နှုန်းဖြင့် နေစဉ်ကောက်ခံပြီးကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းလာခဲ့သည်မှာ ပေ ၅၀၀ ခန့် ဆောင်ရွက်ပြီးစီးသွားကြောင်း၊ ယခုဆက်လက်ပြီး ဇွန် ၁၇ ရက်တွင် ကွန်ကရစ်လမ်း ထပ်မံခင်းနေမှုအပေါ် ရပ်ကွက်နေပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။**

သတင်းနှင့်ဓာတ်ပုံ- အောင်ကြီး(ပဲခူး)

# ဖန်းမောက်ချောင်းကြီးချောင်း၌ကြိုးတံတား တည်ဆောက်ရန်ဒေသခံများကလိုလားနေ

**ဖန်းမောက် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာ အရှေ့ဘက်ကမ်းနှင့် အနောက်ကမ်းတို့ကို ဆက်သွယ်ဆောက်လုပ်ထားသော တံတားမှာ သေးငယ်ပြီး မိုးတွင်းကာလတွင် ရေစီးနှင့်အတူ နှစ်စဉ်မျောပါလျက်ရှိနေသောကြောင့် ဖြတ်သန်းသွားလာရန်ခက်ခဲသဖြင့် ရာသီမရွေးသွားလာနိုင်သော ကြိုးတံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ရန် ဒေသခံများက လိုလားလျက် ရှိကြောင်းသိရသည်။

မံအင်မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာအရှေ့ကမ်းနှင့် အနောက်ကမ်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းကြီးချောင်းမှာ မိုးတွင်းကာလတွင် ချောင်းအသီးသီးမှစီးဝင်ကြသောရေစီးရေဝင်မှုကြောင့် တံတားတည်ဆောက်ရန်အခက်အခဲကို နှစ်စဉ်ကြုံတွေ့နေကြရသဖြင့် အလျားပေ ၂၄၀၊ အကျယ် ၁၂ ပေခန့်ရှိသော ကြိုးတံတားတစ်စင်းကို တည်ဆောက်နိုင်မှသာလျှင် ဒေသတွင်းဖြတ်သန်းသွားလာမှု အဆင်ပြေလွယ်ကူနိုင်မည်ဖြစ်ကြောင်း ပုရင်းတောင်အနောက်ကုန်းရွာရာအိမ်စုမှူး ဦးဝင်းဗိုလ်က ပြောသည်။

ချောင်းကြီးချောင်း ကြိုးတံတားတည်ဆောက်ရန်အတွက် မံအင်မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းရွာနှင့် ပုရင်းတောင်အနောက်ကုန်းရွာများမှ ကြိုးတံတားဖြစ်မြောက်ရေးနာယကများ၊ တံတားတည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာငွေ ရှာဖွေရေးကော်မတီဝင်များကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အခုကျွန်တော်တို့ တည်ဆောက်မယ့် ကြိုးတံတားဟာ ဖန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စုနဲ့ မံလောင်ပေပင်ကျေးရွာအုပ်စုတို့ကိုဆက်သွယ်ထားတဲ့ ချောင်းကြီးချောင်းပေါ်မှာ ဆောက်လုပ်မဲ့ ကြိုးတံတားအသစ်ဖြစ်ပါတယ်။ ဒီတံတားကိုအမှီပြုပြီးတော့ ဖြတ်သန်းသွားလာနေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ ရွှေသတ္တုကုမ္ပဏီတွေ၊ တစ်ပိုင်တစ်နိုင်ရွှေလုပ်ကိုင်ကြသူတွေ၊ တောင်သူဦးကြီးတွေအတွက် ဖြတ်သန်းသွားလာရေးမှာ အမှန်တကယ် လိုအပ်နေပါတယ်။

"ချောင်းရေပြင်ကလည်း ကျယ်လွန်းတော့ အခိုင်အမာ ဘေလီတံတားတည်ဆောက်ဖို့ရာကလည်း မလွယ်ပါဘူး ဒီလိုအခက်အခဲမျိုးကို ကျွန်တော်တို့ဒေသခံတွေ နှစ်စဉ်ကြုံတွေ့နေရတာပါ။ ဒါကြောင့်မို့ ဆက်သွယ်သွားလာရေးအဆင်ပြေအောင်ချောင်းကြီးချောင်း ကြိုးတံတားကိုတည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ကြိုးတံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဖြစ်သော အရှေ့ကုန်းရွာရာအိမ်စုမှူး ဦးထွန်းအောင်က ပြောသည်။

အဆိုပါကြိုးတံတား ဆောက်လုပ်ပြီးစီးပါက ဖန်မောက်မြို့နယ်၊ ပင်လယ်ဘူးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များသို့ ဖြတ်သန်းသွားလာနိုင်သဖြင့် ဒေသတွင်း ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

# ငါးနှစ်အောက်ကလေးများနှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးဆိုင်ရာများ ပြုစုကုသပေး

**မကွေး ဇွန် ၂၀**

မကွေးမြို့ မြို့ဦးရပ်ကွက် အောင်မင်္ဂလာ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များမှ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုတွင် မကွေးမြို့ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်ဥမ္မာအေးက ဦးဆောင်ပြီး စုစုပေါင်းအင်အားရှစ်ဦးပါဝင်၍ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး လူနာဦးရေမှာ ကလေး ၈၈ ဦး၊ သက်ကြီးရွယ်အို ၉၆ ဦးရှိကြောင်း သိရသည်။

ကလေးများကို ပေါင်ချိန်ခြင်း၊ အားဆေးများတိုက်ကျွေးခဲ့ပြီး ကျန်းမာရေးဗဟုသုတရစရာများကို ဟောပြောခဲ့သည်။ သက်ကြီးရွယ်အိုများကို သွေးတိုးစမ်းသပ်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးချိုစစ်ခြင်း၊ ကျန်းမာရေးဗဟုသုတရစရာများ ဟောပြောခြင်းများပြုလုပ်ပေးခဲ့ပြီး အားဆေးများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ငါးနှစ်အောက်ကလေး ကျန်းမာရေးပြုစုကုသစောင့်ရှောက်ခြင်းနှင့် ရွေ့လျားကျန်းမာရေးစောင့်ရှောက်ခြင်းကို တစ်ပတ်လျှင်သုံးရက်ပြုလုပ်ပေးခဲ့ပြီး မြို့ပေါ်ကျေးရွာများသို့ အလှည့်ကျ ရွေ့လျားကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**ဓာဓာ(မကွေး)**

# ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း လင်းပိုင်သေတစ်ကောင်တွေ့ရှိ

**ကသာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ဇွန် ၁၅ ရက်က ရေအမြင့်မှတ် ၅၅၀ စင်တီမီတာရှိနေချိန် ညောင်ခြေထောက်ကျေးရွာအနီးတွင် ဧရာဝတီမြစ်အတွင်းမှ လင်းပိုင်(အမြီးပြတ်)တစ်ကောင်သေနေသည်ကို ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမှ ထီးချိုင့်သို့ စုန်မောင်းလာသော လှိုင်းမော်တော်ရေယာဉ်တစ်စင်းသည် တာဝန်သိရှိစွာဖြင့် ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း (အမြီးပြတ်)မျောပါသေဆုံးနေသော ဧရာဝတီလင်းပိုင် တစ်ကောင်ကိုတွေ့ရှိခဲ့ရာ ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ ပေးပို့အပ်နှံခဲ့သည်။

ဇွန် ၁၁ ရက်တွင်သေဆုံး၍ မျောပါလာခြင်းဖြစ်နိုင်ပြီး ဦးခေါင်းမှ အမြီးပြတ်နေသောနေရာအထိငါးပေ၊ ကိုယ်ထည်အလယ်လုံးပတ် ၅၁ လက်မ၊ ဦးခေါင်းအရှည် ၁၉ လက်မ၊ ဦးခေါင်းလုံးပတ် ၄၉ လက်မ၊ ခန့်မှန်း အလေးချိန် ၆၀ ပိဿာ၊ သေဆုံးချိန်မှာ လွန်ခဲ့သောငါးရက်ခန့်က ဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။

ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးကိုဦး၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူနှစ်ဦး၊ ရေလုပ်ငန်းရှင်များပါဝင်သောအဖွဲ့နှင့်ပူးပေါင်း၍ လိုအပ်သော စစ်ဆေးချက်များ ဆောင်ရွက်၍ ထီးချိုင့်မြို့အောက်ဘက်ရှိ ရေလယ်သောင်တွင်မြေမြှုပ်နှံထားခဲ့ကြောင်း သိရသည်။

**ကသာခရိုင်(ပြန်/ဆက်)**

# တီဘီရောဂါအခမဲ့ ကွင်းဆင်းစစ်ဆေးကုသပေး

**မြောင် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန ဆရာဝန်ကြီးဒေါက်တာကျော်ရှိန် ဦးဆောင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် အထူးကုဆရာဝန်ကြီးများနှင့်အတူ ဇွန် ၁၈ ရက် နံနက် ၇ နာရီက မြောင်မြို့နယ် နဘက်စံပြကျေးရွာ ခန္တောရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး နဘက်တိုက်နယ်အတွင်းရှိ ကျေးရွာပြည်သူများအား တီဘီရောဂါကင်းစင်ရေး အခမဲ့ ကွင်းဆင်းစစ်ဆေး၍ ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အထူးကုဆရာဝန်ကြီးများဦးဆောင်၍ တီဘီရောဂါပိုး ရှိ မရှိ သလိပ်စစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ပြသကြသူများအား တီဘီရောဂါကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

***မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)***


အမေရိကန်ရောက် တရုတ်ဗိုလ်ချုပ်ကြီး ဖန်ချန်လောင်း။

# စစ်ရေးဆက်ဆံမှု ကဏ္ဍသစ်

## အမေရိကန်နှင့် တရုတ် ဖွင့်လှစ်

**ကိုရင်ဩ**

သံတမန်ရေး ဆက်ဆံမှုအရ နှစ်နိုင်ငံ တင်းမာမှုများ ထုံ့ပိုင်းထုံ့ပိုင်းဖြစ်တတ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား စစ်ရေးဆက်ဆံမှု အခန်းကဏ္ဍသစ်ဖွင့်လှစ်မည့် သဘောတူညီချက်တစ်ရပ်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ရရှိလိုက်ကြပြီဖြစ်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးတည်းဟူသော အကျိုးစီးပွားတစ်ရပ်ကို ရည်မျှော်လျက် ထူးကဲသော ပူးပေါင်းဆောင်ရွက်မှုပြယုဂ်အဖြစ် ရှုမြင်ကြရလေ၏။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ထိခိုက်နစ်နာမှုများကို ပြန်လည်ပြုပြင်ဖာထေးနိုင်ခြင်းမရှိပါက တတိယကမ္ဘာစစ်၏ အကျိုးဆက်များကို တွေ့ကြုံခံစားရဖွယ်ရှိသည်ဟု အမေရိကန်ကုဋေကြွယ်သူဌေးကြီးနှင့် ရင်းနှီးမြှုပ်နှံသူ ဂျော့ချ်ဆိုးရော့စ် ပြောကြားသလိုပင် အရှေ့နှင့် အနောက် ဆက်ဆံရေးတွင် အရေးအကြီးဆုံးမှာ ယင်းနှစ်နိုင်ငံတို့ ကျီးကိုဘုတ်ရိုသေ၊ ဘုတ်ကို ကျီးရိုသေဟူဘိသို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အလေးမူအရေးယူကာ ကမ္ဘာ့ငြိမ်းချမ်းရေးတာဝန်ကို ရွက်ဆောင်ကြိုးပမ်းသင့်ပေသည်။

တရုတ်နိုင်ငံ ဗဟိုစစ်ရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ ကြည်းတပ်ဗိုလ်ချုပ်ကြီးဖန်ချန်လောင်းသည် ဇွန် ၁၂ ရက်က ဝါရှင်တန်ရှိ အမျိုးသားကာကွယ်ရေးတက္ကသိုလ်၌ နှစ်နိုင်ငံ စစ်ရေးဆက်ဆံမှုမြှင့်တင်ရန် ရည်ရွယ်သော သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

"တရုတ်-အမေရိကန် ကြည်းတပ်တပ်ဖွဲ့များ အပြန်အလှန် ဆွေးနွေးရေး လုပ်ငန်းစဉ်" ဟု အမည်ပေးထားသော သဘောတူညီချက်ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေ့ကျင့်သင်ကြားရေး၊ ဒုတိယအကြီးအကဲဗိုလ်ချုပ်တန်နင်းနှင့် အမေရိကန်ကြည်းတပ် စွမ်းပကားများ မြှင့်တင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝိလျံဟစ်စ်တို့ လက်မှတ်ရေးထိုးခဲ့ကြရာတွင် ဖန်ချန်လောင်းနှင့်အတူ အမေရိကန်ကြည်းတပ်ဦးစီးချုပ် ရေမွန်အိုဒီယာနိုတို့ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

တရုတ်နှင့် အမေရိကန်အကြား စစ်ဘက်ဆိုင်ရာ ဆွေးနွေးပွဲများ ပုံမှန်ကျင်းပနိုင်ရေးမှာ ကာလရှည်မျှော်လင့်စောင့်စားနေခဲ့ကြရသည့် ကောင်းမြတ်သော အာသီသတစ်ရပ်ဖြစ်သည်။

အတန်ကြာမြင့်လှသည့် နှစ်ကာလအတွင်း တရုတ်နှင့် အမေရိကန်အကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်သည်။

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် ဦးတည်သည့် ယင်းသဘောတူညီချက်အရ လာမည့်နှစ်တွင် မိမိတို့ နှစ်နိုင်ငံ၏ ကြည်းတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်နိုင်ဖွယ်ရှိကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူး ကွမ်ယုဖေက မှတ်ချက်ပေးခဲ့သည်။

လာမည့်နှစ်တွင် ကျင်းပမည့် ပစိဖိတ်သမုဒ္ဒရာ နှုတ်ခမ်းသတ်နိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုသို့ တရုတ်နိုင်ငံ ပါဝင်တက်ရောက်ရန်လည်း အမေရိကန်က ဖိတ်ခေါ်ခဲ့သည်။

ထိုစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လာမည့် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန် စီစဉ်ထားရာ နှစ်နိုင်ငံသံတမန်ရေးဆက်ဆံမှုတွင် အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်လိမ့်မည်ဟု ရှုမြင်ရလေသည်။

နှစ်နိုင်ငံ သံတမန်ရေး ဆက်ဆံမှုတွင် ထူးခြားအရေးပါလှသည့် အမှတ်လက္ခဏာတစ်ရပ်အဖြစ် စစ်ရေးဆက်ဆံမှုတိုးတက်မှုက ကြီးစွာအထောက်အကူပြုပေလိမ့်မည်။

သမ္မတရှီသည် ၂၀၁၃ ခုနှစ်က အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့စဉ်ကပင် နှစ်နိုင်ငံ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးကို ဦးတည်ခဲ့သည်။

အပြန်အလှန် ယုံကြည်မှု တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်းမှ ရှောင်ရှားခြင်းနှင့် ရေရှည်ထာဝရ မိတ်ဝတ်မပျက် ဆက်ဆံခြင်းတို့မှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်သည့် ခြေလှမ်းများအဖြစ် ကမ္ဘာသူ၊ ကမ္ဘာသားတို့က ကြိုဆိုကြပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးဖန်ချန်လောင်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့် သဘောကွဲလွဲမှုအမျိုးမျိုးကို ပြန်လည်ရင်ကြားစေ့နိုင်ရန် ကြိုးပမ်းခဲ့သည်ကို တွေ့မြင်ရသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာကလည်း အမေရိကန်အစိုးရ၏ ရပ်တည်ချက်ကို ချပြရင်း ဆက်ဆံရေး အဖုအထစ်များ ဖြေလျော့နိုင်ရန် ကြိုးပမ်းခဲ့သည်။

သမ္မတရှီ၏ အမေရိကန် ခရီးစဉ်အကြိုကာလတွင် နှစ်နိုင်ငံ တပ်မတော်များအကြား သဘောတူညီချက်အသစ်များ ရရှိရေးအတွက် အပြီးသတ်ဆွေးနွေးညှိနှိုင်းနေကြချိန်လည်းဖြစ်သည်။ နှစ်နိုင်ငံ စစ်လေယာဉ်များ ထိပ်တိုက်တွေ့ချိန်တွင် လိုက်နာပြုကျင့်အပ်သည့် ကျင့်ထုံးများ တိုးတက်ကောင်းမွန်လာရေး၊ စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများ မပြုလုပ်မီ ကြိုတင်အသိပေးရေးစသည်တို့နှင့် ပတ်သက်၍ သဘောတူညီချက်များ ရရှိရန် ဆွေးနွေးနေကြဆဲဖြစ်သည်။

တရုတ်နှင့် အမေရိကန် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် တုံ့လှယ်သည့် အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန် ယခုအခါ လမ်းပွင့်သွားပြီဖြစ်သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းများတွင် နှစ်နိုင်ငံ ကြည်းတပ်တပ်ဖွဲ့ဝင်များ အတူယှဉ်တွဲလုပ်ကိုင်သွားကြမည်ဟု မျှော်လင့်ရသည်။

သို့ရာတွင် တရုတ်နှင့် အမေရိကန်အကြား စစ်ရေးဆက်ဆံမှု တိုးတက်လာစေရေးအတွက် ခြေလှမ်းများပြင်ဆင်လာနိုင်သည့်တိုင် နှစ်နိုင်ငံအကြား စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့အရ သဘောကွဲလွဲမှုများ ကြီးမားစွာ ဖြစ်ပေါ်နေဆဲဖြစ်သည်။

အမေရိကန်-တရုတ် မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကိုလာမည့် ရက်သတ္တပတ်တွင် ဝါရှင်တန်၌ ကျင်းပရန် ရှိနေပြီး တောင်တရုတ်ပင်လယ်အရေး၊ ကွန်ပျူတာကွန်ရက် လုံခြုံရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များကို အလေးပေး ဆွေးနွေးမည်ဖြစ်ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒန်နီယယ်လ်ရပ်ဆဲလ်က ဇွန် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ဆွေးနွေးပွဲ၌ ပင်လယ်ရေကြောင်း အငြင်းပွားမှုများ၊ ကွန်ပျူတာကွန်ရက် လုံခြုံရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တရုတ်နိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားမည်ဟု တရုတ် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကျန်စီကွမ်က ပြောကြားခဲ့သည်။

အမေရိကန်-တရုတ် ဆွေးနွေးပွဲကို ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့သည်။ နှစ်နိုင်ငံ သဘောကွဲလွဲမှုများ ရှိနေသည့်တိုင်အောင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွက်လာစေရန် ယင်းဆွေးနွေးပွဲက မျှော်မှန်းသည်။

ယခုနှစ်တွင် ကျင်းပမည့် ဆွေးနွေးပွဲသို့ အမေရိကန်ဘက်မှ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဘဏ္ဍာရေးဝန်ကြီး ဂျက်လူး၊ တရုတ်ဘက်မှ နိုင်ငံတော်ကောင်စီဝင် ယန်ကျဲချီနှင့် ဒုတိယဝန်ကြီးချုပ် ဝမ်ယန်းတို့ တက်ရောက်ကြမည်ဖြစ်သည်။

ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မဟာဗျူဟာနှင့် စီးပွားရေးပြဿနာများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြမည့် ဆွေးနွေးပွဲလည်းဖြစ်သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေး အဖုအထစ်များကို ဖြေလျော့နိုင်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမည်မှာကား သေချာလှသည်။

အဆိုပါ နှစ်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် စီးပွားရေးအရ အင်အားအကြီးဆုံးနှင့် ဒုတိယ အင်အားအကြီးဆုံး နိုင်ငံများအဖြစ် ရပ်တည်လာခဲ့ကြသည်။


ကမ္ဘာပေါ်တွင် စီပွားရေးအရ အင်အားအကြီးဆုံး နိုင်ငံများဖြစ်ကြသော အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အနေဖြင့် ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်လာနိုင်ခြင်းဖြင့် ကမ္ဘာကြီးသာယာဝပြောရေးအတွက် အင်အားတစ်ရပ်ဖြစ်လာမည်ဟု ရှုမြင်ရလေသည်။

ပစ္စက္ခကာလ၌ တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍တင်းမာမှုများကို ဆက်လက်တွေ့မြင်နေရသော်လည်း နှစ်နိုင်ငံ စစ်ရေးပဋိပက္ခအထိ ပြဿနာကြီးထွားလာမည်ဟု မယူဆနိုင်ပေ။

နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားများအလို့ငှာလည်းကောင်း၊ ကမ္ဘာ့လုံခြုံရေးနှင့် တည်ငြိမ်ရေးအလို့ငှာလည်းကောင်း နှစ်နိုင်ငံအကြား အင်အားချိန်ခွင်လျှာမျှတနေရေးမှာ အရေးအကြီးဆုံးဖြစ်သည်ဟု ရှုမြင်ပါသည်။ ။


၂၀၁၄ ခုနှစ် ပစိဖိတ်သမုဒ္ဒရာ နှုတ်ခမ်းသတ်နိုင်ငံများ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပထမဆုံးအကြိမ် တရုတ်နိုင်ငံ ပါဝင်ခဲ့သည်။

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ခိုင့်စကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းလည်း မသိ။

အတန်ကြာမှ " ဘာပြောတယ် ခိုင် . . . "ဟု မေးမိသည်။

" ခိုင်ပြောတာ ရှင်းပါတယ်။ ငြိမ်းမောင်ကို ခိုင် ချစ်တယ်။ ဒါပေမယ့် ခိုင် သူ့ကို ချစ်တာဟာ အခု ခိုင့်ဆီက သူမျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်သေးဘူး . . . သိရဲ့လား . . . မောင်။ အို ဒီမှာ မောင် . . . မောင် ဘာလို့ မသိချင်ယောင် ဟန်ဆောင်နေရတာလဲ . . . "

ခိုင်က ဆတ်ဆတ်ကလေး ပြောသဖြင့် ကျွန်တော်က- လည်း အလန့်တကြား ပြန်မေးမိသည်။

"ဗျာ . . . ဘုရားရေ . . . မောင်က ဟန်ဆောင်နေတယ်။ မောင် ဘာဟန်ဆောင်နေလို့လဲ . . . "

ခိုင်က ရယ်ပြန်ပါသည်။ မိခိုင်သည် ဘာကြောင့် အမျိုးမျိုး အဖုံဖုံ ရယ်နိုင်ပါသနည်း။ ကျွန်တော် ငိုင်နေခိုက် ခိုင်က ကြောက်မက်ဖွယ် စွပ်စွဲလေပြီ။

" ဟဲ . . . ဟဲ . . . မောင်က သိပ်သတ္တိကောင်းတယ်။ ပြီးတော့ သိပ်ပြီးလည်း ဟန်ဆောင်နိုင်တယ်။

ဒီနှစ်ခု ပေါင်းလိုက်တော့ မောင်ဟာ သိပ်ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်လာတယ် သိလား "

ခိုင့်စကားက ပြင်းထန်လွန်းသောကြောင့် ပြန်ချေပရန် စကား ကျွန်တော် ရှာမတွေ့။ ခိုင်က ဆက်ပြောသည်။

" ဆက်ဟန်ဆောင်မနေပါနဲ့တော့ မောင်။ ဒီကိစ္စတွေ အားလုံးကို မောင် သိပြီးသားပါ။ အို . . . အို . . . ခိုင် စကားဆုံးအောင် ပြောပါရစေဦး။ မောင် မညာချင်ပါနဲ့။ မောင်ဟာ ညာတတ်တဲ့လူ မဟုတ်ဘူး။ မောင့်နှုတ်က ညာပေမယ့် မျက်လုံးတွေနဲ့ မျက်နှာက ခိုင့်ကို ကွယ်လို့မရဘူး . . .။ ဒီမှာ . . . ညာတတ်မှ ညာပါ ဆရာကြီးရယ် "

ခိုင်က ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ ဤမျက်လုံးများကို ရင်မဆိုင်ရဲသော ကျွန်တော်က မျက်နှာ လွှဲလိုက်ရပါသည်။ မိခိုင်ကို အရှုံးပေးလိုက်ရမှန်း ကိုယ့်ကိုယ်ကိုလည်း သိလိုက်မိပါသည်။

သက်ပြင်းကိုသာ အားယူရှိုက်ပြီးမှ ဝန်ခံရသည်။

"ကောင်းပါပြီ . . . ခိုင့်ကိုမောင် မညာတော့ပါဘူး။ ဟုတ်တယ် အားလုံးကို မောင် သိပြီးပြီ၊ ကျေနပ်လား။ ဒါပေမယ့် မောင် မေးမယ် . . .။ ခိုင်ဟာ ဒီစကားတွေကို ဘာလို့ အခုမှ မောင့်ကို ပြောရသလဲ။ ပြောနေဖို့ လိုသေးသလား။ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံပြီးပြီ မဟုတ်လား "

ရုတ်တရက် ခိုင် အော်ရယ်သည်။ လှောင်ပြောင်ခြင်းနှင့် နာကြည်းမှုရောသော ရယ်သံဖြစ်ပါ၏။

တစ်ခဏတွင်မူ ဒေါသဖြင့် တုန်ယင်၍ စကားပြန်သည်။

"ဟုတ်တယ်လေ၊ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံတယ်။ အချစ်ကို လက်ခံတယ်။ ဒါ . . . ခိုင် အတိအကျ ဖြေလိုက်တဲ့ စကားပဲ . . .။ ဒီစကားကို မောင်တို့က ဘယ်လိုနားလည်ထားလို့လဲ "

"ဒီစကားကို ဘယ်လိုနားလည်ရမလဲ . . .။ ဒီစကားအတိုင်းပဲ နားလည်ရတာပေါ့။ မောင်တို့ မှားသလား . . . "

ခိုင်သည် မျက်နှာလေးမဲ့၍ ရန်တွေ့သည်။

"မောင်တို့ မှားသလား . . . ဟုတ်လား။ မောင်တို့ မမှားပါဘူး။ သမိုင်းစ,ကတည်းက မောင်တို့ ယောကျ်ားတွေ မမှားပါဘူး။ ခိုင်တို့သာ မှားခဲ့ကြတယ်။ မိန်းမတွေသာ မှားခဲ့ကြတယ် . . .။ ကျေနပ်ပါပြီလား . . . မောင်ကြီးရှင့် . . . "

ကျွန်တော့်ရင်မှာ ဆို့သွားသည်။ ဒေါသလည်း မသိမသာ ထွက်လာ၏။

"မောင့်ကို ဘာလို့ ရန်တွေ့တာလဲ ခိုင် . . .။ အို . . . ခိုင် မောင့်ကို ဒီလိုမကြည့်ပါနဲ့။ ခိုင် ဘာပြောချင်သလဲ ပြောပါ . . .။ မောင့်ကိုတော့ ရန်မတွေ့ပါနဲ့ ခိုင်ရယ် "

ခိုင်သည် ငိုင်ကျသွား၏။ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ အတန်ကြာ၍ ပြန်လှည့်လာသောအခါ ခိုင့်မျက်တောင်ကော့များ၌ မျက်ရည်ဥတို့ ခိုတွဲနေသည်။ ပြောသောစကားသံမှာလည်း မမာတော့ပါလေ။

| ဆီးကျိတ်ကင်ဆာ စစ်ဆေးခြင်း (PSA) | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ၊ မရှိစစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားခေါက်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်း (Hep B Screening) HBsAg & HbsAb | 9,900 ks |

Amazing Price

Call us 684433
8:00 am to 5:00pm
ပန်းလှိုင်စီလုံဆေးရုံ တွင်သာ

ကျွန်ုပ်တို့အစဉ်တန်ဖိုးထားလေးစားရသော မိတ်ဟောင်း၊ မိတ်သစ်များ၏ တောင်းဆိုချက်အရ "အထူးကျန်းမာရေးစစ်ဆေးမှု" အစီအစဉ်များကို ဂျူလိုင်လကုန် အထိ ထပ်မံတိုးမြှင့်၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

LIKE US ON facebook
Pun Hlaing Siloam Hospitals

လာရောက်စစ်ဆေးသူတိုင်းအား **အရိုးပွမှုတိုင်းတာခြင်းကိုအခမဲ့** ပြုလုပ်ပေးမည်ဖြစ်ပါသည်...

IKBZ
Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

# မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရုံး

ကို ၂၀.၆.၂၀၁၅ (စနေနေ့)တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- အထူးခရီးသွားအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ
- ကျန်းမာရေးအာမခံ

## ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

**IKBZ Insurance - မိတ္ထီလာခရိုင်ရုံး**

အမှတ် (၁၀၂)၊ တံတားဦးလမ်း၊ ဒုတိယလမ်းမတော်၊ မင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း (၀၆၄) ၂၅၂၃၂
ဖက်စ် (၀၆၄) ၂၄၁၃၂

www.i-kbz.com

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

# အင်တာနက် Package

ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ

အသက်သာဆုံးဈေးနှုန်း
~~1 MB လျှင် ၁၀ ကျပ်~~
**1 MB လျှင် ၅ ကျပ်**

## အလျင်မြန်ဆုံး 3G အင်တာနက်ကို အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ~~၅၀၀၀ ကျပ်~~ ၂၈၀၀ ကျပ် | 400 MB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၇ကျပ် |
| ~~၁၀၀၀၀ ကျပ်~~ ၆၅၀၀ ကျပ် | 1 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၆ကျပ် ၅၀ပြား |

## အင်တာနက်အသုံးများသူများအတွက် ပရိုမိုးရှင်း PACKAGE အသစ်

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ၂၅၀၀၀ ကျပ် | 5 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၅ကျပ် |

## ဝယ်ယူအသုံးပြုနည်း

Prepaid သုံးစွဲသူများအတွက် **400MB** (သို့မဟုတ်) **1GB** (သို့မဟုတ်) **5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

Postpaid သုံးစွဲသူများအတွက် **POST400MB** (သို့မဟုတ်) **POST1GB** (သို့မဟုတ်) **POST5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

## DATA သုံးစွဲမှုခန့်မှန်းပမာဏများ

* အွန်လိုင်းမှ သီချင်းတစ်ပုဒ် နားထောင်လျှင် ၁ မိနစ် 1MB
* ဗီဒီယို ၁ မိနစ်စာ ကြည့်လျှင် 4.5MB
* အီးမေးလ် ၁ စောင်ပို့လျှင် 20KB (attachment မပါလျှင်)



- GSM နှင့် WCDMA အသုံးပြုသူများအတွက်ဖြစ်ပါသည်။
- ဆွေသဟာဝန်ဆောင်မှုကို ရယူထားပြီးမှသာ Internet Package ကိုဝယ်ယူနိုင်ပါမည်။
- Package ဝယ်ယူမှုကျသင့်ငွေကို လက်ကျန်ငွေမှ နုတ်ယူမည်ဖြစ်ပါသည်။
- အထူးလျှော့ဈေး Internet Package ဝယ်ယူနိုင်သည့်ကာလကို ထပ်မံမကြေညာမီအချိန်ထိ တိုးမြှင့်လိုက်ပါသည်။

CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။

ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

## အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတောင်ပိုင်းသို့ မုန်တိုင်းငယ် ဖြတ်ကျော်ဝင်ရောက်နိုင်

**နေပြည်တော် ဇွန် ၂၀**

ယနေ့ ညနေ ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၄၀၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၁၆၅ ခန့်နှင့်ပူရီမြို့၏ တောင်ဘက် မိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုသွားလာကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



## ဒေသခံတိုင်းရင်းသားများလူနေမှုဘဝများ မြင့်မားတိုးတက်လာတော့မည့် နိုင်ငံတကာအဆင့်မီ မူဆယ်ဗဟိုစီးပွားရေးဇုန်

*သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- သီသီမင်း*

**တရုတ်နိုင်ငံ ရွှေလီမြို့နှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အကြား ရွှေလီမြစ်အနီး မြစ်ဝှမ်းလွင်ပြင်တွင် အဓိကကုန်စည်စီးဆင်းရာ နယ်စပ်ကုန်သွယ်မှုဗဟိုဌာနဖြစ်လာတော့မည့် နိုင်ငံတကာအဆင့်မီ မူဆယ်ဗဟိုစီးပွားရေးဇုန်ကြီး မကြာမီကာလ၌ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့

## ယူ- ၂၀ ကမ္ဘာ့ဖလား ပထမဆုံးအကြိမ်အဖြစ် ဆားဘီးယားဆွတ်ခူး

စာမျက်နှာ - ၉




၂၀၁၅ ယူ- ၂၀ ကမ္ဘာ့ဖလားနှင့်အတူ ဆားဘီးယား ယူ - ၂၀ ကစားသမားများ အောင်ပွဲခံစဉ်။ [ဓာတ်ပုံ - FIFA.com]

ယနေ့ **မာတိကာ**

**မြန်မာတောင်သူလယ်သမားတို့၏ လုပသော အနာဂတ်**
စာမျက်နှာ ›› ၁၀

**ရန်ကုန်မြို့သစ်စီမံကိန်းကို ဒေသနဲ့ လိုက်လျောညီထွေဖြစ်အောင် လုပ်ပေးဖို့လိုတယ်**
စာမျက်နှာ ›› ၁၁

**ပေါ့ဘာအား မရရှိခဲ့ပါက ဝီလ်ရှိုင်းယားကို ပေါင်သန်း ၄၀ ဖြင့် မန်စီးတီးခေါ်မည်**
စာမျက်နှာ ›› ၁၃

**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာပစ္စည်းမရှိ**



ကျွန်မကသနပ်ခါးသိပ်လိမ်းလေ့မရှိပါဘူး။ အပျင်းကြီးတဲ့ ကျွန်မအကျင့်ကြောင့် တွေ့ရာသနပ်ခါးခဲကိုပဲ လိမ်းခဲ့ပါတယ်။ လိမ်းကာစမှာ ဘာမှမဖြစ်ပေမယ့် တစ်လလောက် အကြာမှာတော့ မျက်နှာမှာအဖြုကွက်တွေ ထွက်ပေါ်လာပါတယ်။ အခြားနေရာမဟုတ်ဘဲ လူမြင်သာတဲ့ မျက်နှာမှာဖြစ်နေလို့လည်း ရှက်မိပါတယ်။ သနပ်ခါးခဲကုန်လို့ ဈေးဆိုင်သွားဝယ်တဲ့အခါ **ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး** ဆိုတဲ့စာသားလေးက ကျွန်မလိုအသားညိုတဲ့ မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်နေပါတယ်။ ရွှေပြည်နန်းသနပ်ခါး စသုံးပြီး တစ်ပတ်လောက်အကြာမှာ မျက်နှာမှအဖြုကွက်များ ထူးခြားသိသာစွာ ပျောက်ကင်းသွားခဲ့ပါတယ်။ ညဘက်မှာလိမ်းရင်တော့ မနက်အိပ်ရာထချိန်မှာ မျက်နှာအဆီပြန်ခြင်း မရှိပါဘူး။ မျက်နှာသစ်ပြီး ပါးပြင်ကိုစမ်းကြည့်တဲ့အခါ နူးညံ့ချောမွေ့နေပါတယ်။ ဒါတွေဟာ ကျွန်မရဲ့ကိုယ်တွေ့ဖြစ်ရပ်တွေပါ။ ရွှေပြည်နန်းသနပ်ခါးနဲ့ မိတ်ဆွေဖြစ်တာ (၈)နှစ် ကျော်ပါပြီ။ ကျွန်မကို စိတ်ချမ်းသာမှုပေးတဲ့ မိတ်ဆွေလေး ပြည်တွင်းမှာသာမက ပြည်ပအထိပါ အောင်မြင်ကျော်ကြားပြီး အသိအမှတ်ပြုဆုတွေ ချီးမြှင့်ခံခဲ့ရတာကို ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မရဲ့မိတ်ဆွေလေး ဒီထက်ပိုပြီး အောင်မြင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဒေါ်လင်းစာလီမော် (BE-IT) သရုပ်ပြ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ တောင်ငူမြို့။
ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဒေါ်ဝါဝါ(အထက်တန်းပြ)၊ အ.ထ.က(၅)၊ တောင်ငူမြို့။

ဒေါ်လင်းစာလီမော်
(BE-IT) သရုပ်ပြ

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံ
The Mirror
တနင်္ဂနွေ
SUNDAY SPECIAL
2 0 1 5 JUNE 21, SUNDAY

STI MYANMAR UNIVERSITY
IMBA | BBA | MED | BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ခရီးသွား

# ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ရှေးဟောင်းယဉ်ကျေးမှုများ ကြည့်ရှုလေ့လာနိုင်မည့် ဗိဿနိုးမြို့ဟောင်း

ခရီးသွားတာဟာ လူတို့ရဲ့ အသိပညာဗဟုသုတကို တိုးပွားစေသလို အတွေးအမြင်ကိုလည်း ဆန်းသစ်စေတယ်။ ခရီးသွားကြသူတွေဟာ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ခရီးထွက်ကြတယ်။ တချို့က သဘာဝကို စူးစမ်းလေ့လာကြတယ်။ တချို့က ရှေးဟောင်းသုတေသန တူးဖော်လေ့လာရေးလုပ်ကြတယ်။ တချို့က မတူကွဲပြားတဲ့ ဘာသာစကားယဉ်ကျေးမှုတို့ကို လေ့လာကြတယ်။ တချို့က ဘုရားဖူးထွက်ကြတယ်။ တချို့ကတော့ အပန်းဖြေခရီးသွားကြတယ်။

ယနေ့ခေတ်မှာ ခရီးသွားလာကြတဲ့သူတွေ တိုးတက်များပြားလာခဲ့တယ်။ ဒီလိုများပြားလာတဲ့အလျောက် ကမ္ဘာလှည့်ခရီးသည်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလမ်းညွှန်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကုမ္ပဏီဆိုတဲ့ လုပ်ငန်းတွေ ရေပန်းစားလာပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ ခရီးသွားတွေကို ဝန်ဆောင်မှုပေးတဲ့ ဟိုတယ်လုပ်ငန်း၊ အပန်းဖြေအနားယူစခန်းတည်ထောင်ရေးလုပ်ငန်း၊ ခရီးသည်များ သွားလာကြည့်ရှုစရာ ရှေးဟောင်းယဉ်ကျေးမှုနေရာ၊ ပြတိုက်၊ အနုပညာပြခန်း၊ သဘာဝသမိုင်းပြတိုက်၊ ရုက္ခဗေဒဥယျာဉ်၊ ရင်သပ်ရှုမောဖွယ်ရေမြေတောတောင် စိမ့်စမ်းရေတံခွန်တွေကို ဖန်တီးတည်ဆောက်ရေးလုပ်ငန်းတွေဟာ အလွန်အရေးပါတဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာကြတယ်။ ဒီလုပ်ငန်းကရရှိတဲ့ အကျိုးအမြတ်ဝင်ငွေကလည်း အလွန်ကြီးမားတဲ့အတွက် ကမ္ဘာ့နိုင်ငံတိုင်းဟာ တိုင်းပြည်စီးပွားရေးရဲ့ အဓိက ကဏ္ဍတစ်ရပ်အနေနဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာခဲ့ကြတယ်။

မြန်မာနိုင်ငံမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပြားလှတဲ့ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနဲ့ ရှေးဟောင်းပုဂံယဉ်ကျေးမှုနယ်မြေတွေဟာ ပြည်တွင်းပြည်ပခရီးသွားတွေရဲ့ စိတ်ဘဝင်ကို လှုပ်ခတ်နိုင်စွမ်းရှိတဲ့ ကမ္ဘာကျော်အထင်ကရနေရာတွေ ဖြစ်ခဲ့ကြတယ်။ ဒ့ါပြင် မကြာသေးမီအချိန်က ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့တဲ့ ရှေးဟောင်းပျူယဉ်ကျေးမှုထွန်းကားရာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းတွေကိုလည်း ကြည့်ရှုလေ့လာစရာနေရာတွေ တိုးပွားလာပါတယ်။

ဗိဿနိုးမြို့ဟောင်းဟာ မကွေးတိုင်းဒေသကြီးမကွေးခရိုင် တောင်တွင်းကြီးမြို့အနောက်တောင်ဘက် ၁၂ မိုင်(၁၈ ကီလိုမီတာ)အကွာ၊ ကုက္ကိုခွကျေးရွာရဲ့ မြောက်ဘက်၊ မကွေး-တောင်တွင်းကြီးကားလမ်းဘေးမှာ ရှိပါတယ်။ ရန်ကုန်မှ တောင်တွင်းကြီးသို့ မိုင် ၂၈၀ ကွာဝေးရာ မော်တော်ယာဉ်နဲ့ဖြစ်ဖြစ်၊ ရန်ကုန်-ပုဂံပြေးဆွဲနေတဲ့ မီးရထားနဲ့ဖြစ်ဖြစ် သွားလို့ရပါတယ်။ အုတ်မြို့ရိုးနဲ့ ရေကျုံးပတ်လည်ကာရံထားတဲ့ မြို့ဟောင်းရဲ့ အကျယ်အဝန်းဟာ ဧက ၂၄၂၀ ရှိပါတယ်။ မြို့ဟောင်းရဲ့ အနောက်မြောက်ဘက်မှာ အင်းရွာကြီးကျေးရွာ၊ အရှေ့မြောက်ဘက်မြို့ရိုးအပြင်ဘက်မှာ ရွှေရောင်တော်စေတီတို့ တည်ရှိပါတယ်။

ဗိဿနိုးမြို့ဟောင်းနဲ့ ပတ်ဝန်းကျင်ရှိ ဧရိယာ ၂၂၉၄ စတုရန်းကီလိုမီတာကျယ်ဝန်းတဲ့ လွင်ပြင်တစ်ခုရှိပါတယ်။ အဲဒီလွင်ပြင်ဟာ မြောက်ဘက်မှာ ဆဒ့ုံးချောင်း၊ တောင်ဘက်မှာ ရန်ပယ်ချောင်းနှင့်အနောက်ဘက်မှာ ယင်းချောင်းတို့ ပေါင်းဆုံရာမှ ပေါ်ပေါက်လာခဲ့တာပါ။

မြို့တွင်းမြို့ပြင်မှာ ရှေးဟောင်းအဆောက်အအုံတွေ ပျံ့နှံ့တည်ရှိပြီး စတုရန်းပုံအုတ်မြို့ရိုးရဲ့ အနားသုံးဘက်ကို မြောက်ဘက်၊ အရှေ့ဘက်နဲ့တောင်ဘက်တို့မှာ ထင်ရှားစွာတွေ့မြင်ရပါတယ်။ အနောက်ဘက်မှာမူ မြို့ရိုး မတွေ့ရှိရတော့ဘဲ အင်းကြီးကန်ဖြင့် မြို့နယ်နိမိတ်ပိုင်းခြားထားပါတယ်။

ဗိဿနိုးမြို့ဟောင်း သုတေသနပြတိုက်အတွင်း တူးဖော်ရရှိသော ကျောက်လက်နက်၊ သံလက်နက်၊ အရိုးအိုးတွေ၊ ဘုရားစေတီတွေ၊ မြို့ရိုးနဲ့နန်းတော်ရာ ဗိသုကာလက်ရာတွေ၊ လက်ဝတ်ရတနာတွေ ခင်းကျင်းပြသထားတာတွေကိုလည်း လေ့လာနိုင်ပါတယ်။

ထို့အပြင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း တူးဖော်ထိန်းသိမ်းပြသထားတဲ့ ဘုရားစေတီနဲ့ ဘာသာရေးဆိုင်ရာအဆောက်အအုံတွေ၊ အရိုးအိုးမြှုပ်နှံမှုဓလေ့၊ နန်းတော်မြို့ရိုးနဲ့ အဆောက်အအုံတွေကိုလည်း လှည့်လည်ကြည့်ရှုနိုင်ပါတယ်။

ဗိဿနိုးမြို့ဟောင်းအပါအဝင် ဟန်လင်း၊ သရေခေတ္တရာ၊ ပျူရှေးဟောင်းမြို့တွေကို ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်ကပြုလုပ်ခဲ့တဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက စာမျက်နှာ ၂ သို့ »»

သတင်းနှင့် ဓာတ်ပုံ
မင်းခန့်စိုး(ကြေးမုံ)



ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မုခ်ဦးတံတိုင်းကြီးကိုလည်း ဝင့်ကြွားထည်ဝါစွာ တွေ့မြင်ရသည်။

»»» တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ

## ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ရှေးဟောင်းယဉ်ကျေးမှုများ ကြည့်ရှုလေ့လာနိုင်မည့် ဗိဿနိုးမြို့ဟောင်း

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသများအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။

ပျူမြို့ဟောင်းတွေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရတဲ့အတွက် ဒေသခံပြည်သူတွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဘုရားဖူးပြည်သူတွေ၊ သုတေသနပြုလေ့လာလိုသူတွေ တိုးပွားလာတယ်။ နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုပိုမိုရရှိလာပြီး နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်တွေ ဝင်ရောက်လာမှု ပိုမိုများပြားလာမယ်။ ယဉ်ကျေးမှုအမွေအနှစ်များအတွက် နိုင်ငံတကာမှ ပညာရှင်တွေရဲ့ ကူညီပံ့ပိုးမှုဖြင့် သုတေသနလုပ်ငန်းတွေ စနစ်တကျ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းတွေ ဆောင်ရွက်လာနိုင်မယ် စတဲ့ အကျိုးတွေကို ခံစားရမှာဖြစ်လို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ သဘာဝရှုခင်း၊ တိရစ္ဆာန်၊ အပင်ဖွဲ့စည်းမှု၊ ရေအရင်းအမြစ်တို့ကို ထိခိုက်စေတဲ့ဆောင်ရွက်ခြင်းတွေ၊ ရွှေကျင်ခြင်း၊ မြေတူးခြင်း၊ ရေကန်တူးခြင်း၊ ကျောက်ထုတ်ခြင်း၊ တောင်ပူစာနဲ့ တောင်ကုန်းတွေ ဖြိုဖျက်ခြင်း၊ ကန်၊ မြောင်း၊ လျှို၊ ချိုင့်၊ လွင်ပြင်တွေ မြေဖို့ခြင်းနဲ့ သဘာဝရှုခင်း ရှုကွက်ကို ပျက်စီးစေနိုင်တဲ့ ဆောင်ရွက်မှုမျိုး၊ အဆောက်အအုံတွေ ပြင်ဆင်မွမ်းမံထိန်းသိမ်းပြုပြင်ခြင်း၊ စက်ယန္တရားတွေနဲ့ ထွန်ယက်စိုက်ပျိုးခြင်း၊ အခြားတူးဆွခြင်း၊ ခြောက်ပေထက်ပို၍ မြင့်မားတဲ့ စီးပွားဖြစ်နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ မပြုလုပ်ကြရန် စည်းကမ်းလိုက်နာရင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ဝိုင်းဝန်းထိန်းသိမ်းကြစေချင်ပါတယ်။




## ကိုယ်ချင်း စာနာတတ်ပါစေ

**ခင်အေးကြူ-ရွှေသန်လျင်**

မလေးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာ သန့်ရှင်းရေးတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကို သန့်ရှင်းသာယာလှပသည့် အဆင့်မြင့်မြို့တော်အဖြစ် တည်ဆောက်လျက်ရှိရာမှာ မလေးတို့ သန့်ရှင်းရေးလုပ်သားတွေက နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ရတာကုသိုလ်လည်းရတဲ့ အလုပ်မို့လို့ မလေးပျော်ပါတယ်။ မလေးက နေ့ဆိုင်းတာဝန်ကျတော့ နံနက်စောစောသွားရပါတယ်။ အလုပ်မသွားခင် ဘုရားရှိခိုးတဲ့အခါမှာ အမြဲဆုတောင်းတဲ့ ဆုတစ်ခုက စည်းကမ်းမဲ့အမှိုက်ပစ်တဲ့သူတွေနဲ့ မတွေ့ရပါစေနဲ့လို့ ဆုတောင်းမိပါတယ်။ တချို့က သတ်မှတ်တဲ့ အမှိုက်ပုံး၊ အမှိုက်ကန်နှင့်သတ်မှတ်နေရာမှာ မစွန့်ပစ်ဘဲ လမ်းပေါ်နှင့်လမ်းဘေးမှာ မိမိနေအိမ်ရဲ့ မီးဖိုချောင်သုံးအမှိုက်(ပုစွန်ခေါင်း၊ ငါးခေါင်း စသည့်များ)များကို ပစ်တတ်ကြပါတယ်။ တချို့က အိတ်နဲ့ထုတ်ထားပြီး တချို့က ထုတ်မထားဘဲ ပစ်တတ်ပါတယ်။ မလေးတို့ တံမြက်စည်းလှည်းတဲ့အခါ တံမြက်စည်းနဲ့လှည်းမရလို့ လက်နဲ့ကိုင်ပြီး သန့်ရှင်းရေးလှည်းထဲကိုထည့်ပြီး သိမ်းဆည်းရတဲ့အခါလည်း ရှိပါတယ်။ ဒီလိုနေ့မျိုးဆိုရင် အနံ့အသက်က နှာခေါင်းထဲဆွဲပြီး ထမင်းမစားနိုင်ခဲ့ပါဘူး။ ဒါကြောင့် မလေး ဒီဆုတောင်းလေးကို အမြဲဆုတောင်းခဲ့ပါတယ်။

မလေးတို့သန့်ရှင်းရေးဝန်ထမ်းတွေကို ဌာနက သန့်ရှင်းရေးဝတ်စုံ အပြာရောင်၊ လိမ္မော်ရောင် (အင်္ကျီ၊ လုံချည်၊ အပေါ်ဝတ်အင်္ကျီ)ကို ဒီနေ့တစ်စုံထပ်ပေးပါတယ်။မလေးရဲ့ အတွေးထဲမှာ မနက်ဖြန် အလုပ်သွားရင် အသစ်ဝတ်စုံလေးကိုဝတ်ပြီး၊ မလေးကြိုက်တဲ့ ခရေပန်းလေးကိုပန်ပြီး သွားမယ်လို့ အတွေးနဲ့ပျော်ခဲ့ပါတယ်။ နောက်တစ်နေ့ နံနက်မှာ ဝတ်စုံသစ်ကလေးနဲ့ ညကသီထားတဲ့ ခရေပန်းကုံးကိုပန်ပြီး တာဝန်ကျတဲ့လမ်းကို သွားခဲ့ပါတယ်။ လမ်းဘေးမီးပွိုင့်မှာ တံမြက်စည်းလှည်းနေတဲ့အချိန်မှာ "ထွီ" ဆိုတဲ့ အသံနဲ့အတူ မလေးရဲ့ လိမ္မော်ရောင်အင်္ကျီမှာ ကွမ်းတံတွေးတွေ စွန်းထင်းသွားခဲ့ပါတယ်။ ကားထဲကနေ sorry နော်လို့ပြောပြီး မီးစိမ်းတာနဲ့ ကားမောင်းထွက်သွားပါတယ်။မလေးရဲ့ အပေါ်ဝတ်အင်္ကျီမှာ ကွမ်းတံတွေးတွေ စွန်းထင်နေတာကို မျက်ရည်ဝဲပြီးကြည့်နေရင်း ဘုရားမှာ နောက်ထပ်ဆုတစ်ခုထပ်တောင်းမှာကတော့ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးသူတွေနဲ့ မတွေ့ရပါစေနဲ့၊ ကိုယ်ချင်းစာနာတတ်ကြပါစေလို့ ဆုတောင်းရမှာ ဖြစ်ပါတယ်။ ။

## အထွက်တိုးဝင်ငွေတိုးသည့် ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှု ပန်းတနော်၌ သရုပ်ပြဟောပြော

**ညောင်တုန်း ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်ကုလားကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် တောင်သူ ဦးစန်းအောင်၏ ခေတ်မီသိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စံပြဂုန်လျှော် (BC.99) မျိုးတစ်ဧက၊ စံပြချည်ပေါင်လျှော် (MK-1)မျိုး နှစ်ဧက စုစုပေါင်း သုံးဧကကွက်၌ သရုပ်ပြပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြစီ (ဒုတိယညွှန်ကြားရေးမှူး) က စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည့် ဂုန်လျှော်၊ ချည်ပေါင်လျှော် သီးနှံကို အထွက်တိုးနည်းစနစ်များဖြင့် တောင်သူများဝင်ငွေတိုးစေရေးအတွက် ဧကတိုးချဲ့ စိုက်ပျိုးရန် သိပ္ပံနည်းကျ စနစ်မှန်မှန်စိုက်ပျိုးခြင်းဖြင့် အရည်အသွေးကောင်းဂုန်လျှော်များ ထုတ်လုပ်ကြရန် ပြောကြားသည်။

ပန်းတနော်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးမှူး ဦးသာအေးက ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအကြောင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရန် ဓာတ်မြေသြဇာသုံးစွဲမှု နည်းစနစ်မှန်မှန်ဆောင်ရွက်ပါက အထွက်တိုးကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် တောင်သူများအား စိုက်ပျိုးထားသည့် စံပြကွက်ဂုန်လျှော်၊ ချည်ပေါင်လျှော်သီးနှံ အောင်မြင်ဖြစ်ထွန်းနေမှု၊ ပိုးမွှားအန္တရာယ်ကျရောက်ပါက ပိုးသတ်ဆေးဖျန်းခြင်း၊ ပင်ကြားတန်းကြားခွဲခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။

ပန်းတနော်မြို့နယ်အနေဖြင့် ဂုန်လျှော်၊ ချည်ပေါင်လျှော်ကို ကသဲဝင်၊ မြစ်ဝ၊ ထိန်ကုလားကုန်းကျေးရွာအုပ်စုများတွင် စိုက်ပျိုး၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဂုန်လျှော်တစ်ဧက၊ ချည်ပေါင်လျှော် ၃၀၁ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဂုန်လျှော်တစ်ဧက၊ ချည်ပေါင်လျှော် ၃၁၃ ဧက စုစုပေါင်း ၃၁၄ ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့သည်။ ထွက်ရှိသမျှ ဂုန်လျှော်အားလုံးကို သဇင်ဦးကုမ္ပဏီက အတန်းအစားသတ်မှတ်ချက်နှင့်အညီ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် အထက(၁)ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားစဉ်။ ကိုကျော်(သုံးခွ)

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကျင်းပ

**တွံတေး ဇွန် ၂၀**

ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ် အခြေခံပညာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်မာရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် တွံတေးဝအုပ်စု ချောင်းမကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးငွေသူရတို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲအုပ် မျိုးချစ်ဆွေက မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာနှင့် ဆိုးကျိုးများအကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာနေဝင်းသိန်းက ဆေးဝါးအန္တရာယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ဦးက လူငယ်နှင့်ဆေးဝါးအန္တရာယ်အကြောင်းများ အသီးသီးဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးဘသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဟောပြောပွဲတက်ရောက်လာကြသော ကျောင်းသား ကျောင်းသူ ၄၇၀ အား မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက ပြခန်းအတွင်း ပြသထားမှုများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရေကြည် ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မြစ်ဆယ်ကျေးရွာအုပ်စုရှိ တောင်သူ ဦးခွေးလေး၏ ချည်ပေါင်လျှော် စိုက်ခင်း၌ ဇွန် ၁၄ ရက်က တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်း၊ ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းမေ၊ ပုသိမ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် မြစ်ဆယ်ကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်းက စိုက်စနစ်၊ အပင်ပြုစုစနစ်မှန်ကန်ရေး၊ သွင်အားစုများ အချိန်ကိုက် အချိုးကျသုံးစွဲရေးတို့ကို အကျယ်တဝင့်ပညာပေးဆွေးနွေးပြီး တစ်ဧက သတ်မှတ်အပင် အရေအတွက် ရှိစေရေး ဆောင်ရွက်ရမည့် နည်းစနစ်ကို လက်တွေ့ကွင်းဆင်း သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# နိုင်ငံတော်လုံခြုံရေးအတွက် အားထားရမည့် မော်ဝန်းတံတားကြီးပေါ်ထွန်းလာပြီ

ဆောင်းပါး/ဓာတ်ပုံ-မော်ဝန်းဝင်းမြတ်

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ခြင်းနှင့် ဒေသခံပြည်သူများလူနေမှုဘဝမြင့်မားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်ပေသည်။

ယင်းသို့ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ ခွင့်ပြုသည့် ကျေးလက်ဒေသရန်ပုံငွေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တည်ဆောက်ပေးသော မော်ဝန်းတံတားသစ်ကြီးကို ကျောက်တန်းမြို့နယ်တွင် မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြသည်။

မော်ဝန်းတံတားရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်သည် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်တည်ရှိပြီး ပင်လယ်ရေအတက်အကျရှိခြင်းကြောင့် မြစ်ချောင်းငယ်များ ပေါများသည်။ ကျေးရွာအုပ်စု ၅၇ အုပ်စု၊ ကျေးရွာပေါင်း ၈၀ အနက် အများစုမှာ ယခင်က ရေတက်ရေကျကိုအမှီပြုပြီး ရေလမ်းခရီးကိုသာ အားထားသွားလာကြရသည်။

ပင်လယ်အစပ်မော်ဝန်းချောင်းအစတွင် ချောင်းဝအမည်ရှိရွာလေးသည်ပင် မိမိ၏ဇာတိဒေသဖြစ်သည်။ မော်ဝန်းချောင်းသည် နှစ်ပေါင်းရာထောင်ချီကြာမြင့်လာသည့်အခါ ဘော်ဂလွတ်ချောင်း၊ စန္ဒီချောင်း၊ ပီလခတ်ချောင်း၊ ရွာသစ်ကလေးချောင်း၊ မင်္ဂလွန်းချောင်း၊ ခနောင်ချောင်း၊ တံတားချောင်း၊ ကျုံကန်ချောင်းဟူ၍ ဖြာထွက်ပေါ်ထွန်းလာသောကြောင့် မော်ဝန်းသည် ကျယ်ဝန်းပြီး ချောင်းမှမြစ်ဟူ၍ ဖြစ်လာရသည်။

၁၉၄၀ ခုနှစ်ဝန်းကျင်က ရန်ကုန်-ကျောက်တန်း-သုံးခွမြို့များသို့ ဧရာဝတီဖလိုတီလာ ကုမ္ပဏီမှ သင်္ဘောများသည် မော်ဝန်းမြစ်အတွင်းမှ ခုတ်မောင်းသွားလာခဲ့သည်။ ယခုဖူးမြော်နေကြရသည့် ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်း ရေလယ်စေတီတော်သည် မော်ဝန်းမြစ်၏ အလယ်တွင်တည်ရှိပြီး မြစ်ကမ်းအကျယ်မှာ ပေတစ်ထောင်ကျော်သည်။ သို့ဖြစ်၍ မော်ဝန်းကို မြစ်ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။

အဆိုပါ မော်ဝန်းမြစ်သည် ပင်လယ်ဝ အနောက်မှ အရှေ့သို့ စီးဝင်ပြီး ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများကို တောင်ဘက်ကမ်း မြောက်ဘက်ကမ်းဟူ၍ ခွဲခြားသွားစေသည်။ တောင်ဘက်ခြမ်းတွင် ကျေးရွာအုပ်စု ၃၉ အုပ်စုနှင့် မြောက်ဘက်ခြမ်းတွင် မြို့မရပ်ကွက်(၉)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၁၈ အုပ်စုတို့ တည်ရှိကြသည်။

မော်ဝန်းမြစ်တောင်ဘက်ခြမ်းကျေးရွာများမှာ ပင်လယ်ကမ်းရိုးတန်းရွာများဖြစ်ကြသည့်အလျောက် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်း ပြုကြသည်။ နိုင်ငံတော်အစိုးရသည် ပင်လယ်ကမ်းရိုးတန်းလုံခြုံရေးကို ထိရောက်မြန်ဆန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကမ်းရိုးတန်းရွာများ ဆက်စပ်နေသော ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်ချင်းဆက် မြေသားလမ်းများကို ၁၉၉၁ ခုနှစ် မတ်လတွင် စတင်ဖောက်လုပ်ခဲ့သည်။

အလားတူ ပင်လယ်ကမ်းဒေသရေတက်ရေကျဖြင့် ခရီးသွားလာမှု ခက်ခဲသော မော်ဝန်းတောင်ဘက်ကမ်းကျေးရွာ




ပန်းချောင်းရွာဘက်ကမ်းမှ မြင်တွေ့ရသည့် မော်ဝန်းတံတားကို တွေ့ရစဉ်။

အသီးသီးတွင်လည်း ဆက်စပ်လမ်းအရှည် ၅၂ မိုင်ကျော် ဖောက်လုပ်ရာ ဒေသခံပြည်သူတို့၏ အသိစိတ်ဓာတ်ဖြင့် ပါဝင်မှုကြောင့် အချိန်တိုအတွင်း အကောင်အထည်ဖော် အောင်မြင်ခဲ့သည်။

ထိုအောင်မြင်မှုရလဒ်အဖြစ် ကျောက်တန်းမြို့ဘက်ကမ်းနှင့်မော်ဝန်းမြစ်တောင်ဘက်ကမ်း ပန်းတောကျေးရွာကူးရန် ဇက်ကူးသင်္ဘောဆိပ်ကမ်းကိုလည်း နိုင်ငံတော်မှဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဇက်ဆိပ်တစ်ဆင့်ဖောက်လုပ်ပြီး မြေသားလမ်းများပေါ်မှ တံတား၊ မင်္ဂလွန်း၊ ခနောင်၊ ကမာကလုပ်၊ မီးပြချောင်းဝကျေးရွာများသို့ မော်တော်ယာဉ်များဖြင့် သွားလာရန်အတွက် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင်ယာဉ်လိုင်းများဖွင့်လှစ်ပေးခဲ့ရာ နယ်မြေခံပြည်သူတို့၏ ဝမ်းသာပျော်ရွှင်ကြည်နူးခဲ့ကြပုံများကို ကြုံခဲ့ကြသူများအနေဖြင့် ပြန်ပြောင်းအမှတ်ရကြဦးမည်ဖြစ်ပါသည်။

ယခုတစ်ဖန် ဒေသခံများဝမ်းမြောက်ရွှင်ပြုံးပီတိဖုံးကြရမည့် မော်ဝန်းတံတားသစ်ကြီး မကြာမီဖွင့်လှစ်ပေတော့မည်။ နိုင်ငံတော်မှခွင့်ပြုသော ကျေးလက်ဒေသရန်ပုံငွေ ကျပ်သန်းပေါင်း ၄၄၀၀ ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် တံတားကြီးဖြစ်သည်။ မော်ဝန်းမြစ်ကူးတံတားဖြစ်၍ “မော်ဝန်းတံတား” ဟုအမည်ပေးထားသည်။

တံတားတည်ဆောက်ပေးရန် တာဝန်ယူသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁၆)သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြီးစီးသည်။

မော်ဝန်းတံတားကြီးသည် ပေ ၉၀၀ ရှည်လျားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း(နှစ်ဖက်) တစ်ဖက်လျှင် ၃ ပေ ၆ လက်မ၊ တံတားခံနိုင်ဝန်(ယာဉ်တစ်စီးချင်း)တန် ၆၀၊ ရေလမ်းကင်းလွတ်ခွင့် အမြင့်မှာ ၁၅ ပေရှိပြီး ရေလမ်းကင်းလွတ်ခွင့်အကျယ်မှာ ပေ ၉၀ ရှိသည်။ ဘိုးပိုင်အာစီကွန်ကရစ်တံတားကြီးဖြစ်သည်။

အဆိုပါ မော်ဝန်းတံတားကြီးပေါ်ထွန်းလာခြင်းကြောင့် ခရီးတွင်ကျယ်မြန်ဆန်သည်ကို ဥပမာပြုတင်ပြရလျှင် ကျောက်တန်းမြို့မှ ရေမိုင် ၂၁ မိုင်ကွာဝေးသည့် တံတားမြို့သို့ခရီးသွားသူသည် ၁၉၉၄ ခုနှစ်မတိုင်မီက ရေလမ်းခရီး စက်ရေယာဉ်ဖြင့် ရေဆန်တွင် လေးနာရီကျော် ကြာသည်။ ကုန်းလမ်းခရီးမော်တော်ကားဖြင့် သွားလျှင် ကျောက်တန်းမှ သန်လျင်-သုံးခွမြို့မှတစ်ဆင့် ၃၇မိုင် အချိန် နှစ်နာရီကြာသည်။ လက်ရှိပန်းတောဆိပ်ကမ်းမှ မော်တော်ယာဉ် (Taxi) များဖြင့် သွားလျှင် တစ်နာရီကြာမည်။ ယခု မော်ဝန်းတံတားကြီးပေါ်မှ ယာဉ်များဖြင့်သွားလျှင် မိနစ် ၃၀ သာ ကြာတော့သည်။

ဤခရီးလမ်းမြန်ဆန်ချောမွေ့ခြင်း၏ ရလဒ်အဖြစ် ကျောက်တန်းမြို့ မင်္ဂလာလူမှုကူညီရေးအဖွဲ့ လူနာတင်ယာဉ်ဖြင့် တံတားမြို့မှ လူနာနှစ်ဦးကို ရန်ကုန်ဆေးရုံသို့ ပို့ဆောင်ကူညီအသက်ကယ်နိုင်ခဲ့သည်။ အလားတူ တံတားမြို့မှ လူနာတင်ယာဉ်ဖြင့်လည်း အချိန်မီ ပို့ဆောင်ပြီး အသက်ကယ်ပေးခြင်းတို့ကြောင့် ကျေးလက်ပြည်သူများ ကျန်းမာရေးခံစားခွင့်အဖြစ် လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါသည်။

စီးပွားရေးကဏ္ဍတွင်လည်း မိမိတို့ဒေသထွက် ဆန်စပါးများကို နိုင်ငံတွင်းဒေသမရွေး သွားရောက်ရောင်းချနိုင်ခြင်းနှင့် ထိုဒေသများမှ ထွက်ရှိသော လူသုံးအိမ်သုံးကုန်များ ဖလှယ်ဝယ်ယူ၍ ကျေးရွာအရောက် ပို့ဆောင်နိုင်ခြင်း၊ ယခင်ကာလက ရေခဲမရ၍ ရန်ကုန်သို့ပို့သည့် ငါးပုစွန်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မော်ဝန်းမြစ်တောင်ဘက်ခြမ်းတွင် ငါးပုစွန်လုပ်ငန်းကုမ္ပဏီ ၁၄ ခုမှ ရေငန်ပုစွန်မွေးမြူရေးဇုန်အဖြစ် ငါးမွေးကန် ၁၀၄ ကန် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ ထွက်ကုန်ငါးပုစွန်များကို ရေလမ်းခရီးဖြင့် ရန်ကုန်စံပြဈေးသို့တင်ပို့ရာတွင် ဆုံးရှုံးနစ်နာမှုများရှိခဲ့သည်။ ယခု မော်ဝန်းတံတားပေါ်မှ ဖြတ်သန်းတင်ပို့နိုင်တော့မည်ဖြစ်၍ အချိန်မီ ရောက်ရှိပြီး အကျိုးဖြစ်ထွန်းလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ထို့ပြင် ကျေးလက်ဒေသမှ အဆင့်မြင့် ပညာသင်ယူကြမည့် ကျောင်းသားကျောင်းသူများသည် မိမိတို့ ပညာသင်ကြားရာ သန်လျင်မြို့ရှိ နည်းပညာတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်သာမက ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီးသို့ မိမိတို့နေအိမ်မှပင် အိုးမကွာအိမ်မကွာ ဆိုသကဲ့သို့ နေ့ချင်းပြန်သွားရောက်ပညာသင်ကြားနိုင်ကြတော့မည်ဖြစ်သည်။

နိုင်ငံအနှံ့ဒေသအသီးသီးမှ ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော်နှင့် ပါဒဒေသရှေးဟောင်းစေတီပုထိုးများ ဖူးမြော်၍ ဗဟုသုတရှာဖွေလိုသူများ အနေဖြင့်လည်း လယ်ကွင်း၊ စပါးခင်းများကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြေလေညှင်းအေးဓာတ်ကို ခံယူရင်း ပင်လယ်ကမ်းဒေသနေဝင်ချိန်အလှ ရှုခင်းလေ့လာခြင်းနှင့် ပင်လယ်လေသန့်ရှူရှိုက်ခြင်း၊ ဒေသထွက်ကုန် ပင်လယ်စာများဝယ်ယူနိုင်ပြီး ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိနိုင်သည့် နေ့ချင်းပြန်ခရီးစဉ်လည်း ဖြစ်လာပေပြီ။

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသနေပြည်သူများ အိပ်မက်ဘဝမှ တကယ်နိုးထဖြစ်ထွန်းလာသော မော်ဝန်းတံတားကြီးကြောင့် မော်ဝန်းမြစ်၏ ခွဲခြားထားခြင်းကြောင့် အနေနီးလျက်သွားလာရေးခက်ခဲပြီး ခရီးဝေးနေသည့် ကျေးရွာများ ဆက်စပ်ပေါင်းစည်းကြကာ ကူးလူးဆက်ဆံသွားလာရန် အဆင်ပြေကြလေပြီ။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးမှအစ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရေး အစရှိသော ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အပြည့်အဝ ခံစားကြရတော့မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပင်လယ်ကမ်းရိုးတန်းကျေးရွာများ၏ ဆက်စပ်လမ်းများ ဖောက်လုပ်ခြင်း၊ မော်ဝန်းမြစ်ကူး (မော်ဝန်းတံတား) တည်ဆောက်၍ လမ်းများ ဖောက်လုပ်ခြင်းအစရှိသည်တို့မှာ နိုင်ငံတော်လုံခြုံရေးအတွက် ဗျူဟာလမ်းရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့် အကျိုးပြုလုပ်ငန်းများ၏ အောင်ပွဲတစ်ရပ် အထိမ်းအမှတ်ဟူ၍ ခံယူပါသည်။

သို့ဖြစ်၍ ဒေသခံပြည်သူများအကျိုးကျေးဇူးခံစားရန် ပေါ်ထွန်းလာသည့် မော်ဝန်းတံတားကြီး အရှည်ခန့် တည်တံ့ခိုင်မြဲစေရန်နှင့် နယ်မြေဒေသလုံခြုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲ ထာဝစဉ်အောင်ပွဲဆင်နွှဲနိုင်ရန် ကြိုးပမ်းစွမ်းဆောင်ကြပါစို့ဟူ၍ တိုက်တွန်းလိုက်ရပေသည်။ ။

မကွေးတိုင်းဒေသကြီး

## ပုလဲသွယ်ဧက ၁၀၀ စံပြကွက်ရိတ်သိမ်း

**မြို့သစ် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းအုပ်စု ကိုယ်ရံတော်ကျေးရွာတွင် နွေစပါးပုလဲသွယ်စံပြကွက်ရိတ်သိမ်းပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါ စိုက်ကွင်းရှေ့တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်စိုက်ပျိုးရေးဝန်ကြီး ဦးအောင်နိုင်က တောင်သူများအား စိုက်ပျိုးမှု နည်းပညာဆိုင်ရာ အချက်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံတောင်သူများအနေနှင့် သိရှိလိုသည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ကျဝန်ထမ်းများထံ မေးမြန်းနိုင်ပါကြောင်း ပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးကလည်းကောင်း၊ မြို့သစ်မြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ဧက ၁၀၀ ပုလဲသွယ်နွေစပါးစိုက်ပျိုးရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် (ဧက ၁၀၀) နွေစပါးစံပြကွက်အား ရိတ်သိမ်းပေးခဲ့ပြီး ထွက်ရှိလာသော စပါးများကို ဒေသခံတောင်သူများရှေ့တွင် စိုက်ပျိုးရေးဝန်ထမ်းများက ချင်တွယ်တိုင်းတာနေမှုများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာပြီး ထွက်ရှိမှုနှုန်းထားများအတိုင်း ပြသပေးခဲ့သည်။ အဆိုပါ စံပြရိတ်သိမ်းပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် စိုက်ပျိုးရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့သစ်မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများနှင့် နဘဲကုန်းအုပ်စုအတွင်းရှိ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ညိုညိုဝင်း(မကွေး)

◆◆



# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး လူတိုင်းပါဝင်ကူညီဆောင်ရွက်ပေး

ရေနံ့သာမောင်ကျော်ညွန့်

ယနေ့ကလေးသူငယ်များသည် မနက်ဖြန် အနာဂတ်ကိုပိုင်စိုးကြမည့်သူများဖြစ်သည်။ အနာဂတ်ကာလသည် ယနေ့ကလေးသူငယ်တို့၏ လက်ထဲတွင် တည်ရှိနေပေသည်။ ယနေ့ကလေးသူငယ်များသည် အနာဂတ်၏ အကောင်းအဆိုးကို ဖော်ဆောင်ကြမည့်သူများလည်းဖြစ်ကြပေသည်။ ထို့ကြောင့် အနာဂတ်ကာလ၏ အကောင်းအဆိုးကို ဖော်ဆောင်ပေးနိုင်စွမ်းရှိသော ယနေ့ကလေးသူငယ်များကို အနာဂတ်ကာလအတွက် ကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် သားကောင်းသမီးမွန်များဖြစ်အောင် ပြုစုပျိုးထောင်ကြရပေတော့အံ့။

အနာဂတ်ကာလအတွက် နိုင်ငံ့ကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်မည့် နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်ပေါ်လာအောင် မွေးမြူပေးရာတွင် အဓိကကျသောလုပ်ငန်းမှာ အခြေခံပညာကို လူတိုင်းသင်ယူပြီးမြောက်အောင် ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်ပါသည်။ အခြေခံပညာကို လူတိုင်းကကျွမ်းကျင်တတ်မြောက်မှသာလျှင် ပညာအခြေခံမှ တစ်ဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် အခြေခံကောင်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်ကာလကောင်းကျိုးကို မျှော်မှန်းလျက် ယနေ့ကာလ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရပေတော့အံ့။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခွင့်အလမ်းကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးအစီအစဉ်ကိုလည်းကောင်း၊ အခမဲ့အလယ်တန်းပညာရေးအစီအစဉ်ကိုလည်းကောင်း၊ အခမဲ့အထက်တန်းပညာရေးအစီအစဉ်ကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးတို့အတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းဝတ်စုံ တစ်စုံစီကို လည်းကောင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ဖြန့်ဝေပေးလျက်ရှိပါသည်။ အခြေခံပညာကဏ္ဍအခမဲ့ပညာရေးအတွက် ၂၉ ဘီလီယံကျော် သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရသည်။

ထို့ပြင် ကျောင်းနေရန်အခက်အခဲရှိသော ကျောင်းသားကျောင်းသူများကို စိစစ်ရွေးချယ်ပြီး ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း၊ ဉာဏ်ပညာထက်မြက်ပြီးကြိုးစားသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရွေးချယ်ပြီး အလယ်တန်းပညာသင်ဆု၊ အထက်တန်းပညာသင်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆု ဦးရေတို့ကိုလည်းကောင်း၊ ထောက်ပံ့ချီးမြှင့်သည့်ငွေကြေးကို လည်းကောင်း တိုးမြှင့်ပေးအပ်ချီးမြှင့်နေကြောင်း သိရသည်။ ထို့ပြင် အခြေခံပညာကျောင်းထောက်ပံ့ကြေးများကိုလည်း မူလတန်းကျောင်းသားအရေအတွက် အနည်းအများပေါ်မူတည်ပြီး တစ်ကျောင်းလျှင် တစ်နှစ်အတွက် ငွေကျပ် ရှစ်သိန်းမှ ၁၆ သိန်းအထိ ပံ့ပိုးထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုသို့ ကျောင်းထောက်ပံ့ကြေးများ ပေးအပ်နိုင်ရန်အတွက် ငွေကျပ် ၄၆ ဘီလီယံကျော် သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရသည်။

နှစ်အလိုက် ပညာရေးအသုံးစရိတ်များကို ပြန်လည်ဆန်းစစ်လေ့လာကြည့်မည်ဆိုပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၁၀ ဒသမ ၄၀၁ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၄၇ ဒသမ ၈၉၄ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၉၀၉ ဒသမ ၄၅၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၅၈ ဒသမ ၂၈၀ ဘီလီယံ သုံးစွဲခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ငွေကျပ် ၁၄၀၉ ဒသမ ၉၁၉ ဘီလီယံအထိ သုံးစွဲရန် လျာထားလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်၏ ငါးဆနီးပါးအထိ တိုးမြှင့်သုံးစွဲလျက်ရှိသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုသို့ ပညာရေးအသုံးစရိတ်များ တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ပြီး သုံးစွဲနေခြင်းသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သလို ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းထွက်မှုနှုန်းလျော့ပါးရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေး၊ အတန်းလိုက်သင်ယူ ပြီးမြောက်မှုနှုန်းမြင့်မားပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်ပြီး **ပညာပြည့်ဝ နှလုံးလှသော** နိုင်ငံ့သားကောင်းလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်အတွက် စေတနာသန်သန်၊ ရည်ရွယ်ချက်မြင့်မြင့်၊ မျှော်လင့်ချက်ကြီးကြီးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့်ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်ကို မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ သို့မှသာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိလာမည်ဖြစ်ပြီး ကျောင်းနေမြဲကာ အတန်းလိုက် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့မရောက်ရှိဘဲ ကျောင်းနှင့်ကင်းကွာနေသူများ ရှိနိုင်ပါသည်။ ထိုကလေးများကိုလည်း ကျောင်းသို့ရောက်ရှိပြီး အခြေခံပညာ ပြီးမြောက်သည်အထိ သင်ယူခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်လမ်းဖွင့်ပေးရမည်ဖြစ်ပါသည်။ ထိုကလေးမျိုးသည်ကားရေကြည်ရာ မြက်နုရာသို့ သွားရောက်လုပ်ကိုင်နေကြရသော ရွှေ့ပြောင်းအလုပ်သမားမိဘများ၏ သားသမီးများလည်း ဖြစ်နိုင်ပါသည်။ စာရင်းကောက်ယူစဉ်က ကျန်ရစ်ခဲ့သူများလည်း ဖြစ်နိုင်ပါသည်။ မိသားစုစားဝတ်နေရေးခက်ခဲသူများလည်း ဖြစ်နိုင်ပါသည်။ ထိုကလေးမျိုးကိုလည်း တစ်ယောက်တလေ မကျန်စေရအောင် ကောက်သင်းကောက်ယူ၍ ကျောင်းသို့ရောက်ပြီး အခြေခံပညာပြီးမြောက်သည်အထိ သင်ယူခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုကလေးမျိုးအတွက်သာမက ကလေးအားလုံးအတွက်ပါ ရည်မှန်းလျက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အတန်းလိုက်သင်ယူပြီးမြောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံက အင်နှင့်အားနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ယနေ့ကာလ အခါသမယတွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့်သူများ၊ ဆော်ဩလှုံ့ဆော်ပေးရမည့်သူများမှာ အဓိကအားဖြင့် ဒေသခံတို့ဖြစ်ကြပါသည်။ ဒေသခံတို့ကသာလျှင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေသည် မနေသည်ကို အမှန်တကယ် သိရှိနိုင်သောကြောင့်ဖြစ်ပါသည်။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေခွင့်ရရှိအောင် သင်ယူမှုအခွင့်အလမ်းတိုးမြှင့်ဆောင်ရွက်ပေးခြင်းအားဖြင့် လူတိုင်းစာတတ်မြောက်မည်ဖြစ်ပြီး အခြေခံစာတတ်မြောက်မှုကြောင့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံများကို ဆက်လက်လေ့လာဆည်းပူးလာနိုင်မည်ဖြစ်ပါသည်။ ထိုအခါ ပညာကို အခြေခံသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ဘဝကိုတည်ဆောက်နိုင်မည်ဖြစ်ပြီး လက်ရှိလူနေမှုဘဝမှ အဆင့်ဆင့်တိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ လူတစ်ဦးချင်းစီ၏ လူနေမှုဘဝအဆင့်ဆင့် တိုးတက်မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းသည်လည်း တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

နိမ့်ကျသည့် လူနေမှုအဆင့်အတန်းမှ မြင့်မားသည့် လူနေမှုအဆင့်အတန်းသို့ ကူးပြောင်းနိုင်ဖို့ ဆိုရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိက အကြောင်းရင်းဖြစ်သည်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်သည် အဓိကလုပ်ငန်းစဉ်ဖြစ်ပြီး ပဓာနကျသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသောကြောင့် လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်လျက်ရှိသည့် ယနေ့ကာလတွင် ပညာရေးအတွက် လူတိုင်းက တက်ညီလက်ညီ အင်တိုက်အားတိုက် ဘက်စုံထောင့်စုံက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေတော့အံ့။ ။

**နိမ့်ကျသည့် လူနေမှုအဆင့်အတန်းမှ မြင့်မားသည့် လူနေမှုအဆင့်အတန်းသို့ ကူးပြောင်းနိုင်ဖို့ဆိုရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကအကြောင်းရင်းဖြစ်သည်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်သည် အဓိကလုပ်ငန်းစဉ်ဖြစ်။**

---

နေပြည်တော်ကောင်စီနယ်မြေ

## တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇွန် ၂၀**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့သည့် တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၅ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်သား၊ သမီး ၁၂ ဦးအနက် ဂုဏ်ထူး မပါအောင်မြင်သူ ရှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးအတွက် ငွေကျပ် ၆၀၀၀၀၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးအတွက် ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအနက် မူလတန်း ၉၅ ဦးနှင့် အလယ်တန်း/ အထက်တန်း ၁၁၃ ဦးစုစုပေါင်း ၂၀၈ ဦးတို့အတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံ (ဖြူ/စိမ်း) တစ်စုံစီ၊ ဗလာစာအုပ် တစ်ဒါဇင်စီ၊ ကျောင်းသုံးစာရေးကိရိယာ အစုံ တစ်စုံစီစုစုပေါင်း တန်ဖိုး ငွေကျပ် ၁၅၀၈၇၅၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။ အခမ်းအနားသို့တပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

---

ပဲခူးတိုင်းဒေသကြီး

## သာယာဝတီခရိုင်နှင့် မြို့နယ်ဥပဒေရုံး အရာထမ်းနှင့် အမှုထမ်းအိမ်ရာများ ဖွင့်ပွဲကျင်းပ

**သာယာဝတီ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် မြို့နယ်ဥပဒေရုံး အရာထမ်းနှင့်အမှုထမ်းအိမ်ရာများဖွင့်ပွဲကို ဇွန် ၁၈ ရက် နံနက်က သာယာဝတီမြို့ ရာပြည့်လမ်းအဆိုပါရုံးသစ်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဉာဏ်ဝင်းက ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က ဥပဒေရုံးများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရခြင်း၊ ခရိုင်အတွင်းရှိ ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သာယာကြယ်စင်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်လွယ်လွယ်ဝင်းက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား သာယာဝတီခရိုင်ဥပဒေအရာရှိ ဦးဌေးအောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယခုဖွင့်လှစ်သည့် ရုံးအဆောက်အအုံသစ်မှာ အလျား ပေ ၇၀ × အနံ ပေ ၃၀၊ နှစ်ထပ် RC ဖြစ်ပြီး အရာရှိအိမ်ရာမှာ အလျား ၄၉ ပေ× အနံ ၃၉ ပေ တစ်ထပ် RC အမျိုးအစား၊ အရာထမ်းအိမ်ရာမှာ အလျား ၁၀၂ ပေ× အနံ ၂၆ ပေ လေးခန်းတွဲတစ်ထပ် RC အမျိုးအစားနှင့် ဝန်ထမ်းအိမ်ရာမှာ အလျား ၂၄ ပေ×အနံ ၁၂ ပေ နှစ်ခန်းတွဲ နှစ်ထပ် RC အမျိုးအစားဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**